www.burmeseclassic.com

ငိုမိုးစာပေ

(လုံးချင်းဝတ္ထုသစ်)

# ဆုအဥ္ဇလီ

မေတ္တာစစ်သည်



Lလင်း

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၆၉၂၀၇၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၉၆၀၇၁၀ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ၊<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃
ဆုအဥ္ဇလီ
မေတ္တာစစ်သည်/ဆုအဥ္ဇလီ၊ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မေတ္တာစစ်သည်



## အခန်း (၁)

မုန်တိုင်းက လှပသော မေ့မျက်နှာလေးကို ဝမ်းနည်းကြေကွဲစွာ စိုက်ကြည့်နေမိသည်။ မေ့မျက်ဝန်းတောက်တောက်တွေက ဘဝအတွက် ကြိုးစားချင်တဲ့ အားမာန်အပြည့်။ မုန်တိုင်းအစွဲကြီးစွဲခဲ့ရသော မေ့နှုတ်ခမ်းပါးတွေက အခုတော့ မုန်တိုင်းရင်ကို ထိုးစိုက်တော့မည့် ဓားဦးချွန်လို။

မှုံးမြတ်မေဆိုသော ချစ်သူဟာ အလွန်ဂရုဏာထက်မြက်သော မိန်းမတစ်ယောက်။ ဘဝကို မြင့်မားစွာ တည်ဆောက်ချင်သော မိန်းကလေး။ မုန်တိုင်းကတော့ ဝါသနာတစ်ခုကို အရင်းပြုပြီး ရပ်တည်ရှင်သန်ချင်တဲ့လူလေ။

"မေပြောတာကို နားလည်ပါတယ်နော် တိုင်း"

www.burmeseclassic.com



"သုံးနှစ်ကြီးတောင်ဆိုတော့ မေရယ်"

မှူးမြတ်မေက ဆတ်ခနဲ လှည့်ကြည့်သည်။ အဲဒီမျက်ဝန်း စူးစူးတွေအောက်မှာ မုန်တိုင်း ပြောချင်သော စကားတွေက အရည် ပျော်သွားသည်။ မုန်တိုင်းဆိုသောသူက မှူးမြတ်မေရဲ့ ရာဇသံမပြော နဲ့ အကြည့်လေးတစ်ချက်တောင် မတော်လှန်နိုင်သူလေ။

"သုံးနှစ်ဆိုတာ ဘာမှမကြာပါဘူး တိုင်းရယ်၊ ကြိုးစား ချင်တဲ့သူအတွက်ဆိုရင် ပြောတာပါ"

မေ့ မျက်လုံးအကြည့်တွေက စူးစူးလက်လက်။ မုန်တိုင်း ရင်ထဲ မျက်ခနဲဖြစ်သွားသည်။ ကိုယ်ကပဲ ကြိုးစားချင်တဲ့လူ မဟုတ် သလိုလို။ ဘွဲ့တစ်ခုရတာချင်းအတူတူ မေက ကုမ္ပဏီတစ်ခုမှ အရေးပါအရာရောက်တဲ့လူ ဖြစ်နေပြီ။ မုန်တိုင်းက ဘာမှမဖြစ်သေး သော ယောင်ခြောက်ဆယ်။

မှူးမြတ်မေကတော့ ဆယ်တန်းကို ထူးချွန်စွာအောင်သည်။ ဂုဏ်ထူးသုံးခုနှင့်။ အောင်ပြီးတာနှင့် Guide ပြန်လုပ်သည်။ ထိုက ရသောငွေနှင့် LCCI တက်သည်။ မုန်တိုင်းကတော့ ယောင်ခြောက် ဆယ်ဘဝနှင့် ချစ်ရေးဆိုတာ အနားမှမခွာခဲ့။ မေ အဖြေပြန်ပေး



သောအချိန်က LCCI Level III ရောက်နေသောအချိန်မှ။ မေ့မှာက နေမအား ညမအား။ အဖြေပေးတာတောင် ဖုန်းထဲကနေ။

"မေ မအားဘူး တိုင်း၊ အဲဒါကြောင့် လူချင်းမတွေ့နိုင် ဘူး၊ တိုင်းကို မေ ချစ်တယ်"

ဟူ၍သာ။ ချစ်သူဖြစ်ပြီးသော်လည်း အများတကာစုံတွဲ တွေလို ကြည်နူးစရာမကောင်းခဲ့။ မေ ကုမ္ပဏီအလုပ်တွေ၊ သင်တန်းတွေနှင့် မအား။ တစ်ခါတစ်ခါ တွေ့ဖို့တောင် အနိုင်နိုင်။ အခု ကုမ္ပဏီကလွှတ်သော ပညာတော်သင်သွားရမည်။ နိုင်ငံခြား သို့။

"တိုင်း"

ခေါ်သံကြောင့် မုန်တိုင်း အတွေးစတွေ ပြတ်သွားရသည်။

"စကားမပြောတော့ဘူးလား"

"ဟင့်အင်း...စဉ်းစားနေတာပါ"

"ဘဝဆိုတာ စဉ်းစားရင်း အချိန်ကုန်ဖို့မဟုတ်ဘူး၊ ဘဝ မှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးလုပ်ရင် အောင်မြင် လာမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ ဖြစ်ချင်တာကို အရင်ဖြစ်အောင်လုပ်မယ် မေ"

ဒီတစ်ခါတော့ မုန်တိုင်းက အခိုင်အမာ ပြောခြင်းပါ။ မုန်တိုင်း ခံယူချက်က တစ်မျိုး။ လူ့သက်တမ်းတိုတိုလေးမှာ ဖြစ်ချင်တာကို အရင်ဦးစားပေးရမည်။ ဒါမှပဲ လူဖြစ်ရကျိုးနပ်မည်။

"ဘာလဲ...ဒီဇိုင်နာလား"

မေ့ထံမှ ခပ်လှောင်လှောင်ရယ်သံ ထွက်လာသည်။

သူ မဖြေ။ စိတ်ထဲကတော့ မုန်တိုင်း အသံတိတ်ထောက်ခံမိသည်။

"စိတ်ကူးယဉ်မနေစမ်းပါနဲ့ဟာ၊ ဒီခေတ်မှာ ဒီဇိုင်နာတွေက မှိုလိုပေါက်နေတာ၊ အဲဒီထဲမှာဝင်ပြီး ကျုံ့ခဲ့ဖို့ဆိုတာ ဘယ်နိုင်ငံမှာ ဘယ်နနှစ်၊ ဘာကျောင်းသွားတက်ခဲ့ပါတယ်ဆိုတဲ့ လက်မှတ်တွေရှိရမယ်၊ ကမ္ဘာ့ခြေလှမ်းတွေကို အဆက်မပြတ်သိဖို့ အင်တာနက်တွေ ကြည့်ရမယ်၊ စလောင်းနဲ့ လေ့လာရမယ်၊ ကိုယ့်ဘဝကိုယ်သိမှ အရာရာကို လက်တွေ့ကျကျ စဉ်းစားနိုင်မှာမဟုတ်လား"

မုန်တိုင်းရင်ထဲ ဒုတိယအကြိမ် အောင့်သွား၏။ ဒီတစ်ကြိမ်



အောင့်တာက တကယ်ဆိုးရွားစွာပင်။ အသက်တောင် ရှူမရ။ နိုင်ငံခြားမသွားနိုင်လို့ စလောင်းတွေ၊ အင်တာနက်တွေမရှိလို့ ဒီဇိုင်နာ မဖြစ်နိုင်တော့ဘူးလား။

ပြီးတော့ စိတ်ကူးယဉ်ခြင်းဆိုတာရော ကကယ့်လက်တွေ့ရဲ့ အုတ်မြစ်ချခြင်းမဟုတ်ပေဘူးလား။ မုန်တိုင်း ဒါတွေရင်ဖွင့်ပြီး မပြောတော့။ မေရဲ့နှုတ်ခမ်းပါးမှ စကားကြွယ်ခြင်းအား မုန်တိုင်း လိုက်မမှီခဲ့တာ။

ဒီလိုနှင့် မေ သွားရမည့်နေ့သို့ ရောက်ပြီ။

"ကိုယ် မေ့ကို လေဆိပ်အထိ လိုက်"

သူ့စကားမဆုံးလိုက်ရ။

"မေ့အတွက် ဒုက္ခမခံပါနဲ့၊ ဟိုမှာ မေ့ကုမ္ပဏီကလူတွေ လာကြမှာ၊ တိုင်းတစ်ယောက်တည်း ငေါင်စင်းစင်းဖြစ်နေလိမ့်မယ်"

ကိုယ်တို့က ချစ်သူတွေဆိုတဲ့ စကားမျိုး မုန်တိုင်း ပြောမထွက်။ ပြောရင် စိတ်ကူးယဉ်ဆန်တယ် ဖြစ်ဦးမည်။

"ဒါဆိုလည်း ကိုယ် တစ်ခါတည်း နှုတ်ဆက်လိုက်တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



မေ့မျက်နှာကို တဝကြီး ကြည့်ပြီး ရင်ထဲက ချစ်တဲ့ အကြောင်းတွေ ဖွင့်ကာ ပြောပြချင်ပါသည်။ ဒါပေမယ့် အလုပ်နှင့် လက် မပြတ်အောင် လုပ်နေရသော မေက မုန်တိုင်းကို မျက်လုံး ချင်းဆုံခွင့်ပင်မပေး။

"ကြိုးစားထားနော် တိုင်း၊ သုံးနှစ်အတွင်း ဘာမှမဖြစ် မြောက်ထားရင်တော့ မေနဲ့တိုင်း ဝေးသထက်ဝေးမှာပဲ"

မေ့သတိပေးစကားက မုန်တိုင်းရင်ထဲ စူးနင့်စွာ ထိုးဖောက် သွား၏။ ဒါဟာ ချစ်သူ အားပေးစကားလား။ အမိန့်လား။ မင်းကို ကိုယ်ချစ်တယ် မေ။ ချစ်လို့ ကိုယ် ကြိုးစားမှာပါ မေ။ မဖြစ်ဖြစ် တဲ့နည်းနဲ့ ကြိုးစားမှာပါ။

တစ်ခုတော့ ကြိုတင်တောင်းပန်ထားပါရစေ။ ကိုယ့်အချစ် ကိုတော့ ပြက်ရယ်တော့ မပြုလိုက်ပါနဲ့။

◆ ◆ ◆



## အခန်း (၂)

"မင်းဟာက မဟုတ်သေးဘူးနော် ကိုင်း"

ညီလေးက ဝေဖန်သည်။ ကောင်းမွန်ကတော့ ဆရာကြီး စတိုင်လ် ခေါင်းတယမ်းယမ်းနှင့်ရှိကာ...

"မှူးမြတ်မေက သိပ်ကိုတင်စီးလွန်းတယ်ကွာ၊ အဲဒါ မင်းအသုံးမကျလို့၊ မင်း အလျှော့ပေးလွန်းလို့ ဒီလိုဖြစ်နေတာ"

"မေက အဲဒီလိုတော့ မဟုတ်ပါဘူးကွာ၊ သူ့မှာ ဖြစ်ချင် တဲ့ဆန္ဒတွေက အရမ်းများတဲ့သဘောပါ"

မုန်တိုင်းအသံက မဝံ့မရဲ။ မေ့ဘက်က ကာကွယ်ချင်စိတ် က ခပ်များများ။ ဒါဟာ မေ့အပေါ်ချစ်သော မုန်တိုင်းအချစ်ကို သက်သေပြတာဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူကို လေဆိပ်လိုက်မပို့ရဘူးဆိုထဲက တစ်ပိုင်းတည်း ကြည့်တာပဲ မဟုတ်လား"

ညီလေးက အားမနာတမ်း ဝေဖန်သည်။ သူတို့သုံးယောက်ကြားမှာ တကယ်တော့ အားနာခြင်းတွေ၊ ငဲ့ကွက်ခြင်းတွေ မရှိ။ မြင်တဲ့အတိုင်း၊ သိတဲ့အတိုင်း ဝေဖန်ခွင့်ရှိသည်။ သူတို့ဟာ အတွင်းသိအစင်းသိ ငယ်သူငယ်ချင်းတွေ။

ပြီးတော့ စည်းစိမ်ဥစ္စာ ချို့တဲ့ခြင်းကတော့ သုံးယောက်စလုံး အတူတူ။ ထိုထဲမှာမှ မုန်တိုင်းက အဆိုးဆုံး။ ငယ်ငယ်ကတည်းက မိခင်မေတ္တာ မခံစားခဲ့ရ။ မိခင်ဆုံးသွားသောအချိန်မှာ ဖခင်က နောက်အိမ်ထောင်ပြုသည်။

ထို့ကြောင့် မုန်တိုင်းဘဝ တစ်စိတ်တစ်ပိုင်းသည် မိထွေးနှင့်သာ ကုန်ဆုံးရသည်။ မိထွေးနှင့်သား ပဋိပက္ခများ၏ ထင်းအဖြစ်များကြောင့် မုန်တိုင်းက မေတ္တာစစ်ကို မျှော်ကိုးသည်။ မေ့ထံက မေတ္တာစစ်ကို ရလိမ့်မည်ဟု ထင်ခဲ့သည်။ တကယ့်လက်တွေ့မှာ မုန်တိုင်းစိတ်တွေက ထင်သလိုဖြစ်မလာ။

"မေက ငါ့ကို တိုးတက်စေချင်လို့ မခံချင်အောင်



တွန်းအားပေးသွားတာ နေမှာပါ"

"အေး...မင်း အဲဒီလိုပဲလျှော့တွက်၊ နောက် ယူပြီးတဲ့အချိန်ကျရင် လူစကားတောင် ပြောတတ်တော့မှာ မဟုတ်ဘူး၊ ဝမ်းဘဲပဲ အော်နေရမှာ"

နှိပ်ကွပ်သူက ကောင်းမွန်။

"မင်းစဉ်းစားကွ၊ သုံးနှစ်ဆိုတဲ့အချိန်က တိုတိုလေးနော်၊ ဟိုလှည့်ဒီလှည့်နဲ့ ပြီးသွားမှာ သူပြန်လာတဲ့အချိန်မှာ ဘဝတစ်ခုအခြေတကျဖြစ်ဖို့ဆိုတာ သိပ်မလွယ်ဘူး၊ ပြီးတော့ ငါတို့မှာ ဒါမရှိဘူး"

ညီလေးက လက်မနှင့်လက်ညှိုး ထိစပ်ပွတ်ပြရင်းဆိုသည်။

"အေးကွ...လုပ်ငန်းတစ်ခုမှာ အဲဒါက အရေးအကြီးဆုံးပဲ"

ကောင်းမွန်ကလည်း အခုမှစဉ်းစားရင်း အတွေးပေါက်သလိုပြောသည်။

"ပြီးတော့ မင်းဝါသနာပါတာကို လုပ်မှာဆို၊ အခု နာမည်ကြီး ဒီဇိုင်နာသင်တန်းကြေးကပဲ သိန်းချီနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး…ငါလည်း ကြားဖူးတယ်ကွာ၊ တခြားအလုပ်တစ်ခုခုလုပ်ပြီး သင်တန်းကြေးစုမယ်ဆိုတော့လည်း"

"မဖြစ်ပါဘူးကွာ၊ မင်းမိထွေးက အိမ်အလုပ်တွေကူမလုပ်ပေးဘဲ အလုပ်ထွက်လုပ်ရတဲ့ငွေ မပေးရင် ဘယ်ထမင်းကျွေးတော့မလဲ"

ညီလေးက မုန့်တိုင်းဘဝ၏ အဖြေအမှန်ကို သိသူ။ ထို့ကြောင့် ခန့်မှန်းပြသည်။

"တခြားနည်းလမ်းရော"

"အေး…နည်းလမ်းတစ်ခုတော့ရှိတယ် ကောင်းမွန်"

"ဘာလဲ ညီလေး၊ ပြော"

မုန့်တိုင်းလေသံက အားတက်သရော။ ညီလေးက ချက်ချင်းမဖြေ။ မုန့်တိုင်းကို စေ့စေ့ကြည့်ပြီး ခေါင်းယမ်းသည်။

"ဟာ…ဒီကောင် ဘာအထာလဲကွ"

ကောင်းမွန်က ထအော်သည်။

"မင်းကောင်က မာနမင်းသား"

"ပြောစရာရှိတာ ပြောစမ်းပါကွ၊ မင်းကလည်း"



"မင်း ရည်းစားတစ်ယောက်ထားလိုက်"

"ကျွတ်…ငွေမရှိပါဘူးဆိုမှ ငွေကုန်မယ့်နည်းလမ်းလာပေးနေပြန်ပြီ"

မုန့်တိုင်းအသံက စိတ်ပျက်လက်ပျက်။

"မဟုတ်ဘူး…ငါပေးမယ့်နည်းက ငွေရမယ့်နည်း"

ကောင်းမွန်ရော မုန့်တိုင်းပါ ညီလေးကို နားမလည်သလိုကြည့်သည်။

"ဘာလဲ"

"သူဌေးသမီးကို ရည်းစားတော်ဖို့"

"မင်း သူဌေးသမီးက ငါတို့လို ငမွဲကို ကြိုက်မလားဟ စဉ်းစား"

"မင်းကိုတော့ ဘယ်ကြိုက်မလဲကွ၊ ဒီကောင် မုန့်တိုင်းရုပ်ရည်နဲ့ဆိုရတယ်၊ ဒီကောင်က အသန့်စား၊ အလန်းလေး"

"ဟား…ဟား မင်းပြောတာနဲ့ ငါ ဘဝင်လေဟပ်ပြီ"

မုန့်တိုင်းက ထရယ်ရင်း အော်သည်၊ ညီလေးရဲ့အကြံဉာဏ်က မုန့်တိုင်းကို ပိုအာရုံနှောက်စေသည့်အတွက်ဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးပြောတာ မှန်တယ်ကွ မုန့်တိုင်း၊ ငါတို့အုပ်စုထဲမှာ ခင်းရှပ်က အပွင့်ဆုံးပဲ၊ အဆက်အသွယ်ကောင်းရင် မင်းသားတောင် ဖြစ်နိုင်တဲ့ရုပ်မျိုး"

"တော်စမ်းပါကွာ၊ ဟန်ဆောင်တာ ဝါသနာမပါဘူးကွ၊ ပြီးတော့ ငါက ခံစားချက်ကို မျက်နှာပေါ်မပေါ်အောင် အကြာကြီး မထိန်းထားနိုင်ဘူး"

"သဏ္ဍာန်လုပ် သရုပ်တူလေကွာ"

"သွားစမ်းပါကွာ၊ စိတ်ညစ်ရတဲ့အထဲ"

"မုန့်တိုင်း၊ ငါပြောတာ နားထောင်ဦးကွ"

ညီလေးက ထအော်သည်။

"ဘာလဲ…မဟုတ်တာတွေ ဘာမှထပ်မပြောနဲ့"

မုန့်တိုင်း၏ မှုန်နေသောမျက်နှာက မကြည်။ ဘဝအဆင်မပြေမှုတွေကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ကြိုးစားရုန်းကန်မည်ဆိုသော ရည်ရွယ်ချက်ရှိပေမယ့် အခုချိန်မှာတော့ သုံးနှစ်အတွင်းမှာ သိပ်ချမ်းသာချင်လာသည်။

ဒါကလည်း မေဆိုသည့် ချစ်ရသူကြောင့်ဖြစ်သည်။



"ဟော့ကောင်တွေ…ထောင်တန်တဲ့စကားနော်၊ တစ်ဘဝလုံးနဲ့ဆိုင်တာ၊ သေချာနားထောင်၊ သုံးနှစ်အတွင်း မုန့်တိုင်း ဖြစ်ချင်တာလည်း လုပ်ရမယ်၊ အရင်းအနှီးလည်းရမယ်၊ အဲဒီအတွက် မင်း သူဌေးသမီးတစ်ယောက်ကို ရည်းစားထားရမယ်"

"ဘာကွ"

"မင်းက ငါ့ကို ယောက်ျားပိုင်းလုံး လုပ်ခိုင်းတာလား"

မုန့်တိုင်းအသံက မာထန်စွာ ထွက်လာ၏။ ပြီးမှ မဲ့ပြုံးတစ်ချက်ဖြင့် ခေါင်းယမ်းရင်း…

"ငါ လူဆင်းရဲတာပဲ ခံမယ်၊ စာရိတ္တအခေါင်းရဲမခံဘူးကွ နားလည်လား၊ လျှာမြွက်ပေါက်ပလေ့စေ"

"မဟုတ်သေးဘူးလေကွာ၊ ငါပြောချင်တာက"

ညီလေးအသံက လျှော့တိလျှော့ဖတ်။ မုန့်တိုင်း ဝုန်းခနဲ ထရပ်ပြီး…

"ဒီမှာ ညီလေး၊ မင်းနေရာမှာ တခြားလူသာဆိုရင် ငါ ဆွဲပြီးသွားပြီ"

ပြောပြီး ပြန်ရန်ဟန်ပြင်သည်။ ဒါပေမယ့် မုန့်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းမလှမ်းလိုက်ရ။ ကောင်းမွန်က မုန့်တိုင်း လက်ကောက်ဝတ်ကို ဖမ်းဆွဲထားပြီး…

“ဟိတ်ကောင် မုန့်တိုင်း၊ စကားကို ဆုံးတဲ့အထိ နားထောင်ပါဦးကွ၊ ဒီကောင့်မှာက အကြံတစ်ခုခုရှိမှာပေါ့၊ မင်းစိတ်ကို ငါတို့မသိတဲ့လူတွေမှ မဟုတ်တာ”

“သိသိကြီးနဲ့ အခုပြောလာပြီလေ၊ ယောက်ျားပိုင်းလုံးလုပ်ဖို့”

မုန့်တိုင်းအသံက ဒေါသသံဖြစ်နေသည်။ ညီလေးက လက်ကာပြီး သူ့စကားကို တားမြစ်၏။

“မဟုတ်ဘူး မုန့်တိုင်း၊ ငါပြောချင်တာက ခဏအသုံးချဖို့ပဲ ပြောချင်တာ၊ မင်းအလုပ်က တစ်နေ့မှာ တကယ်အောင်မြင်ရမယ်လို့ ယုံကြည်ရင် အကြွေးမှတ်ထားပြီး ပြန်ဆပ်လိုက်ပေါ့”

“အကြွေး”

အံ့အားသင့်သလို သူ ရေရွတ်သည်။ မုန့်တိုင်းဘဝ၌ မကြားဘူးသော စကားအထူးအဆန်းတွေကို သူကြားနေရပြီ။ မိန်းမတစ်ယောက်ဆီက အဲလိုယူပြီး ပြန်ဆပ်၍ ရပါသလား။



“အေးလေကွာ…ချေးတဲ့သဘောပေါ့၊ အတိုးအနေနဲ့ကတော့ မင်းက ခဏ သူ့ရည်းစားအဖြစ် ဟန်ဆောင်ပေးလိုက်”

“အစီအစဉ်မရှိတာကွာ”

“မင်းရဲ့မေအတွက် အစီအစဉ်ရှိတယ်မဟုတ်လား မုန့်တိုင်း၊ သုံးနှစ်အတွင်းမှာ မင်း တစ်ခုခုဖြစ်ဖို့ လိုတယ်မဟုတ်လား”

“ညီလေးပြောတာ မှန်တယ် မုန့်တိုင်း၊ မင်း မျှော်မြင်တာမနေနိုင်ဖို့ ဒီလောက်တော့ ရင်းရမှာပေါ့”

တစ်ချိန်လုံး ငြိမ်နေသော ကောင်းမွန်ကပါ ဝင်ပြောသည်။ နှစ်မဲတစ်မဲ။ မုန့်တိုင်း အနည်းငယ် တွေဝေသွား၏။ တခြားနည်းလမ်းတစ်ခုခုတော့ သူ စဉ်းစားချင်သေးသည်။ ဒါပေမယ့် ခေါင်းထဲမှာ ဘာမှပေါ်မလာတာ ခက်၏။

“အလကားယူရမှာမှ မဟုတ်တာ၊ မင်းလုပ်ငန်းဖြစ်သွားခဲ့ရင် သူ့ဆီက မင်းယူထားတဲ့ အကြွေးကို မင်းပြန်ဆပ်မှာပဲလေ၊ မင်းမှာ ရစရာအကျိုးအမြတ် နှစ်ခုရှိတယ်၊ မချစ်ဘဲ ချစ်ဟန်ဆောင်ရတဲ့ မိန်းကလေးလက်ကလွတ်ဖို့ မင်းလုပ်ငန်းကို အင်တိုက်အား

www.burmeseclassic.com

www.burmeseclassic.com



တိုက် ကြိုးပမ်းမှာပဲ၊ ဒီမှာတင် မင်းလုပ်ငန်း အောင်မြင်ဖို့ နီးလာပြီ၊ နှစ်အချက်အနေနဲ့ မှူးမြတ်မေ ပြန်မလာသေးတဲ့ သုံးနှစ်အတွင်း မင်းမှာ ကန့်သတ်ပြီးသားဖြစ်သွားပြီ၊ ဒီတော့ မင်းလုပ်ငန်းဟာ သုံးနှစ်အတွင်းမှာ အောင်မြင်ပြီးသလောက် ဖြစ်ရမယ်''

''အေး…ငါလည်းသဘောတူတယ်''

''မဖြစ်ပါဘူးကွာ၊ မင်းတို့ဟာက အပေါ်ယံစကားအလှတွေ သုံးထားပေမယ့် အဓိပ္ပာယ်က တစ်ခုထဲပဲ၊ ငါ ယောကျ်ားပိုင်းလုံး အဖြစ်မခံနိုင်ဘူး''

''မင်းရဲ့မေအတွက်နော် မုန်တိုင်း''

''မင်း…မှူးမြတ်မေကို အဆုံးရှုံးခံနိုင်လို့လား''

မုန်တိုင်း မေ့ကို အဆုံးရှုံးမခံနိုင်ပါ။

''ဒါပေမယ့်''

''စိတ်ချပါ၊ မင်းဒုက္ခရောက်အောင် ငါတို့ ဘယ်တော့မှ မလုပ်ဘူး မုန်တိုင်း''

စကားက ပြတ်သွား၏။ သူငယ်ချင်းသုံးယောက် တစ်ယောက်မျက်နှာကို တစ်ယောက် စေ့စေ့ကြည့်လိုက်မိကြသည်။



သုံးနှစ်အတွင်း သူ့ဘက်က တစ်ခုခုဖြစ်အောင် လုပ်ပြမှရမည်။

ဒါမှ မေက မုန်တိုင်းကိုအထင်ကြီးမည်။ သူဘာလုပ်ရမည်နည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မိဘနှစ်ပါးက အသက်ကြီးကြီး။

လုပ်ငန်းများစွာကို ပိုင်ဆိုင်ကြသော လုပ်ငန်းရှင်တို့၏ တစ်ဦးတည်းသောသမီးတွေကိုချည်း စကာတင်ရွေးထုတ်ထားကြသည်။

သူတို့လိုချင်သော စံမှီအရည်အသွေးတွေနှင့် မိဘမရှိ တစ်ကောင်ကြွက်၊ ဒါမှ ထိန်းသိမ်းသူကင်းလွတ်ပြီး မုန်တိုင်းစိတ်တိုင်းကျဖြစ်မှာကိုး။

သိပ်ပြီး မလည်ဝယ်ရ၊ နုံလေကောင်းလေ။ ရုပ်ရည်မချောလည်းနေ၊ အဓိကက မုန်တိုင်း၏ ချောမောသော ရုပ်ရည်ကို တသသစွဲလမ်းနေရန်ဖြစ်သည်။ အရေးအကြီးဆုံးကတော့ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



၆။

ကျိုးကျိုးတက်ချမ်းသာဖို့ အရေးကြီးပါ၏။ သူဌေးသမီးတွေ သွားတတ်သောနေရာတွေ သူတို့ ခြေရာချင်းထပ်သည်။ စုံစမ်း၏။ လွယ်တော့မလွယ်လှ။ ဒါပေမယ့် စကာတင်ခြောက်ယောက်ကို တွေ့ပြီးမှ စိတ်တိုင်းအကျဆုံးတစ်ယောက်ကို တွေ့ပြီ။

"ငါတော့ စကာတင်ခြောက်ယောက်ကို ဖယ်လိုက်ပြီ"

မုန့်တိုင်း ဘာမှမပြော။ ညီလေးနှင့် ကောင်းမွန်မျက်နှာကိုသာ တစ်ခါမှ မမြင်ဖူးသလို စိုက်ကြည့်သည်။

ကောင်းမွန်နှင့် ညီလေးက အေးစက်စက်မျက်နှာနှင့် မာကျောခက်ထန်စွာ သူတို့နှင့်အတူရှိနေသော မုန့်တိုင်းကို ဂရုမစိုက်။ သူတို့ပြောစရာရှိတာကို ဆက်ပြောသည်။

"ခြောက်ယောက်ထဲက တစ်ယောက်မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အခုဟာ တခြားတစ်ယောက်"

ကောင်းမွန်စကားကို ညီလေးက တအံ့တဩ။

"ဘယ်သူလဲကွ၊ နောက်ကြောင်းရော ရှင်းရဲ့လား"

"ရှင်းတာမှ တစ်ယောက်တည်း"

[redacted]



ကောင်းမွန်မျက်နှာက ခပ်မော့မော့။

"ရုပ်လည်းချောတယ်၊ ပညာလည်းတတ်တယ်၊ ချမ်းသာတာ ကျိုးကျိုးတက်ပဲ၊ မိဘတွေမရှိဘူး၊ ဒါပေမယ့် ဒါမရှိဘူး"

ကောင်းမွန်က ခေါင်းကို လက်ညှိုးနဲ့ထိုးပြီး လက်ကို ခါအပြမှာ မုန့်တိုင်းရော ညီလေးပါ မျက်ခုံးတွန့်သွားသည်။

"ဟေ့ကောင်…မုန့်တိုင်းနဲ့ အရူးနဲ့မဖြစ်ဘူးနော်"

"ဟာ…မရူးပါဘူး၊ ဘယ်သူကရူးတယ် ပြောလို့လဲ"

ကောင်းမွန်က အသည်းအသန် ဝင်ဖြေသည်။

"ဒါဆို"

"စဉ်းစားဉာဏ်မရှိတာကို ပြောတာကွ"

"စဉ်းစားဉာဏ်မရှိဘူး"

"အေး…သူကာရိုက်တာကိုက အယုံလွယ်တယ်၊ အပျော်ကြိုက်တယ်၊ သူဌေးသမီးဆိုတော့ တစ်ခါမှတော့ စိတ်မညစ်ခံရဖူးသေးဘူး၊ ဒါပေမယ့် သူကာ နဂိုကတည်းက အပျော်မက်တဲ့ မိန်းကလေးမျိုး"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ပေါ့ မျက်ပျက်လေးပေါ့"

ညီလေးမျက်နှာက ပြုံးသွားသည်။ မေ့လို စနစ်တကျ စည်းကမ်းရှိတဲ့သူ၊ ဘဝအတွက် မျှော်လင့်ချက် ကြီးကြီးထားတဲ့သူနှင့် ဆုံခွင့်ရခဲ့လို့လားမသိ မုန့်တိုင်းက တော်တန်ရုံမိန်းကလေးဆို အထင်မကြီးတတ်တော့။

မုန့်တိုင်း မေ့ကိုချစ်မိသည့်အထဲမှာ မေ့ရဲ့ထက်မြက်မှုကို အထင်ကြီးတာလည်း ပါမည်ထင်သည်။

"သူက ကလေးဆန်တာပါကွ၊ မင်းကလည်း"

"ကဲ...ပြောပါဦး၊ ငါတို့က ဘယ်လိုချဉ်းကပ်ရမလဲဆိုတာ"

မုန့်တိုင်း မေးခြင်းမဟုတ်ပါ။ မုန့်တိုင်းကိုယ်စား ညီလေးက စိတ်ဝင်တစား အားတက်သရော မေးခြင်းဖြစ်ပါသည်။

"မုန့်တိုင်းအတွက်တော့ အားလုံး စီစဉ်ထားပြီးသား၊ ကောင်မလေးဝါသနာတိုင်း မုန့်တိုင်းက အသာလေးမျှောချသွားဖို့ပဲ လိုတာ"

"ငါတို့ပြောတဲ့အတိုင်းသာလုပ်၊ အားလုံးအဆင်ပြေတယ်"



"လုပ်ကွာ...မင်းကိုပဲ ငါတို့အားကိုးရမှာ ကောင်းမွန်"

ညီလေးနှင့် ကောင်းမွန်က သူတို့အစီအစဉ်နှင့်သူတို့ ဟုတ်နေသည်။ မုန့်တိုင်းမှာ ရွေးစရာလမ်းက မရှိ။ မေ့နင့်လည်း အဝေးမခံနိုင်။ မိန်းကလေးတစ်ယောက်ကို တကယ်မချစ်ဘဲ ငွေအတွက်တစ်ခုတည်းနဲ့ ချစ်သလိုဟန်ဆောင်ပြီး ကိုယ့်အတွက် လိုအပ်တဲ့ ငွေရအောင် မြူချူရသော ယောကျ်ားပိုင်းလုံးဘဝယောက် ရှုံ့ရှာစရာဘာမှမရှိ။

"မနက်ဖြန် ကောင်မလေးမှာ သင်တန်းရှိတယ်ကွ"

"ဘာသင်တန်းလဲ"

"ငွေရှိတဲ့သူတွေ ငွေဖြုန်းတဲ့သင်တန်းပေါ့၊ ရေကူးတာ၊ Summit Park View မှာ သူက member ဝင်ထားတာ"

"ဟား...အမြင့်စားပဲကွ ကောင်းမွန်ရ"

"အေး...သူ့စိတ်ကလည်း အမြင့်စားပဲ၊ မနက်ဖြန် ဟိုတယ်နဲ့ အနီးတစ်ဝိုက်မှာ သွားချောင်းကြတာပေါ့"

ကောင်းမွန်က စီစဉ်သည်။ ချောင်းတာတောင် သူတို့

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်က ဟိုတယ်နှင့် အနီးတစ်ဝိုက်တဲ့။ အထဲတောင် ဝင်ခွင့်မရှိတဲ့ဘဝ။ ကိုယ့်ဘဝကို နာကျင်စွာ ပြုံးလိုက်သည်။

"အဲဒီကောင်မလေးနာမည်ကရော ကောင်းမွန်"

ညီလေးစကားအဆုံးမှာ ကောင်းမွန်က တစ်ခွန်းချင်းဖြေသည်။

"ကြယ်...စင်...သု...တ...တဲ့"

◆ ◆ ◆

## အခန်း (၄)

ဘဝဆိုတာ ရေပွက်ပမာ။

အချိန်တိုတိုလေး ကိုယ်ရရှိထားသည့်ဘဝမှာ ကြယ်စင်သုတဆိုသည့် သူမက မိမိ၌ရှိသော ပျော်ရွှင်မှု၊ အေးချမ်းမှုတွေကို တစ်ကမ္ဘာလုံးရှိ လူများထံ မျှဝေလက်ကမ်းပေးချင်ပါ၏။

ကားက Cygnus အနက်ရောင်ကြီး။ ဟိုတယ်ရှေ့ ကားပါကင်မှာ ထိုးရပ်ပြီးတာနှင့် ဒရိုင်ဘာက ပျာပျာသလဲပြေးဆင်းတာ သူမဘက်ခြမ်းတံခါးကို ဖွင့်ပေးသည်။

စကတ်က ဒူးဖုံးရဲ့ အစိမ်းရောင် ဇာအထပ်လေးတွေ။ မီနပ်က ခြေသလုံးထက်ဝက်ခန့်ရှိ ကြိုးအလိမ်အမျှင်တွေနဲ့ အစိမ်းရောင် ဒေါက်ချွန်။ အင်္ကျီက အဖြူနှင့်အစိမ်း စပ်ထားသည့် အတွန့်

www.burmeseclassic.com

www.burmeseclassic.com



အဖတ်တွေ ကြိုးတွေနှင့်။

ဆံပင်က ရွှေစိမ်းရောင် အလိပ်ကြီးက ပခုံးပေါ် ဝေ့ဝဲကာ ကျ၏။ နှုတ်ခမ်းလေးက ဖူးရွနေသည်။ ပန်းဆီရောင်ဆိုးထားသဖြင့် သကြားလုံးလေးတစ်လုံးလို မျက်တောင်က ဆေးမကူတဲ့အကော့ စား။ နှာတံစင်းနေအောင်ပေါ်၍ မျက်လုံးလှသည်။ ကော်ပတ်ရုပ် လေးလို။

မေးစေ့က အချွန်လေးထွက်ကာ ကောက်ချိတ်နေတာက ဆွဲခါယမ်းချင်စရာ။ ဒါပေမယ့် မျက်နှာက တဆိတ်ကလေးဆန် လွန်းသည်။ ရင့်ကျက်မှုမရှိ။ သူမနောက်၌ ရွယ်တူမိန်းကလေး နှစ်ယောက်၊ တန်းစီဆင်းလာသည်။

"အဲဒါ သို့ရဲ့သက်တော်စောင့်လေ၊ သွားလေရာပါတယ်၊ သူ့အိမ်ထိန်းကြီးနဲ့ ဒရိုင်ဘာကြီးရဲ့ သမီးတွေ"

"ဟာ...သူဌေးသမီးတွေ အတိုင်းပါပဲလား"

ဒရိုင်ဘာသမီးလို့ မထင်ရအောင် ကျော့မော့လွန်းလှသည့် နောက်ပါနှစ်ယောက်ကို မှန်တိုင်း ငေးနေချိန်မှာ ညီလေးက အုံဩ စွာ ပါးစပ်အဟောင်းသား။



"အေး...သူက တစ်တန်းတည်းထားတာ၊ အဝတ်အစား ဆိုလည်း သူဝယ်ရင် သူတို့လည်းတစ်စုံ၊ ဖိနပ်ဆိုလည်း ဆင်တူ တစ်စုံ၊ အဲဒါမျိုးပေးတာကွ"

"ဘယ်လို သူဌေးသမီးပါလိမ့်"

စကားမဆုံးခင်ပဲ မှန်တိုင်းတို့ရပ်နေရာ နေရာသို့ ကြယ်စင် သုတတို့က ဖြတ်ကျော်သွားသည်။ တန်ဖိုးကြီး ရေမွှေးနံ့နှင့်အတူ စကားသံတို့က ဝေ့ခနဲ။

"မီတို့ကို Breakfast ကျွေးဦးနော် ကြယ်"

"အေးပါဟယ်...ကျွေးမှာပါ၊ ဘာစားချင်သလဲသာ စဉ်းစားထား"

"အင်း...မီက ခင်းဆမ်း"

"ယုကတော့ အီတာလျံအစားအစာ"

"အေးပါ၊ ရေကူးပြီးတာနဲ့ စားတာပေါ့၊ ပြီးရင် ဘာတွေ အဓိအစဉ်ဆက်မလဲဆိုတာ စဉ်းစားထား"

"Shopping....Shopping"

"အေး...မဆိုးဘူး၊ ကောင်းသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



တခြားလူပြောသမျှ ငြင်းဆန်ရန် အခြေအနေမရှိသော ကြယ်စင်သုတဆိုသည့် မိန်းမလှလေးကို မုန့်တိုင်း အံ့ဩသည်။

"ငါတို့အစီအစဉ်ထဲမှာ အဲဒီကလေးမလေးနှစ်ယောက် မပါဘူးနော်၊ သူတို့ကို ခွဲထုတ်ရမှာ"

ကောင်းမွန်က သူ့အစီအစဉ်ကို ပြောသည်။ မုန့်တိုင်းက အင်းအဲမလှုပ်။

"အေး…ကြယ်စင်သုတရဲ့ ဝါသနာပေါ်မှာလိုက်ပြီး ငါတို့ က လှုပ်ရှားမှာလေ"

"သူ့ဝါသနာက ဘာလဲ"

ညီလေးက မေးခြင်းဖြစ်သည်။

"ဈေးဝယ်ထွက်တာ"

မုန့်တိုင်း မျက်ခုံးအစုံ တွန့်ခနဲဖြစ်သွားသည်။

"အဲဒီတော့ မုန့်တိုင်းက ဘာလုပ်ရမှာလဲ၊ ဈေးရောင်းရ မှာလား"

"သွားစမ်းပါ၊ မုန့်တိုင်းက ဘာကိစ္စဈေးရောင်းရမှာလဲ"

ကောင်းမွန်က ဖွီခနဲလုပ်သည်။



"အဲဒီလောက် မညံ့စမ်းပါနဲ့ကွာ"

"အေးပါ ဈေးရောင်းရအောင်လည်း ငါတို့မှာ အရင်း အနှီးမှမရှိဘဲ"

"ဒါဆို မုန့်တိုင်း ဘာလုပ်ရမှာလဲ ညီလေးရ"

"သူသွားတတ်တဲ့ Shopping Centre အဝမှာ ကြော်ငြာလက်ကမ်းဝေရမယ်"

"ငါတို့မှာ ငွေမရှိဘူးနော် ကောင်းမွန်၊ ကြော်ငြာလက် ကမ်းတစ်ခုကို ဈေးဘယ်လောက်ရှိတယ်ထင်လဲ"

ကောင်းမွန်က မိန့်မိန့်ကြီးပြုံးသည်။

"ကြော်ငြာက တစ်စောင်တည်း၊ ဝေမှာက တစ်ယောက် တည်း"

"ဘာကြော်ငြာလဲ"

"ဗေဒင်ခန်းကြော်ငြာ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကော်ပြာလက်ကမ်းလေးက ဘာမှမထူးခြား။ ဒီလိုပဲ Shopping Mall တွေမှာ Beauty Saloon ကြော်ငြာ၊ ကျူရှင်ကြော်ငြာတွေဟာ ပလူပျံနေတတ်သည်။ ကြယ်တို့တစ်တွေကလည်း ကမ်းတဲ့ဟာယူလာ၊ တစ်နေရာကျရင် လုံးခြေလွှင့်ပစ်တတ်တာ အဆန်းမဟုတ်တော့။ ဒီကြော်ငြာကျမှ။

အကြောင်းရေက နည်းနည်းလေးရယ်။ ဒါပေမယ့် စာလုံးဖွဲ့စည်းပုံက ထူးခြားသည်။

*ကာယကံရှင်၏ အတိတ်ဖြစ်ရပ်များကို ဗေဒပညာရှင်ကြီး ဆရာကြီး ဦးစိတ္တမှ ဟောကြားမည်။ မှန်ပါက အနာဂတ်ဖြစ်ရပ်များအား ဟောကြားပေးမည်။ ဉာဏ်ပူဇော်ခ သဒ္ဓါကြေးမျှသာ…*

*ပုံ – ခုနှစ်ရက်သားသမီးများကို ကယ်ဝယ်မဲ့*

*ဆရာကြီးစိတ္တ*

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဟု ပါရှိသည်။ ကြယ်စင်သုတက ထိုစာရွက်ကလေး ဖတ်ပြီးကတည်းက ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ကြယ်စင် သုတဆိုတာ နဂိုကမှ ဗေဒင်ဝါသနာအိုး။ ဗေဒင်ဆို ရူးနေအောင် ယုံသူ။

"ဟဲ့...မိန်းမတွေ"

ကြယ်က သူမရှေ့ရောက်နေသော မီမီနှင့်ယုယကို လှမ်းခေါ်လိုက်သည်။

"ဘာလဲ ကြယ်"

"ဒီမှာကြည့်စမ်း"

"ဘာကြော်ငြာလဲ"

ကြယ်က အဖိုးအနဂ္ဂထိုက်တန်သော ရတနာတစ်ပါး၏ ဗေဒင်ကြော်ငြာလက်ကမ်းကို ပြသည်။ မီမီနှင့်ယုယကတော့ ခေါင်းချင်းဆိုင်ကြည့်ပြီးမှ...

"ဟွန်း...ဘာများလဲလို့"

"ဗေဒင်လက်ကမ်းကြီး၊ ယုတော့ အခုထဲက ကြိုပြော ထားပါရဲ့နော် အခြားနေရာတွေဆိုရင် ကြယ်အတွက် သေရွာပဲ



ရပါစေ အဖော်လိုက်ပေးမယ်၊ ဒီဗေဒင်မေးရင်တော့ No ပဲ"

ယုယက စကြေညာသည်။ မီမီကလည်း တစ်လေသံ တည်း။

"မီလည်း ဒီအတိုင်းပဲနော်၊ ကြယ်က ဗေဒင်တစ်ခါမေး ရင် တမေ့တမော၊ ပြီးနောက် နောက်ဆက်တွဲယတြာပါသေး၊ ဒီတော့ စောစောစီးစီး ငြင်းထားမယ်၊ မီလည်း No ပဲ"

ဒီနှစ်ယောက် တော်တော် အတိုင်အဖောက်ညီသည်။ အမှန်တကယ်ဆို ကြယ်က ပေးကမ်းထောက်ပံ့ထားရသူ။ ထို့ကြောင့် အမိန့်အာဏာတွေသုံးလို့က သုံးပိုင်ခွင့်ရှိပါသည်။ ခက်တာက ကြယ် ကိုယ်တိုင် အာဏာရှင်မဆန်တတ်။

နှစ်ဖက်မျှတွေးတတ်သည်။ မီမီနှင့်ယုယ ဗေဒင်ခန်းဆို ကြောက်ကြတာ ကြယ် သိပါသည်။ ဗေဒင်တစ်ခါမေးမည်ဆို ကြယ် မှော်ဘီဆိုလည်း သွား၊ ထောက်ကြံ့လည်း ရောက်သည်။

ဘယ်လောက်ဝေးပါစေ ညအိပ်ပြီးတောင် သွားမေးတဲ့ အထိ။ အဲ မေးပြီးတော့လည်း မပြီးပြန်ပါဘူး။ ယတြာ ခုနစ်ရက် ချောင်းသာအထိ ချေရမယ်ဆိုလည်း ရောက်အောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



(၇)ရက်တိုင် ဥပုသ်စောင့်ရမည်ဆိုလည်း စောင့်သည်။

ထို့ထက် ပိုဆိုးတာက ကြယ်နှင့် အဖော်ပါသော နှစ်ယောက်ကိုပါ အတင်းပဲ ဆွယ်ပါတော့သည်။ ပြီးတော့ ထိုနှစ်ယောက် ချေရမည့်ယတြာကို ကာယကံရှင်ထက် ကြယ်က ပိုပြီး ဝီရိယကောင်းပါသည်။

မနက်လေးနာရီ ထရမည်ဆိုလျှင်လည်း ကြယ်က သုံးနာရီခွဲကတည်းက လာနှိုးပြီး အဆင်သင့် ပြင်ထားပြီးသား။ ဒီတော့လည်း ကြယ်နှင့်အတူ ဘယ်သူက ဗေဒင်လိုက်မေးချင်ပါတော့မလဲ။ ဒါကြောင့် ကြယ် အားမလျှော့သေး။

"ရှင်တို့ကလည်းဟယ် လိပ်စာအရတော့ ဒီရန်ကုန်မြို့ထဲမှာပါ၊ အတူသွားကြရအောင်နော်"

"တော်ပါတော့ ကြယ်ရယ်၊ ငွေကုန်လူပန်း အချိန်လည်းကုန်နဲ့၊ ပြီးတော့ ဘာမှလည်း အဓိပ္ပာယ်ရှိတာလည်းမဟုတ်ဘဲနဲ့"

"ဟုတ်တယ် အလကားပဲ၊ ပါးစပ်ထဲ တွေ့ရာတွေ လျှောက်ပြောပြီး လူတွေဆီက ငွေလိမ်ယူနေတာ"

"မသွားနဲ့ကြယ်"





နှစ်ယောက်စလုံးက နည်းနည်းမှ စည်းရုံးလို့မရတော့။ အားမတန်တော့ မာန်လျှော့ရပြီ။ ထို့ကြောင့်...

"ကဲ...မလိုက်ချင်လည်း နေကြတော့၊ ကြယ်ကတော့ သွားမှာပဲ"

"မီတို့မပါဘဲနဲ့လား"

"ဒါပေါ့"

ကြယ် တမင်ခွဲ့တာမဟုတ်။ ဖြစ်ချင်တာကို ဖြစ်ကိုဖြစ်လိုက်ရမှဆိုသည့် စိတ်ကလေးကြောင့် ဆုံးဖြတ်ချက်ကို မပြင်တော့တာဖြစ်သည်။

တစ်နေ့ မိုးလင်းပြီဆိုတာနှင့် ပါနေကျ နှစ်ယောက်မပါဘဲ ကြယ်တစ်ယောက်တည်း ဘယ်သူ့ကိုမှ အသိမပေးဘဲ လိပ်စာအတိုင်း ကားကို ကိုယ်တိုင်မောင်းလာခဲ့၏။ ကြယ် ဗေဒင်မေးသည့်နောက် ဘယ်သူမှ မလိုက်ချင်ကြတာလည်း သူတို့အပြစ်လို့တော့ မဆိုသာ။

အခုချိန်ထိ ကြယ် မေးသမျှ ဗေဒင်တိုင်း မှန်လိုက်တာလို့ အလုံးစုံပြော၍မဖြစ်။ တိုက်ဆိုင်တာလေးတွေတော့ ရှိသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကြယ်ကိုယ်တိုင်က အပျော်သဘောပဲဖြစ်ဖြစ် ဖေဒင်မေးချင်သည်။ သူတို့ပြောတာ၊ ဟောတာတွေကို နားထောင်ချင်သည်။

ကောင်းသတင်းလေးတွေ ကြားရတော့ ပျော်ရသလို ကြောက်စရာတွေ ကြားရပြန်တော့လည်း စိတ်လှုပ်ရှားရသည်။ ဒါကိုပဲ ကြယ်က သဘောကျနေတတ်သည်။

ကြယ်မှာ ကြော်ငြာလက်ကမ်းထဲက လိပ်စာအတိုင်း မေးလာခဲ့ရသည်။ အမေးခံရသူတိုင်းကတော့ လမ်းတော့ညွှန်ပါရဲ့။

"နဂိုက ဒီနားမှာ ဖေဒင်ခန်းမရှိပါဘူး၊ ကလေးမ အိမ်များ ပြိုနေတုတယ်"

"ဒါပေမဲ့ လိပ်စာကတော့ရှိပါတယ်"

"ရှိရင်လည်း ညွှန်ပေးပါ ဦးလေးရယ်"

တောင်းပန်စွာနှင့်ပြောသော ကြယ်ကို လူကြီးက တစ်ချက် အကဲခတ်ကြည့်၏။ ဒူးဖုံးလောက် ငွေရောင်ဂါဝန်လေးနှင့် ဖန်စီပစ္စည်းတွေ စုံနေအောင်ဝတ်ထားသော ကြယ်ကို ထူးဆန်းနေပုံရပါသည်။



"အေး…အေး ဟိုရှေ့က လမ်းသွယ်လေးထဲ ဝင်လိုက်၊ အိမ်ရှေ့မှာ ရေတွေတက်နေတဲ့အိမ်ပဲ၊ ဝါးတံတားလေး ထိုးထားတယ်"

ဟု ညွှန်ပြပါသည်။ တွေ့ပါပြီ။ ရွှံ့ရေညစ်ညစ်တွေ တက်နေသော အိမ်။ ဝါးလုံးလေး ရှစ်လုံးလောက်ကို စုစည်းကာ တံတားထိုးထားသည်။ အိမ်က ခပ်ညစ်ညစ်အရောင်နှင့်။ အိမ်ရှေ့ နံရံရှိ ဖေဒင်ဆရာကြီး ဦးစိတ္တဟူသော ဆိုင်းဘုတ်က သစ်လွင်စွာ။ ဒါဆို သေချာပြီ။ ကြယ် မမှားတော့ဘူးပေါ့။

"ဆရာကြီးဦးစိတ္တ ဆရာကြီး"

ကြယ့်အသံလေးကြောင့် အိမ်ထဲမှာထိုင်နေသော မုန့်တိုင်းရင်တွေ တဒိတ်ဒိတ်ဆောင့်ခုန်သွားသည်။

"ဟော…လာပြီ"

"သေချာရဲ့လားကွ ကောင်းမွန်"

"လုံးဝသေချာတယ်ကွ ညီလေး၊ မုန်တိုင်း မင်းက အခန်းထဲမှာပဲနေ"

"ဟိတ်ကောင်တွေ မင်းတို့"

www.burmeseclassic.com

www.burmeseclassic.com



"လာစမ်း မှန်တိုင်းရေ၊ ရှေ့မှာ ဟိုကောင်မလေး ရောက်နေပြီကွ"

မှန်တိုင်း ဘာမှပြောခွင့်မရဘဲ အခန်းလေးထဲ ရောက်သွားသည်။

"ရယ်ဒီဆိုရင် ခေါ်လိုက်တော့ ညီလေး"

"အေးပါကွ"

ညီလေးရှေ့ကို ထွက်သွားသံကြားရ၏။ မှန်တိုင်းကတော့ သူတို့လုပ်ရပ်ထဲမှာ ခါးသီးစွာ ကိုယ့်လိပ်ပြာကိုယ်မလုံ။ ယောကျ်ားရင့်မာကြီးတွေ ဖြစ်နေရက်နဲ့ ငွေမျက်နှာတစ်ခုထဲကြည့်ပြီး အားနွဲ့တဲ့ နုနုငယ်ငယ် မိန်းမသားတစ်ယောက်ရဲ့ ဘဝတစ်ခုလုံး ခုတုံးလုပ်ပြီး ကိုယ့်အိတ်ထဲ ငွေဝင်အောင် ချစ်ဟန်ဆောင်တယ်ဆိုတာ တကယ်တော့ အောက်တန်းကျတဲ့ ယောကျ်ားပိုင်းလုံးဘဝပဲ။ ဒါထက်ဆိုးတာ ဘာရှိဦးမှာလဲ။

"ကြွပါခင်ဗျာ"

"ဆရာကြီး ဦးစိတ္တဆိုတာလား"

"ကျွန်တော်မဟုတ်ပါဘူး၊ ကျွန်တော်က ဆရာကြီးတပည့်ပါ၊ ဆရာကြီးက ဟိုမှာပါ"



ညီလေးထံမှ မိတ်ဆက်စကားနောက် ကောင်းမွန်ထံမှ ဆရာကြီးဟန် အလိမ်အညာစကားတွေ။

ဒါ ဘာကြောင့်လဲ။

ငွေ။ ပိုက်ဆံကြောင့်ပဲ။ ငွေမရှိလို့၊ ပိုက်ဆံမရှိလို့။

"ကိုင်း...သမီးရဲ့မွေးသက္ကရာဇ်ကိုပြော"

ကောင်းမွန် ဘာတွေဆက်ပြောနေမှန်း မသိ။ မှန်တိုင်းလည်း ဒါတွေကို နားမလည်။ ရှမ်းဖြီးနေတာတွေကို အယုံလွယ်နေသည့် ကြယ်စင်သုတကိုသာ စိတ်ပျက်နေမိသည်။

ဒီလိုပုံစံနှင့် လောကကြီးထဲမှာ ဘယ်လိုနေထိုင်သွားမည် မသိပါ။ မေနှင့်တော့ တခြားစီဆိုသည့် အတွေးနှင့် မေကို ပိုသတိရ လွမ်းဆွတ်သွားသည်။

"မင်းကြောင့်...မင်းကိုချစ်မိတာ တစ်ခုတည်းနဲ့ အခုကိုယ် ဘာတွေဖြစ်နေပြီလဲဆိုတာ မင်းသိရဲ့လားမေ"

"နာမည်က ကြယ်စင်သုတနော်"

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…နက္ခတ်ကတော့ ပုဏ္ဏားနက္ခတ်ပဲ"

"ဟင်…ပုဏ္ဏားတော့မဖြစ်ချင်ပါဘူး၊ ပုဏ္ဏားဆိုတာ မှန်းလွှန်းလို့၊ တခြားဇာတာ ပြောင်းပေးပါ"

"အိမ်း…ဇာတာဆိုတာ ဘယ်ပြောင်းလို့ရမှာလဲကွဲ့"

နှုတ်ခမ်းမွေးအထူကြီးနှင့် အဘိုးကြီးဟန်ဆောင်ထားသည့် ကောင်းမွန်ရှေ့မှာ ကြယ်စင်သုတ နှုတ်ခမ်းရှုနေပါသည်။

မရည်ရွယ်ဘဲ မှန်တိုင်းကိုယ်တိုင် သူမကို ငေးခနဲကြည့်ဖြစ်သွားသည်။ ဖြူနုဝင်းစက်နေသည့် အသားက ရွှေရည်ဝင်းနေ၏။ အနီးကပ်ကြည့်လေ လှလေ။ မေ့အလှက ကျန်းမာသန်စွမ်းသော အလှမျှသာဖြစ်သော်လည်း ကြယ်စင့်အလှကြတော့ နုနုဖတ်ဖတ် အပြစ်ကင်းစင်စွာ မထိရက်ချင်စရာ။ ပန်းကလေးလို လှသည့် အလှ။

ကလေးတစ်ယောက်လို နုငယ်အပြစ်ကင်းစင်သူ။ တခြားသော မိန်းမပျိုတွေလို ဟန်တွေဘာတွေမရှိ။ အရှိကိုအရှိအတိုင်း ဆက်ဆံပုံလေးက မှန်တိုင်းရင်ကို လာထိသည်။ ဒီလိုရိုးသားအပြစ်ကင်းတဲ့ မိန်းကလေးကို ချစ်ဟန်ဆောင်ပြီး ကိုယ်လိုချင်တဲ့ငွေကို





ရယူဖို့ဆိုတာ။

"သမီးနက္ခတ်က နတ်နက္ခတ်ပါ ဆရာကြီးရယ်"

"ဟုတ်လား…ဒီထဲမှာတော့ ပုဏ္ဏား"

"တလွဲကြီးပါ၊ ဆရာကြီး သေချာပြန်ကြည့်ပါဦးရှင်"

"အဲဒါက"

ကောင်းမွန်က ရှေးအဘိုးကြီးလေသံနှင့် ချေးပုံနေသည်။ ညီလေးက မူမပျက်စေရန် ကောင်းမွန်ဒူးခေါင်းကို လက်ညှိုးနှင့် အသာကုတ်ရ၏။

"ဟိုတစ်ခါဟောတဲ့ ဆရာကပြောတော့ နတ်တဲ့၊ အခုကြတော့ ပုဏ္ဏား"

"ဒါကတော့ လူတစ်ယောက်မှာ ကံဇာတာအနိမ့်အမြင့်ဆိုတာ မတူဘူးလေ သမီးရဲ့၊ ဒီလိုပဲ ကံတရားကိုလိုက်ပြီး နက္ခတ်ပါ ပြောင်းပေးတော့မပေါ့"

"တကယ်ပဲ အဲဒီလိုပြောင်းတတ်တာလား ဆရာကြီးရဲ့၊ ဒါဆိုရင်တော့ ကန်တော့နော် ဆရာကြီး၊ အဟင်း ကြယ်ကမသိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှတ်ထားကွဲ့"

"ဟုတ်"

"ကိုင်း…ဆရာကြီး ဟောစရာရှိတာ ဆက်ဟောတော့မယ်ကွဲ့ ကြားလား"

"ဟုတ်ကဲ့၊ ဟောပါ ဆရာကြီး"

"အိမ်း…ဒီနှစ်ထဲမှာ သမီးဖူးစာရှင် တွေ့ကိန်းမြင်တယ်"

"ရှင်"

"ဖူးစားရှင် ဟုတ်လား"

ဘုန်းကြီးရူးနှင့် လှေလူးအဖြစ်ကို မှန်တိုင်း ရင်မချိဖွာပြုံးလိုက်သည်။

ကြယ်ကတော့ တအံ့တသြ။ ကြယ်မေးခဲ့တဲ့ ဗေဒင်သက်တမ်းတစ်လျှောက် ဖူးစာရှင်ဆိုသောအသံကို လေသံတောင်မကြားရ။ အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေးတော့ အတိုချုပ်ဟောတာပေါ့လေ။

ဒါပေမယ့် ဒီလို အပ်ချမတ်ချကြီးတော့ မဟော။ အခုတော့ ဖူးစာရှင်တဲ့။ ရင်တဒိတ်ဒိတ်အခုန်မြန်လာသည်။ ကြယ်ဟာ



အချစ်ဆိုတာ မြင်ဖူး၊ ကြားဖူးပေမယ့် မစမ်းသပ်ရသေးသော နှလုံးသားပါကင်လေး မဟုတ်လား။

"အေးကွဲ့…သူက သမီးဘဝအတွက် ဦးဆောင်နိုင်တဲ့သူဖြစ်မယ်၊ လုံခြုံအောင် အရိပ်မိုးပေးမယ်၊ သမီးမှာ ဆရာကြီးတွေ့တဲ့အတိုင်း ဟောရမယ်ဆိုရင် အားကိုးအားထား မိဘများမရှိတော့ဘူးမဟုတ်လား၊ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်းကွယ်လွန်သွားတာဆိုတော့"

"မှန်ပါတယ် ဆရာကြီးရှင့်"

ထောက်ခံသော ကြယ့်အသံမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ရီနေသည်။

"အိမ်း…မှန်ရမှာပေါ့၊ မြင်တဲ့အတိုင်း ဟောထားတာကိုး၊ သူငယ်လေးက နာမည်က 'မ'နဲ့စတဲ့နာမည်ပါမယ်"

"ချောလားဟင် ဆရာကြီး"

"အေး…ချောတယ်"

ကောင်းမွန်က ကိုယ့်သူငယ်ချင်းရုပ်ကို ပြန်မြင်ယောင်ကာ ပြောပြီးမှ အရှိန်ပြန်သပ်ရသည်။ ညီလေးကတော့ မျက်ထောင့်နီ

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် ကြည့်ကာ ဖြူးလို့။ ဒါပေမယ့် ကြယ်ကတော့ ဒါတွေ သတိထားမိပုံမရ။

"သူနဲ့အယ့်တော့လောက် တွေ့ရမလဲဟင်"

"ရက်ပိုင်းအတွင်းပါပဲ"

"ဟို…ကြားဖူးတာ ဖူးစာရှင်မှန်ရင် အိပ်မက်ထဲမှာတောင် တွေ့ရတယ်တဲ့၊ ဟွေ့ရမလားဟင်"

"ကျွတ်"

ဘယ်လို ကလေးမလည်းကွာ။ ဘာပြောပြော ဒီလိုပဲ ဖွတ်ယုံနေတော့မှာလား။

"အေး…တွေ့ရမှာပေါ့ကွယ်၊ ငါ့သမီးအပေါ် ချစ်မြတ်နိုး တဲ့ ဖူးစာရှင်နဲ့ တွေ့ရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်"

"ဘာများလဲ ဆရာကြီး"

"သူက စိတ်ကြီးတယ်၊ ဒေါသကြီးတယ်၊ တော်ရုံ သူ့ကို မဆန့်ကျင်နဲ့၊ လိုက်လျောပါ၊ သူ့အလိုရှိရာကို ဖြည့်ဆည်းပေးပါ ဒါမှ ကိုယ်က ပါရမီဖြည့်ဘက်ကောင်းဖြစ်မှာပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး"



"အိမ်း…ဟောချင်တာ ပြီးပါပြီကွယ်"

ကောင်းမွန်က ပြောစရာဟောစရာရှိတာ ခပ်မြန်မြန်ဟော ပြီး လက်စသတ်သည်။

"ဒါဆို ယတြာကရော ဆရာကြီး"

"ယတြာ"

ကောင်းမွန်နှင့် ညီလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြောင်အမ်းအမ်းနှင့် ကြည့်မိသည်။ သူတို့အစီအစဉ်ထဲမှာ ယတြာ မှ မပါတာ။ ညီလေးက မေးကို ဆတ်ခနဲရှေ့ထိုး၍ အိမ်ရှေ့ဆီပြ သည်။ မှန်တိုင်း တွေ့ရတာက ညောင်မုတ်ဆိတ်ပင်ကြီး။

ကောင်မလေးကတော့ မြင်ဟန်မတူ။ သူမအိတ်ကြီးထဲ က စာအိတ်ထူထူကို သူ့ရှေ့ခုံပေါ်ချပေးရင်း…

"ဉာဏ်ပူဇော်ခပါ ဆရာကြီး၊ ယတြာလေးတော့ မစပါ နော်၊ အဟင်း ဖူးစာရှင်နဲ့ အမြန်တွေ့ရမယ့်ယတြာ"

"ကောင်းပြီ…ကောင်းပြီ၊ ညောင်ရွက်သုံးရွက်ခူး၊ ရေစင် စင်ဆေးပြီး ခေါင်းအုံးအောက်မှာ နှစ်ရက်ထားပြီးအိပ်၊ သုံးရက် မြောက်တဲ့နေ့မှာ ဘုရားမှာသွားစွန့်၊ ခုနစ်ရက်အတွင်းမှာ ဖူးစာရှင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရှင့်၊ တကယ့်ဖူးစာရှင်နဲ့ တွေ့တဲ့အခါကျရင် ဆရာကြီးတို့ကို သမီး ကျေးဇူးလာဆပ်ပါဦးမယ်၊ သွားခွင့်ပြုပါဦးနော်"

ရှိသေမှုတွေနှင့် နှုတ်ဆက်ရင်း ကောင်မလေးက ထွက်သွားလေပြီ။ ညီလေးက ဒီတော့မှ တံခါးပြေးပိတ်၊ ဆိုင်းဘုတ်ဖြုတ်ယူရင်း...

"ဟိတ်ကောင် မုန့်တိုင်း"

"အိမ်ထဲကထွက်ခဲ့တော့"

သက်ပြင်းချသံနှင့်အတူ မုန့်တိုင်း ခြေလှမ်းတွေလေးပင်စွာ ရှေ့ရောက်လာသည်။

"ဘယ်လိုလဲ မုန့်တိုင်း၊ ကောင်မလေး လှတယ်မဟုတ်လား"

"အဲဒါတွေထားလိုက်ပါ၊ အခုကိစ္စကို ရှေ့မဆက်ဘဲ ရပ်လိုက်တော့"

"ဟိတ်ကောင် မုန့်တိုင်း"





"ဘာမှမပြောနဲ့တော့ ကောင်းမွန်၊ မင်းကို့ကိစ္စထဲ ငါမပါဘူး"

"မုန့်တိုင်း"

ကောင်းမွန်က လှမ်းခေါ်ပေမယ့် မုန့်တိုင်း နောက်ကိုလှည့်မကြည့်တော့။ ရင်ထဲမှာ ခါးသီးမှုတွေနှင့် နာကျင်နေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

တစ်ထောင်တန် အသစ်ကျပ်ချွတ် တောင့်တောင့်လေးတွေက မွေးခနဲကျလာသည်။ ရေတွက်လို့ မကုန်နိုင်။ ကောင်းမွန်နှင့် ညီလေး ခေါင်းချင်းဆိုင် ရေတွက်ကြသည်။

"ဟာ...ငါးသောင်း"

"ငါးသောင်း ဟုတ်လား"

"အေး"

အလန့်တကြား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဆိုက်ကြသည်။ တစ်နာရီတောင် မကြာ။ ဟောသမျှ ဖြောက်ဆောက်။ ဒါကို ငွေငါးသောင်းတဲ့။

"ဘယ်လိုလုပ်မလဲ ကောင်းမွန်"



www.burmeseclassic.com

www.burmeseclassic.com



"စားမယ်၊ ဝါးမယ်ကွာ"

ကောင်းမွန်က အူမြူးစွာနှင့် ညီလေးအမေးကို ဖြေသည်။

"အေးကွာ...ငတ်သမျှ အကုန်အတိုးချပြီး အကုန်ဆွဲမယ်"

ဖြေတဲ့အထိ မုန့်တိုင်းမပါ။ ဒါကို နှစ်ယောက်စလုံး သတိထားမိသည်။ တစ်ယောက်၏ ထူးခြားချက်ကို နောက်တစ်ယောက်က အမြဲတမ်း အကဲခတ်နေသည်ပဲ။ ဒီတော့ သိရတာမဆန်းလှပါ။

"မုန့်တိုင်း မင်းသဘောကရော"

"မင်းတို့သဘောကျလုပ်၊ ငါ့ကို ဘာမှမမေးနဲ့"

"ဘာလဲ...မင်းက ငါတို့ကို မကျေနပ်ဘူးလား"

"ဘာဆိုင်လို့လဲ၊ သူညွှန်လို့ သူခံရတာပဲ"

"ဒါပေမဲ့ အခုကိစ္စက တို့သုံးယောက်လုံးနဲ့ ဆိုင်တယ်၊ အထူးသဖြင့် မင်းပဲ မုန့်တိုင်း"

"ကြယ်ကို မင်း..."

"သူ့ကို ငါ လုံးဝအထင်သေးတယ် ညီလေး"

"မင်းကလည်းကွာ သူများတစ်ဖက်သားကို"



ကောင်းမွန်က မနှစ်မြို့သလို ဝင်ပြောသည်။

"ဒါကတော့ ငါခံစားရတဲ့အတိုင်း ပြောတာပဲ"

"ဒီလောကထဲ လူတွေကို အယုံလွယ်ပြီး ရက်ရောနေတဲ့ မိန်းကလေးတစ်ယောက်မှာ အန္တရာယ်တွေ တစ်ပုံကြီးဆိုတာ သူမသိဘူးလား"

"အဲဒါ သူ့ကာရိုက်တာလေကွာ"

"အေး...အဲဒီကာရိုက်တာကြီးကိုပဲ ငါမကြိုက်တာ"

"ဆုံးမပေးတဲ့လူ မရှိလို့နေမှာပေါ့"

"မဆိုင်ပါဘူးကွာ၊ ဒီအသက် ဒီအရွယ် ပညာလည်း တတ်တယ်၊ စည်းစိမ်အပြည့်ရှိတယ်၊ အေး ဒါပေမဲ့ တွေးခေါ်မြော်မြင်မှုမရှိရင် အလကားပဲကွာ၊ မေနဲ့တော့ တခြားစီပဲ"

"မင်းမေနဲ့တော့ မယှဉ်နဲ့လေကွာ"

ညီလေးက မခံမရပ်နိုင်သလို ထပြောသည်။

"မင်းမေက အတ္တဝါဒီ၊ သူ ကောင်းစားဖို့ဆို ဘယ်သူ့ခေါင်း နင်းရနင်းရ တက်နင်းသွားမှာ၊ ဟိတ်ဟန်တွေကလည်း အပြည့်ပဲ၊ ကုမ္ပဏီပျာတာအဆင့်တုန်းကတောင် ရပ်ကွက်က သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



စတ္တုထရီဖြစ်အောင် နေတတ်တယ်၊ မျက်နှာကလည်း တစ်လောကလုံးကို လုပ်ကျွေးထားတဲ့မျက်နှာနဲ့၊ မင်း သေချာစဉ်းစားပါ၊ တကယ့် နှလုံးသားထဲက ချစ်ပြီဆိုရင် ဟောကောင် ကိုယ့်ချစ်သူအတွက် ဘာမဆို စွန့်ရဲတယ်''

''မင်းနဲ့ရည်းစားဖြစ်ခဲ့တဲ့ သက်တမ်းတစ်လျှောက် ဘာကိုများ စွန့်ပြီး မင်းကိုချစ်ပြခဲ့လဲ မုန့်တိုင်း၊ အများကြီး ငါမပြောပါဘူး၊ ရုံးချိန်လေး တစ်ချိန် လစ်ပြီးတောင် မင်းနဲ့တွေ့ခဲ့လို့လား''

''ဟောကောင် တော်တော့''

မုန့်တိုင်းအသံက မာထန်ပြတ်တောင်းစွာ။

ညီလေးစကားက သူ့မာနကို တည့်တည့်လာထိသည်။

''သူများရဲ့ ကိုယ်ရေးကိုယ်တာကို မင်းမသိဘဲ စွတ်မဝေဖန်နဲ့ ညီလေး၊ မေက သူ့ဘဝတိုးတက်မှုကို အမြဲရှာတဲ့မိန်းကလေး''

''ဘာ…တိုးတက်မှု၊ ဟား…ဟား ရယ်ချင်တယ်၊ ဒါဆို တိုးတက်မှုပဲရှာပေါ့၊ ဘာလို့ ရည်းစားထားသေးလဲ၊ တိုးတက်မှုလည်း ရှာမယ်၊ ရည်းစားလည်း ထားမယ်ဆိုရင် အဲဒါ တစ်ဖက်လူကို ဒုက္ခပေးတာနဲ့ အတူတူပဲကွ''





ညီလေးက သူကြည့်မရတာ များပြီဖြစ်သော မှုံးမြတ်မေကို တစ်စက်ကလေးမှ အမြင်မကြည်ပေ။ မေနဲ့ပတ်သက်ပြီး မုန့်တိုင်းတို့ အတွင်းရေးဆို မသိချင်အဆုံး။ ရည်းစားဖြစ်ခါစ တစ်ခါလားပဲ မုန့်တိုင်းကိုတွေ့သည်။

တွေ့ရတဲ့နေရာက မစ္စတာဂစ်တာတဲ့။ ကြော်ငြာကြီးကြီး ဒီလိုဆိုင်မျိုးမှာ ထိုင်ဖို့အတွက် ငွေအလုံအလောက် ပါလာဖို့လိုသည်။ အလုပ်အကိုင်မရှိတဲ့ မုန့်တိုင်းမှာ ဘယ်ကငွေရပါမည်နည်း။ ဒါကိုပဲ သူနဲ့ကောင်းမွန်က တွက်ပြတော့…

''မေက အဲဒါကြောင့် တစ်ပတ်ကြိုချိန်းတာကွ၊ ငွေရှာချိန်ရအောင်လို့တဲ့၊ သူ့ကိုတွေ့ချင်ရင် အဲဒီလိုမျိုး အကုန်ခံနိုင်အောင် ကြိုးစားရမယ်၊ ဒါမှလည်း သူ့ကို တန်ဖိုးထားရာ ရောက်မတဲ့''

အဲဒီကတည်းက ညီလေးက ချစ်တာနဲ့ ဘာမှမဆိုင်ဘူးလို့ ရင်ထဲက အော်ပြီးသား။ ရိုးရိုးလက်ဖက်ရည်ဆိုင်ထိုင်တဲ့ အတွဲတွေကျတော့ တန်ဖိုးထားရာ မကျဘူးလား။ မုန့်တိုင်း အခြေအနေလည်း အသိ။

ချစ်သူတွေဘဝမှာ ချစ်ကြဖို့သာ အဓိကကျသည်။ တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ထိန်းဂဏန်းတွေက ပဓာနကျသလား။ ဒါပေမဲ့ မုန့်တိုင်းက မေမှမေ ဖြစ်နေတော့ ဘာပြောပြော နားမဝင်။

"ဘာပဲဖြစ်ဖြစ်ကွာ မေ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ပေးနိုင်စွမ်း ငါ့မှာရှိတယ်ဆိုတာ သိစေချင်တယ်"

မုန့်တိုင်း ရရာအလုပ် ကြုံးလုပ်တော့ သူတို့လည်းမနေနိုင်။ ရသမျှဝိုင်းလုပ်ကာ လုပ်အားခကို ဒီကောင့်အား ပေးရသည်။ ကျွန်ဝယ်ရာ အခစ်ပါတာလေ။

ဒါကိုမှ ဒီကောင်က တန်းတန်းစွဲ။ ညဘက် ဂစ်တာဝိုင်းဖွဲ့ပြီး သီချင်းသွားဆိုလျှင် နောက်တစ်နေ့မနက်၌ စုပုပ်တင်းမာသော မျက်နှာထားဖြင့် မှူးမြတ်မေ ရောက်လာသည်။

"နောက်နေ့ညတွေ မေ့ဆီကို သီချင်းလာမဆိုနဲ့နော် တိုင်း"

"မေ အိပ်ရေးပျက်တယ်၊ မေ တစ်နေကုန် ရုံးတက်ပြီး အလုပ်တွေမနားတမ်း လုပ်နေရတာ၊ နေ့လည်နေ့ခင်း အိပ်ချိန်မရှိဘူး၊ ဒီတော့ မနှောင့်ယှက်ပါနဲ့"

အခေါ်အပြောက အဲဒီလို ခပ်ရှင့်ရှင့်။ ဒါ ချစ်သူချင်း သုံးနှုန်းရမယ့် ဝေါဟာရလား။ ပြောသွားတာများ သူမရဲ့လက်ပါး စေလိုလို။ ဒါကိုပဲ မုန့်တိုင်းက ချစ်သူရဲ့အမိန့်ဆိုပြီး မြေဝယ်မကျနာခံသည်။



ချစ်သူများနေ့ အထိမ်းအမှတ်ဆိုပြီး မုန့်တိုင်းက ပန်းစည်း လက်ဆောင်ပေး၏။ ဒါကို ငြင်းလွှတ်သည်။ ပြီးတော့ ပြောသေး

"လက်ဆောင်ဆိုတာ သူတစ်ပါးအသုံးကျတာပဲ ပေးရတယ် တိုင်း၊ ပန်းစည်းဆိုတာ အချိန်တန်ရင် နွမ်းမှာ၊ ပေးရတဲ့လူအတွက်လည်း အမှတ်တရ မဖြစ်ဘူး၊ ယူရတဲ့လူအတွက်လည်း အမှိုက်ရှုပ်တာပဲ အဖတ်တင်တယ်၊ နောက်တစ်ခုက တန်ဖိုးပဲ တိုင်း၊ တန်ဖိုးကြီးကြီးပေးမှ အဲဒီလူတစ်ယောက်ကို တန်ဖိုးထားရာ ရောက်မှာပေါ့၊ ဒီတော့ တို့ကို တန်ဖိုးမမြှင့်ပေးနိုင်ရင်နေ၊ မေ အပြစ်မပြောဘူး၊ တန်ဖိုးနိမ့်တဲ့ အပြုအမူတွေ မလုပ်ပါနဲ့"တဲ့။

အဲဒီတုန်းက မုန့်တိုင်းတစ်ယောက် ခေါင်းကြီးငိုက်စိုက်နှင့် ပြန်လာခဲ့တာ ညီလေး မျက်စိထဲက မထွက်သေး။ အချစ်က အဲဒီလိုတဲ့လား။ သူ့သာဆိုရင်တော့ ဒီမိန်းမမျိုး ဖနောင့်နှင့် သုံးလေးချက် ပိတ်ပေါက်ခဲ့မှာ။

အခုတော့ ကြည့်ဦး။ ဒီမိန်းမကိုမှ မုန့်တိုင်းက အထင်ကြီးပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် အဲဒီကောင်မလေးနဲ့ ရှေ့ဆက်ပြီး မပတ်သတ်တာ အကောင်းဆုံးပဲ ကောင်းမွန်၊ ကိုယ်နဲ့ ပညာချင်းမတူတဲ့လူနဲ့ မပြိုင်ချင်သလိုမျိုးပေါ့"

ကြားရတာ နားကြားပြင်းကတ်ချင်စရာ။ ညီလေးကလည်း မပြောဘဲမနေနိုင်။ ဒီတော့…

"အေးပေါ့…ကိုယ့်ထက် ပညာမြင့်တဲ့လူနဲ့ပဲ ပြိုင်နေတော့လည်း ကိုယ်ချည်း အကန်ခံရတာပေါ့"

ညီလေး အောင့်သက်စွာ ပြောမိသည်အထိ။ ထိုနေ့က သုံးယောက်ထဲရှိသော သူတို့ဂိုဏ်းကွဲကာ သုံးပါတီ။ ကောင်းမွန်ကတော့ ငြိမ်းချမ်းရေးပါတီပေါ့။ ညီလေးနဲ့ မုန်တိုင်းကတော့ ဆန့်ကျင်ဘက်။

ဒါဟာ မှုးမြတ်မေကြောင့် အမြဲဖြစ်နေရတာပင်။ ခက်တာက ရန်ဖြစ်ရပေမယ့် သူတို့သုံးယောက် ဘယ်တော့မှ ခွဲမရ။ စည်းလုံးညီညွတ်ကာ တစ်ယောက်အရေး တစ်ယောက် ဦးစားပေးမြဲ။

◆ ◆ ◆

## အခန်း (၇)

"အဲဒါဘာလုပ်တာလဲ"

မီမီ ကြည့်နေတာ ကြာပြီ။ ညောင်ရွက်ကို ရေစင်စင်ဆေးသည်။ ပြီးတော့ မွေးမွေးလက်ကိုင်ပဝါလေးနဲ့ ထုတ်တာများ တယုတယ။ နောက်ဆုံး ခေါင်းအုံးအောက်. ဖွဖွလေးထည့်မှ မအောင့်နိုင်၍ မေးမိခြင်းပါ။

မီးမေးတော့ ယုယကပါ စပ်စုကာ အနားကပ်လာသည်။ ခုတင်ကြီးက ခမ်းနား၏။ နှစ်ယောက်အိပ်ခုတင်ကြီးမှာ မွေ့ထုကအထူကြီး။ ဒါပေမယ့် အခန်းရဲ့အလယ်တည့်တည့်မှာ။

နံရံတစ်ဖက်စီမှာက တစ်ယောက်အိပ်ခုတင် တစ်လုံးစီ။ ဒါက မီနှင့်ယုယအတွက်။ အခု ယုယကပါ နှစ်ယောက်အိပ်ခုတင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ် ရွှေလာသည်။ ကြယ်ကတော့ မရှိုမချဉ်ပြုံးကာ…

"အဟင်း…ယတြာချေတာ"

"ဒီတစ်ခါ အဆန်းပါလား၊ ဒီယတြာက အပန်းမကြီးဘူး"

"ဆိုစမ်းပါဦး၊ ဘာအတွက်လဲ"

ယုယတို့က စိတ်ဝင်တစား မေးသည်။

"ဖူးစာရှင်အတွက်"

"ဖူးစာရှင်"

နှစ်ယောက်စလုံးရဲ့ မျက်နှာက ကြယ့်အနားထိ ကပ်လုနီးပါး တိုးလာသည်။ ကြယ့်သက်တမ်းတစ်လျှောက် တစ်ခါမှ မကြားဘူးသည့် ယတြာ။ ကြယ်ကတော့ အခွေအလိမ် ဆံပင်ကလေးတွေ ဆတ်ခနဲ လှုပ်ယမ်းသွားအောင် အားပါးတရ ခေါင်းညိတ်ပြရင်း

"အင်း…ဒီည ဖူးစာရှင်ကို အိပ်မက်မက်မှာ"

"ဟယ်…တကယ်"

"ကြယ် လိမ်နေတယ်ထင်လို့လား"

"ကြယ် မလိမ်တတ်တာ သိပါတယ်၊ ထူးဆန်းလို့"



"ဒါ့ထက် ထူးဆန်းတာ ရှိသေးတယ် ယုယရဲ့"

"ဘာတွေလဲ"

မေးသံတွေက အလျှင်စလို။

"ဖူးစာရှင်က နာမည်မှာ 'မ'နဲ့ 'တ'ပါရမယ်၊ ပြီးတော့ ချောတယ်တဲ့"

"ချောတယ်"

မိန်းမနှစ်ယောက်ပါ သံယောင်လိုက်ရင်း ပါးစပ်ကြီးဟောင်းလောင်းနှင့် အံ့ဩမဆုံး။

"အင်း…ပုံသဏ္ဌာန်က အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ဒီညောင်ရွက်ကို နှစ်ရက်တိတိထားပြီးအိပ်၊ သုံးရက်မြောက်နေ့မှာ ဘုရားမှာသွားစွန့်၊ ဖူးစာရှင်နဲ့ ဆုံရမှာတဲ့"

"အယ်…တကယ်"

မိမိနှင့် ယုယတို့မှာ အံ့ဩလွန်း၍ စကားလုံးအသစ်အဆန်း ရှာနိုင်။ ဒါချည်းပဲမေးနေရ၏။ ကြယ်ကတော့ ဂုဏ်ယူဝံ့ကြွားဟန် ဖြင့် ပြုံးပြုံးကလေး ခေါင်းညိတ်ပြရင်း…

"တကယ်ပေါ့၊ ကဲ ကြယ် အိပ်တော့မယ်၊ ဒီည သူနဲ့

www.burmeseclassic.com



…တွေ့ရမှာ၊ မနောင့်ယှက်ကြနဲ့၊ မီးပိတ်တော့''

ပြောပြီး ခေါင်းအုံးလေးပေါ် လှဲချသည်။ မျက်ဝန်းတွေကို မှိတ်ထားပေမယ့် အရပ်မြင့်သော အသားဖြူသော၊ သို့ပေမယ့် မျက်နှာမကြွပြားသော ယောကျ်ားတစ်ယောက်၏ ဟန်ပန်က ထပ်တလဲလဲ မြင်ယောင်နေမိသည်။

တကယ်တမ်း အိပ်ပျော်သွားတဲ့အချိန်မှာ ကြယ် အိပ်မက်မက်ပါသည်။ သူက အရပ်အမြင့်ကြီး၊ အဲ ပြီးတော့ ရင်ဘတ်အကျယ်ကြီးနဲ့ ကြယ့်ခါးလေးကို ဆွဲဖက်တော့ သူ့ရင်ခွင်ကျယ်ကြီးထဲ မျက်နှာအပ်လျက်သား ရောက်သွားသည်။

သူက တိုးတိုးလေးပြော၏။

''ကြယ့်ကို ချစ်တယ်၊ ကြယ်ရဲ့အချစ်ကို ပြန်လိုချင်တယ်''

လေသံမှု သဲ့သဲ့လေးကြောင့် ကြယ် ကြက်သီးမွေးညင်းထသွားရသည်။ ကြယ် ရင်ခုန်လိုက်တာ တဒုန်းဒုန်းနှင့်။ သူ့မျက်နှာကို မော့ကြည့်သည်။ မမြင်ရ။ မြူနှိုးတွေ ယှက်သိုင်းနေသလို။

အဲဒီမှာပဲ အိပ်မက်က နိုးသွားသည်။ မိုးစင်စင်လင်းနေပြီ။





ဒါပေမယ့် ကြယ် အိပ်ရာထချိန် ပုံမှန်မဟုတ်သေး။ ခါတိုင်းဆို ကြယ်က မနက်ကိုးနာရီလောက်မှ အစောဆုံး အိပ်ရာကထတတ်တာ။

အခု ခုနစ်နာရီတောင် မထိုးသေး။ ဒါပေမယ့် အိပ်မက်အရှိန်ကြောင့် ကြယ် လန်းဆန်းနေသည်။ ရင်ခုန်[illegible]က ကြယ့်ကို လေထဲမှာ ဝဲပျံနေသလို ခံစားရ၏။ ကြယ် မျိုသိပ်[illegible]ထားနိုင်တော့။ တစ်ဖက်ခုတင်သို့ ကူးသွားပြီး…

''ယုယ…ယုယ''

''အင်း''

သံရှည်ဆွဲကာ တစ်ဖက်ကို လှည့်အိပ်[illegible]သည်။

''ထဦး''

ကြယ်က အတင်းဆွဲထူ၏။

''ဘာလဲ ကြယ်ရယ်၊ အစောကြီး ရှိ[illegible]းတာကို''

''မစောတော့ဘူး၊ ကြယ် အိပ်မက် မ[illegible]တယ်''

''ဟင်…အိပ်မက်''

ယုယ မျက်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖူးစာရှင်တွေ့လား ကြယ်"

"တွေ့တယ်"

"ဒါဆို ပြောလေ"

မျက်လုံးတွေကို ပွတ်သပ်ရင်း ယုယ စိတ်ဝင်စားလာသည်။

"ဒါဆို ခဏနေဦး၊ မိမိုပါ သွားနှိုးမယ်"

ပြောကာ မီမို့ခုတင်ဆီ တစ်ဖန်ကူး၏။ မိမိပါ နိုးလာကာ ကြယ်၏ အလယ်ခုတင်ကြီးမှနေ၍ အားပါးတရ သူမအိပ်မက် အကြောင်း ပြောလေသည်။ စိတ်ဝင်တစားနားထောင်ကြပြီးမှ…

"ဒါဖြင့် မျက်နှာမမြင်ရဘူးပေါ့"

"ကြယ်လည်း ကြည့်တာပဲ မိမိရယ်၊ ဒါပေမယ့် သူ့မျက်နှာမှာ မြူတွေဆိုင်းနေသလိုပဲ၊ ပိုးတဝါးနဲ့"

"ကြယ်ဟာက မမိုက်ပါဘူးဟယ်"

ယုယက မချိတင်ကဲအသံဖြင့် ရေရွတ်သည်။ ကြယ်[illegible] တော့ ဘယ်သူဘာပြောပြော ခေါင်းအုံးကြီး ရင်ဝယ်ပိုက်ကာ အ[illegible] မပျက် ရှိရပါသည်။ အိပ်မက်ကို တစိမ့်စိမ့်တွေးရင်းပေါ့။



"ဒါပေမယ့် အားတော့မလျှော့နဲ့ ကြယ်၊ နှစ်ရက်ပြည့်လို့ ဘုရားသွားရင် တွေ့မှာပေါ့၊ ကြယ့်ဗေဒင်က အဲဒီလိုဟောထားတယ် မဟုတ်လား"

ကြယ် ခေါင်းပဲညိတ်ပြမိသည်။ ဗေဒင်မယုံကြည်ဘူးဟု ကြွေးကြော်ထားသော မိမိတောင် စိတ်ဝင်စားလာသည်။ ဒုတိယ ညတော့ ဘာအိပ်မက်မှ မမက်။ နှစ်ခြိုက်စွာ အိပ်ပျော်သွား၏။

မိုးလင်းပြီ။ ယနေ့က ဘုရား၌ ညောင်ရေသွန်းကြရမည့် ရက်။ ဘုရားက ရွှေတိဂုံ။ ကြယ် ထုံးစံအတိုင်း မိမိနှင့်ယုယတို့ကို ခေါ်ပြီး ဘုရားတက်ခဲ့သည်။ ညောင်ရွက်တွေနှင့်ပြီး ကိုယ့်နေ့နံ ထောင့်၌ ကိုယ်စီဝတ်ပြုရင်း ကြာသပတေးထောင့်ကို အကဲခတ်ကြ၏။

မွေးနေ့နံထောင့်မှာတော့ ရေလှူသူ၊ ဘုရားဝတ်ပြုသူ၊ အမွေးတိုင်နှင့် ဆီမီးထွန်းညှိပူဇော်သူတွေ အများအပြား။ ပျားပန်း ခတ်နေသော လူတွေကိုကြည့်ပြီး ယုယက စိတ်ရှုပ်ထွေးစွာ ရေရွတ်သည်။

"အမလေးဟဲ့…အခုမှပဲ ကြာသပတေးသားသမီးတွေ

www.burmeseclassic.com



ဒီလောက်များတာ သိရတော့တယ် ကြယ်ရေ”

“ကြယ်ရယ် ရှင့်လူက အရပ်မြင့်မြင့်၊ အသားဖြူဖြူဆိုတာပဲသိတယ်၊ ကြည့်ရတာလည်း အကုန်အရပ်မြင့်သလိုပဲ”

မိမိကလည်း လူတွေကို မျက်ခြေမပြတ်ကြည့်ရင်း ဆိုသည်။ ကြယ်ကတော့ လက်ဖဝါးထဲ မေးစေ့လေးထည့်ပြီး…

“သူက ချောတယ်တဲ့”

“ရှင်ပဲအပြောကောင်း”

မိမိက သူမနဖူးကို ပိတ်ရိုက်ပြီး ကောင်းချီးပေးပါသည်။

“အရပ်မြင့်မြင့် ခပ်ချောချောတွေတွေ့ရင် နာမည်အရင်မေးရမယ်၊ ‘မ’နဲ့ ‘တ’ပါရင် ပြီးပြီ”

ယုယစကားကြောင့် ကြယ် ပြုံးမိသည်။

“မနဲ့ တဆိုတော့ ဘယ်လိုနာမည်ဖြစ်မလဲ ကြယ်”

“ကြယ်လည်း မသိဘူး”

စိတ်ဝင်တစား ရှေ့ရှတ်သူက မိမိ။ ကြယ်ကတော့ လူအု[...]ကြီးကိုပဲ မျက်တောင်မခတ်။ စူးရှလင်းလက်သော အကြည့်မျ[...]နှင့် ငေးဆဲ။ ထိုအခိုက်မှာပင် ကြယ်တို့ဘေးရှိ အလှူခံစောင်းတန်[...]



ဆိုမှ…

“မောင်မုန်တိုင်းမှနေ၍ ဘုရားကြီးအတွက် ရွှေသင်္ကန်းသုံးထောင်ဖိုး ဆက်ကပ်လှူဒါန်းပါတယ်ရှင်”

အသံက ထွက်ပေါ်လာ၏။ ကြားပြီး ခဏကြာမှ သုံးယောက်သား ဆတ်ခနဲ မျက်နှာချင်းဆိုင်မိသည်။ ပါးစပ်တွေကလည်း ပြိုင်တူ…

“မနဲ့စတာဆိုတော့ မုန်တိုင်း”

အားလုံးအကြည့်တွေက ဝုန်းဆို စောင်းတန်းဆီလည်လိမ်ပြီး အကြည့်ရောက်သွားသည်။ ဖြတ်ပိုင်းယူနေသော ယောကျ်ားတစ်ယောက်။ အဖြူပေါ်မှာ အစင်းကျားလေးပါသော ယောရှပ်အင်္ကျီ၊ နီညိုရောင် ပိုးလုံချည်။

အဝေးကတည်းက ထင်ရှားတာက ဖြူနုဝင်းမွတ်သော အသားအရေနှင့် ဂနိုးထိထောက်သော ဆံပင်တွေက တခြားလူတွေလို ဘုတ်သိုက်ဖြစ်မနေ။ ကြည့်ကောင်းနေ၏။

နှာတံစင်းစင်း၊ နှုတ်ခမ်းရဲရဲက ဘေးတစောင်းတောင်ဆင်းနေ၏။ သူမသည် ငေးရင်း ရင်ထဲ၌ မုန်တိုင်းဆိုသောအမည်

www.burmeseclassic.com


ထ ပွဲတင်ထပ်လာသည်။ ဒါ တိုက်ဆိုင်မှုလား။ ဟင့်အင်း မဖြစ်နိုင်။

ဗေဒင်ဆရာကြီးရဲ့ ဟောကြားချက်က နားနှင့်ဆတ်ဆတ် ပြန်ကြားလာရ၏။ အချစ်ဆိုသောအရာကို ဖြူသလား မည်းသလား ကြယ် မသိ။ ဒါပေမယ့် ရင်၌ ထိုအချစ်က တခဏချင်း နိုတွယ်နေပြီဆိုတာကတော့ အသေအချာသိရပြီ။

"ဟဲ့…ကြယ်"

ခပ်ကြမ်းကြမ်းဆွဲခေါ်မှုကြောင့် ကြယ် သတိဝင်လာရသည်။

"အင်"

"ဟိုမှာ သွားပြီဟဲ့၊ အခု မီတို့က ဘာဆက်လုပ်မလဲ၊ သွားမှာလား၊ နေခဲ့မှာလား"

လှမ်းမျှော်ကြည့်တော့ မုန်တိုင်းဆိုသည့်သူက ခပ်လှမ်းလှမ်းရောက်နေပြီ။ သို့ပေမယ့် သူ့ လမ်းလျှောက်ပုံက ခန့်ညားစွာ လူအများကြားထဲ ထင်ပေါ်လျက်။

"သွားမယ်…လိုက်ကြမယ်"



"လိုက်ပြီး ဘာလုပ်မှာလဲ ကြယ်ရယ်"

"သူ ဘယ်မှာနေလဲ သိအောင်ပေါ့ မီရဲ့"

ပြောပြီး စောင်းတန်းပေါ်က ကသောကမျောအဆင်း လှေကားထစ်ပေါ် ခြေမချမိဘဲ ဗိုင်းခနဲ လဲတော့သည်။

"ဟယ်…ကြယ်"

"အမလေး"

"ဖြစ်ရလေ ကြယ်ရယ်၊ လမ်းလျှောက်နိုင်ရဲ့လား"

"အင်း…ကျွတ်…ကျွတ်"

"ဟို…သူ…သူရော"

ကြယ်အာရုံထဲ နာကျင်တာတွေမရှိ။ သူ့ကိုမှီရန်သာ စိတ်လောကြီးနေသည်။ ထို့ကြောင့် လူးလဲထရင်း…

"ရှင့်လူသွားပြီ ကြယ်ရေ၊ အခုက ရှင် ဘာမှမဖြစ်ဖို့ပဲ အရေးကြီးတယ်"

သူသွားတဲ့နေရာဆီ ကြယ် လှမ်းမျှော်ငေး၏။ မတွေ့တော့။ မုန်တိုင်းကား ပျောက်ကွယ်သွားလေပြီ။ ကြယ် နေရာတွင် ငုတ်တုတ်လေး ထိုင်ချလိုက်၏။

www.burmeseclassic.com



"ကြယ် လမ်းမလျှောက်နိုင်ဘူးလား"

"တော်တော်နာသွားလို့လား"

ယုယနှင့်မီမီက အသည်းအသန် စိုးရိမ်တကြီး မေးကြသည်။ ကြယ် ခေါင်းပဲယမ်းပြနိုင်သည်။ လမ်းကိုမလျှောက်ချင်တော့။ ရင်တစ်ခုလုံး ဟာပြီးကျန်ခဲ့၏။

◆ ◆ ◆

## အခန်း (၈)

"ပျင်းတယ်ကွာ၊ တစ်ခုခုလုပ်ရအောင်ဟာ"

ထိုစကားကို စတင်ပြောသူက ယုယပါ။ အမြဲမြူးကြွရှင်ပျနေသော ကြယ့်ပုံစံပြောင်းသွား၍ ဘယ်သူမှ မနေတတ်မထိုင်တတ် ရုတ်ချည်းငြိမ်ကျသွားသည်။ မျက်နှာကလည်း မလန်း။ ခပ်မှိုင်မှိုင်သာ။ ပြီးတော့ ရေရွတ်နေတာက…

"အဲဒီနေ့ကတည်းက တွေ့လိုက်ရမှာ"

ဒီတစ်ခွန်းကိုပဲ ထပ်တလဲလဲ။ ဘာကိုရည်ရွယ်သလဲ ဆိုတာ မီနှင့်ယုယ သိပါသည်။ သိပေမယ့် သူမတို့လည်း ဘာမှ မလုပ်ပေးနိုင်။ ထို့အပြင် တိတိကျကျပြောလိုက်သော ဗေဒင်ကိုလည်း အယုံကြီး ယုံသွား၏။

www.burmeseclassic.com

www.burmeseclassic.com



●

မိမိတို့နှစ်ယောက်သည် အစွမ်းရှိသ၍တော့ ကြယ်ကို အကြံပေးခဲ့ပါသည်။

"မီတို့ ဗေဒင်ဆရာကြီးဆီ နောက်တစ်ကြိမ် သွားကြည့်ရင်ရော ကြယ်"

ဆိုခဲ့သည့်အတိုင်း သွားပေမယ့် အိမ်ကိုသာတွေ့ရပါသည်။ သော့ခလောက်ကြီးခတ်ကာ ဘာဆိုင်းဘုတ်မှ တပ်ထားခြင်းမရှိ။ ထို့ကြောင့် တပ်ခေါက်ပြန်ခဲ့ရသည်။ ယုယကတော့ တွေးဆကာ ပြောသား။

"ဗေဒင်က အနာဂတ်ကို ကြိုဟောနိုင်တယ်နော်၊ လူပျောက်ရှာဖို့မှမဟုတ်တာ"

ဟု ပြောလေသည်။ ဒီလိုနှင့် နေလာတာ သုံးရက်မြောက်ပြီ။ ကြယ်ကလည်း မလန်းတော့ သူမတို့ မနေတတ်တော့။ ထို့ကြောင့် မိမိကပင် အစပြုကာ အပြင်သို့သွားရန် အကြံပေးရခြင်း ဖြစ်၏။

"မီတို့ ရှော့ပင်ထွက်မလား ကြယ်"

ကြယ်၏ ဂါသနာတွေထဲမှ ထိုတစ်ခုနှင့် ဆွဲဆောင်သည်။



"ရှော့ပင်လည်း ထွက်ရလွန်းလို့ ဘယ်နေရာမှာ ဘာရှိတယ်တောင် သိနေပါပြီဟာ"

"ဒါဆို တခြားဗေဒင်ဆရာတစ်ယောက်ယောက် ဆီမှာရော"

ယုယက ဝင်ပြောသည်။ ကြယ်က ခေါင်းယမ်းရင်း...

"ဟင့်အင်း...အခု ကြယ် အနာဂတ်ကို ကြိုမသိချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အထူးအဆန်းတွေ ရှင်လုပ်နေတာများ၊ ကြယ်၊ မီတို့ကို စိတ်ထိတ်အောင် မလုပ်စမ်းနဲ့"

မိမိနှင့်ယုယက ဝေဖန်သည်။ ကြယ်ကတော့ ရင်ထဲရှိ အကြီးမားဆုံးဆန္ဒကတော့ သူ့အား နောက်တစ်ဖန်တွေ့လိုခြင်းပင်။

"ဟုတ်တယ်၊ အနာဂတ်ထဲမှာ သူနဲ့မတွေ့ရတော့ဘူးလို့ ဟောခဲ့ရင် ကြယ်ပဲ ခံစားရမှာ"

"အဲဒီလောက်တောင်ပဲလား ကြယ်ရယ်"

ယုယက တအံ့တသြ။ သူမတို့သိခဲ့သော ကြယ်သည်

www.burmeseclassic.com



အချစ်ဆိုတာ လုံး၀။ ဒါတွေအားလုံးကို ဘာမှ ဂရုထားခဲ့တာမှ မဟုတ်တာ။ နှုတ်များက ပြောပြတာတောင် ကြားဖူးတာမဟုတ်။ တစ်ခုမှ

"အဲဒီထက်ပိုတယ်"

"ကဲ ထားပါတော့၊ မီတို့ Beauty Saloon သွားမလား ကြယ်၊ ကြယ့်ဆံပင်တွေ ကာလာပြောင်းရင်းပေါ့၊ ဒီဆံပင်အရောင်ကြီးနဲ့ ကြည့်ရတာ ကြယ့်မျက်နှာက မသစ်တော့သလိုပဲ"

မီမီက စကားစကိုဖြတ်သည်။ ယုယကိုလည်း မျက်စေ့မှိတ် ခေါင်းယမ်းပြ၏။ ဒီအကြောင်း ဒီအတွေးထဲမှ ကြယ်ကို ရုန်းထွက်စေချင်လှပါပြီ။ ကိုယ့်အရှင်သခင် ကိုယ့်သူငယ်ချင်းဟာ တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာကို မကြည့်ရက်ပေ။

"လာပါ ကြယ်ရယ်၊ နောက်တစ်ကြိမ် မှန်တိုင်းနဲ့တွေ့တော့ ကြယ် လှနေဖို့လိုတာပေါ့"

ကြယ် တွေဝေစွာ မှန်ထဲက သူမမျက်နှာကို ကြည့်သည်။ တောက်ပခြင်းကင်းတဲ့ မျက်ဝန်းတွေ၊ နှုတ်ခမ်းတွေကလည်း ပန်းရောင်ဖျော့ဖျော့နှင့်။ မှန်တိုင်းနဲ့တွေ့ရရင်တော့ ကြယ့်ဘ၀ရဲ့



အကြီးကျယ်ဆုံး ပြောင်းလဲခြင်းတစ်မျိုး ဖြစ်စေနိုင်ပါသည်။

ကြယ်တို့တတွေက ဖောက်သည်ဆိုင်သို့ ရောက်ခဲ့၏။ ဆိုင်ရှင်က အစ်မကြီးဖြစ်ပေမယ့် ဆိုင်ဝန်ထမ်းတွေဟာ များသောအားဖြင့် ကောင်လေးတွေ ရှိတတ်ပါသည်။ ကြယ်တို့တတွေက ဖောက်သည်တွေ ဖြစ်နေတာကြောင့် အစ်မကြီးသည် ပျာပျာသလဲ ခရီးဦးကြိုပြုကာ…

"ကြည့်စမ်း…သုံးယောက်စလုံး ပျောက်ချက်သား ကောင်းနေကြတာ၊ အစ်မက နောက်တစ်ဆိုင်များ ပြောင်းသွားပြီလားလို့"

"မဟုတ်တာ အစ်မရယ်၊ မလာတာက ကြယ့်ကြောင့်"

"ဟယ်…ဘာဖြစ်လို့လဲ ကြယ်က"

ကြယ်သည် မီမီအား မျက်စောင်းပိပ်ထိုးရင်း…

"အဟင်း…လူတစ်ယောက်ကိုရှာနေရလို့ပါ၊ ကဲ အစ်မ ကြယ်က ဆံပင်ကာလာပြောင်းမယ်"

စကားစကို ဖြတ်ချပစ်ရသည်။ အစ်မကြီးကတော့ ရွှန်းရွှန်းဝေအောင် စကားတွေဆိုရင်း ကြယ် လက်ထဲသို့ ဆံပင်အရောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ခြယ်ထားသော စာအုပ်ကြီးအား ထိုးပေးသည်။

မီနှင့်ယု နှစ်ယောက်ကတော့ မျက်နှာပေါင်းတင်မယ်ဆိုတာ အတွင်းခန်းဆီ ဝင်သွားကြပြီဖြစ်၏။ ကြယ်က စိတ်တိုင်းကျအရောင်ရွေးပြီး ခေါင်းလျှော်ရန် ခုတင်၌ လှဲပေးလိုက်သည်။

ခေါင်းလျှော်ပေးတာကတော့ ရင်းနှီးပြီးသား မိန်းကလေးပင်။ လျှော်ပြီးမှ ကြယ် ဆေးဆိုးရန် ခုံ၌ထိုင်သည်။ အနီးမှာဆေးဆိုးလျှင် ကြာလေ့ကြာထရှိတာမို့ ကြယ်က မဂ္ဂဇင်းစာအုပ်ကိုကောက်ကိုင်မိသည်။

စိတ်ထဲ ညစ်ထွေးနောက်ကျိနေတာကြောင့် စာအုပ်ထဲကအကြောင်းအရာတွေက ဘာမှန်းမသိ။ ထိုအခိုက်မှာပဲ ကြယ့်နားထဲသို့ စိမ်းသက်သော အသံတစ်သံက တိုးဝင်လာတာဖြစ်သည်။

"အဲဒီတစ်ယောက်ပြီးရင် မင်းဂျူတီပြီးပြီလား မုန့်တိုင်း"

"ဟုတ်ကဲ့"

"ကိုယ့်ကို ကူပါဦးကွာ"

"ရတာယ်လေ"

ကြယ် ဆတ်ခနဲဖြစ်သွားသည်။ ခေါင်းကလည်း အလိုလို



မော့ပြီးသား။ အကြည့်တွေက ရှေ့က မှန်ချပ်ကြီးထဲပေါ်နေသည့်ရုပ်ပုံလွှာတစ်ခုဆီ၌။ ခေတ္တခဏ ဝိညာဉ်အနုတ်ခံရသူလို ဖြစ်သွားရသည်။

မှန်ထဲပေါ်နေတာက တစ်သက် ကြယ် မမေ့တော့သောရုပ်သွင်။ ဖြူဝင်းနုစိုနေသည့် အသားအရေပေါ် ထင်ရှားမည်းနက်သည့် မျက်ခုံး၊ မျက်လုံးတွေက မှေးစင်းစင်းပါ။ ဒါပေမယ့် တိုစိပ်စိပ် မျက်တောင်တွေကြောင့် ပေါ်လွင်သည်။

နှာတံက ကျစ်လစ်ဖြောင့်စွင်း၏။ နှုတ်ခမ်းတွေက ပါးလျပိရိသည်။ ရင်ခုန်စရာအကောင်းဆုံးက ခိုင်ကျည်သော မေးရိုးတစ်လျှောက်မှာ စိမ်းမြမြ ပါးသိုင်းမွေးတွေ ရှိခြင်းပင်။

ကြယ် ငေးနေတာများ တမေ့တမော။ ရင်ခုန်ခြင်းတွေလည်း ရပ်၊ ကမ္ဘာကြီးလည်း ရပ်တန့်ကုန်သည်။ စိတ်ထဲ၌ တခြားဘာမှမရှိတော့။ မုန့်တိုင်းဆိုတဲ့ သူတစ်ယောက်သာ ရှိသလိုထင်ရ၏။ ဒါပေမယ့် မုန့်တိုင်းကတော့ ကြယ် အကြည့်တွေအောက်မှာ မျက်ခုံးနှစ်ခုကို ထိစပ်လုနီးပါး ဆတ်ခနဲ ကျုံ့ပစ်လျက်။

မျက်နှာချောချောက တင်းမာအေးစက်စွာ ကြယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



သဘောမကျသလို ကြည့်သည်။

ဘယ်လိုလေးမှန်းကို မသိ။

မုန်တိုင်းကိုတွေ့တာနှင့် လှပသည့်မျက်နှာလေးက တအံ့တသြ။ ရှန်းလက်တောက်ပသော မျက်လုံးဝိုင်းလေးတွေက မုန်တိုင်းမျက်နှာက မခွာ။

"ဆံပင်ကို ဆေးဆိုးမယ်"

"ရှင်"

"မင်းကိုပြောတာ"

"ဟင်"

ကြယ်စင်သုတ။

လှပသည့် သူမမျက်နှာလေးက မုန်တိုင်းရင်ထဲ သိသာစွာ လှုပ်ခတ်သွားသည်။

"သြော်...ဟုတ်သားပဲ၊ ဆောရီး"

ပြောပြီး ခေါင်းကို ဆတ်ခနဲ ငုံ့ပေးသည်။

"အဲလောက်ကြီးမလိုဘူးလေ၊ မင်း ဆေးမဆိုးဖူးဘူးလား"







"ရှင်က မုန်တိုင်းနော်"

မုန်တိုင်း ပြောတာကတခြား၊ သူမမေးတာက တလွဲ။

"မင်းက ကိုယ့်ကိုသိလို့လား"

မေ့လို့ ရှုချွေ မာနကြီးပြီးတော့ စနစ်ကျသော မိန်းမဆစ်ယောက်နှင့် အနီးကပ်ဆက်ဆံခဲ့ရတာမို့ ဒီလိုဖြူတ်စဗျင်းတောင်းကို လုံးဝအထင်ကြီးလို့ကိုမရ။ ထို့ကြောင့် မျက်နှာထားတင်းတင်းနှင့် မေးလိုက်တာ နောက်မပတ်သက်ရဲအောင်ပါ။

"ဟင့်အင်း...မုန်တိုင်းကို ကြယ် မသိပါဘူး"

"မသိဘဲနဲ့ ကိုယ့်နာမည် ဘယ်လိုသိနေတာလဲ"

"ဒီလိုပဲ ကြားဖူးလို့ပါ"

ကြယ့်မျက်လုံးလေးက ခပ်ပြုံးပြုံး။

မုန်တိုင်းကတော့ ကြယ်နှင့် ဆန့်ကျင်ဘက်။

မပတ်သက်ချင်ပါဘူးဆိုမှ ကံဖန်ပြီး ကြယ်ဆိုသည့် မိန်းမလှလေးနှင့် လာဆုံနေရတာကို သဘောမတွေ့။

"ကြယ့်နာမည် ကြယ်စင်သုတ"

"မင်းကို ဘယ်သူကမေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်ကပြောချင်လို့ဆိုရင်ရော"

လှပသည့်မျက်နှာလေးကို မုန်တိုင်း စိုက်ကြည့်ပစ်လိုက်သည်။ ကြယ်ကလည်း သူ့အကြည့်ကို လုံးဝမလွှဲ။

"ဒီလိုပဲ မင်းက တခြားလူတွေကို လိုက်ပြောနေကြလား"

"ဟင့်အင်း…မုန်တိုင်းတစ်ယောက်တည်းကိုပဲ ပြောတာ"

ရဲတင်းသည်လို့ ပြောရမလား။ ဒါမှမဟုတ် ရင်ထဲရှိတာကို ဟန်မဆောင်တမ်း ပြောတတ်တာကိုပဲ ရိုးသားခြင်းလို့ လေးစားဂုဏ်ပြုလိုက်ရမည်လား။ ဘာပဲပြောပြော ကြယ်စင်သုတဆိုသည့် မိန်းကလေးရဲ့စကားလုံး၊ အပြုအမူတွေတိုင်း မုန်တိုင်းနားထဲမှာရော မျက်လုံးထဲမှာပါ ကန့်လန့်ကြီးဖြစ်နေ၏။

မုန်တိုင်းဘဝမှာ ဒီလိုမိန်းကလေးမျိုး မြင်ဖူးတွေ့ဖူးတာ ဒါပထမဆုံးဖြစ်သည့်အတိုင်း ကြယ် အပြုအမူတိုင်း မကျေမနပ်ဒေါသဖြစ်နေသည်။ ဒီနေ့မှ အစ်မတစ်ယောက်လိုခင်ရသော မဂျူလီရဲ့ ဗျူတီပါလာကို လာမိတာ နောင်တရချင်ပြန်သည်။



မုန်တိုင်းသာ အချိန်မီပိုင်း ဝင်ကူမပေးမိလျှင် ကြယ်စင်သုတနှင့် တွေ့စရာအကြောင်းမရှိ။ အခုတော့ သူ့မကြောင့် မုန်တိုင်းမျက်နှာ ပိုတင်းသွားသည်။

"မင်း…ဘယ်လိုမိန်းကလေးလဲ ကြယ်စင်သုတ"

"သူလိုကိုယ်လိုထဲကပါပဲ မုန်တိုင်းရဲ့၊ ဘာဖြစ်လို့လဲဟင်"

"မိန်းကလေးတို့ဣန္ဒြေ ရှေ့ပေးလို့မရဘဲ"

"မုန်တိုင်းကို နာမည်ပြောမိတာ မကြိုက်ဘူးပေါ့"

သူ ဒီလောက်ပြောထားတဲ့ကြားက ရှေ့ဆက်ကဲနေသည့် မိန်းကလေးနှင့် မုန်တိုင်း မပတ်သက်ချင်။ မျက်နှာထားတင်းတင်းနှင့် နေရာက လှည့်အထွက်…

"မုန်တိုင်း"

"ဟာ"

ကြယ်က မုန်တိုင်းအင်္ကျီစကို လှမ်းဆွဲလိုက်သဖြင့် မုန်တိုင်းအင်္ကျီကို ဆေးတွေစွန်းကုန်သည်။

"ဆောရီးနော် မုန်တိုင်း၊ ကြယ်ကြောင့် မုန်တိုင်း အင်္ကျီမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆေးတွေပေကုန်ပြီ''

''ကျွန်တော်သွားတော့မယ် မမဂျူလီ''

အနားရောက်လာသည့် ဆိုင်ရှင်မမလက်ထဲ ဆေးခွက်ပေးလိုက်သည်။

''မုန်တိုင်း နေဦးလေ''

နောက်ကို မုန်တိုင်း လှည့်မကြည့်တော့။ ကြယ်စင်သုတကို စိတ်ပျက်စွာ ကျောခိုင်းခဲ့သည်။

''လုပ်ပါဦး မမရယ်၊ ကြယ်ကြောင့် မုန်တိုင်းအင်္ကျီမှာ ဆေးတွေပေကုန်ပြီ၊ သူ စိတ်ဆိုးသွားပြီ''

''မဟုတ်လောက်ပါဘူး ကြယ်ရယ်၊ မုန်တိုင်းက အလွယ်နဲ့ စိတ်မဆိုးပါဘူး''

''ကြယ့်ကို သူ့အိမ်လိပ်စာပေးပါ အမ၊ သူ့အတွက် အင်္ကျီအသစ် ကြယ် ပြန်ဝယ်ပေးချင်လို့ပါ''

''သူကြိုက်ပါ့မလားကွယ်''

''ကြယ်ကိုကူညီပါ မမရယ်၊ မုန်တိုင်း ကြယ့်ကို တကယ်စိတ်ဆိုးသွားတာ ကြယ် သိတယ်''



ဆိုင်ရှင်မမက မုန်တိုင်းအိမ်လိပ်စာကို ကြယ့်ကိုပေးရင်း သက်ပြင်းချသည်။

ကြယ်ကတော့ မျက်နှာထားတင်းတင်းနှင့် ကြယ့်ကို လုံးဝစိတ်မဝင်စားသည့် မုန်တိုင်းကိုမှ ထူးဆန်းစွာ ရင်ခုန်စိတ်ဝင်စားလျက်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"ဘယ်နှယ်....အိပ်ရာက အခုချိန်ထိ မထသေးဘူးလား ကာလနဂါးမင်းရဲ့"

မိထွေးဖြစ်သူ၏ အသံစူးစူးက မုန့်တိုင်းနှားထဲ ခွေဝင်သည်။ သူ့လက်က တရုတ်ပြည်မှ Casio နာရီကိုကြည့်တော့ မနက်ခြောက်နာရီတောင် မထိုးတတ်သေး။

"မင်းကလည်းကွာ စောစောစီးစီးကို"

ဖေဖေ့အသံက ခပ်အုပ်အုပ်။

"ခြောက်နာရီက စောသေးလား ကိုအောင်ရဲ့၊ ဒီမှာ တစ်အိမ်လုံးစားဖို့ ကျွန်မ ချက်ပြီးပြီ၊ ခြင်ထောင်တစ်လုံးလျှော်ပြီးပြီ၊ ဒီခြင်ထောင်က ဒီနေ့အပြီး အခြောက်ခံပြီးပေးရမှာ၊ အိမ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြီးပြီ၊ ဒီအချိန်ထပြီး ရေခွဲပေးမှ ကျုပ်လည်း တစ်ရပ်ကွက်လုံးက အဝတ်တွေ လျှော်ပေးလို့ဖြစ်မှာပေါ့''

''မလျှော်နိုင်ရင် မလျှော်နဲ့ပေါ့ကွ''

''မလျှော်ဘဲနေချင်တာပေါ့၊ ရှင့်လုပ်စာနဲ့မှ မဝတာ၊ အားကိုးလို့ချင်လို့ လင်ယူမိပါတယ်၊ လင်ပါသားမါ ရှာကျွေးနေရတဲ့အဖြစ်''

မုန့်တိုင်း ကြားရသောစကားတွေအတွက် ရင်ဆဲ တင်းခံနေဖြစ်သွားသည်။ မုန့်တိုင်းမိထွေး ဒေါ်ကြည်ဝင်းဟာ အခြားမိထွေးတွေလိုတော့ မဟုတ်။ အလုပ်နဲ့လက် မပြတ်အောင်လုပ်သည်။ ရသမျှလုပ်ခနဲ့ ကောင်းကောင်းစားသည်။

သူစားသလို မုန့်တိုင်းတို့သားအဖကိုလည်း ကျွေးပါသည်။ စိတ်ရင်းသဘော မဆိုးပေမယ့် နှုတ်က ကြမ်းသည်။ မုန့်တိုင်းလည်း တတ်နိုင်သမျှ မိထွေးကို ကူလုပ်ပေးသည်။ ရေခွဲပေးတာ၊ ထင်းခွဲပေးတာ၊ ဒီကြားထဲ အဆက်အသွယ်ကောင်း၍ ပွဲစားအလုပ်ဖြစ်လျှင် ရသမျှပွဲခ မိထွေးလက် အကုန်အပ်သည်။

ထိုအခါမျိုးဆိုရင်တော့ မတည်မတင်းမျက်နှာနှင့်…



''နင်…အဲဒီလိုအမြဲရှာနေနိုင်ရင် ကောင်းမှာပဲ မုန့်တိုင်းရယ်၊ ပိုက်ဆံထပ်စုပြီး အိမ်လေးပြင်လို့ရတာပေါ့''

လို့ ပြောတတ်သည်။ ရပ်ရှင်တွေ၊ တအုပ်တွေထဲက မိထွေးတွေထက်တော့ အပုံကြီးသာပါသည်။ ဒါပေမယ့် ပွဲစားအလုပ်က ပုံမှန်မဟုတ်။ မိသားစု စားဝတ်နေရေးအတွက် မိထွေးကပဲ ဦးဆောင်ဖြေရှင်းသူအဖြစ် ဒီလိုပြဿနာတွေကလည်း နေ့စဉ်ရက်ဆက်။

မုန့်တိုင်းကိုယ်တိုင်ကလည်း အလုပ်နှင့်လက် မပြတ်အောင် ကြိုးစားလုပ်ပေမယ့် အဆင်မပြေ။

''မုန့်တိုင်းလည်း သူလုပ်နိုင်သလောက် လုပ်တာပဲ ကြည်ဝင်းရယ်''

''ကျွန်မကလည်း မလုပ်ဘူးလို့ မပြောပါဘူး၊ မနက်ခင်းတော့ စောစောထပြီး ကူ၊ အားတဲ့နေ့ခင်းတော့ ပြန်အိပ်ပေါ့၊ အခုဟာက တစ်နေ့ခင်းလုံး တစ်ညလုံး သွားချင်ရာသွားပြီး မနက်ကျမှနိုးရ၊ ကိုးနာရီမှထတော့ သူကသူဌေးလား ကိုအောင်၊ ဆယ်တန်းအောင်ခင်က မအောင်လို့၊ ဟော အောင်ပြီးတော့လည်း ဘွဲ့မရ




www.burmeseclassic.com

www.burmeseclassic.com



လို့၊ ဘွဲ့ရပြီးတော့လည်း သူ့ဝါသနာမပါတဲ့ အလုပ်မို့လို့တဲ့"

"ကဲ...တော်ပါတော့ကွာ"

"မတော်နိုင်ပါဘူး၊ ဝါသနာကလည်း အကျီချုပ်တာတဲ့၊ ကြားဖူးပါဘူး၊ ယောကျ်ားကြီး အကျီချုပ်တယ်လို့"

သူ့ဝါသနာကိုထိတော့ မုန့်တိုင်း မခံနိုင်။ ပြင်းပြထက်သန်သောစွဲဖြင့် လုပ်လျှင် အောင်မြင်မယ်ဟု သူယုံကြည်ထားသည်။ ထို့ကြောင့် သူ့ရည်ရွယ်ချက်၊ သူ့ယုံကြည်ချက်ကို ဖျက်ဆီးသည့် စကားမျိုးကို သူ ဘယ်နည်းနဲ့မှ လက်သင့်မခံနိုင်ပါ။ ထိုအခိုက်မှာပင်...

"ဒီအိမ်က မုန့်တိုင်းတို့ အိမ်ပါလားရှင်"

နူးညံ့ချိုသာသည့်မေးသံ။ သူတို့အိမ်ရှိ အသံတွေ တိခနဲ တိတ်ကျသွားသည်။ မုန့်တိုင်းကိုယ်တိုင် စိတ်ဝင်စားခြင်းများစွာဖြင့် အိပ်ရာက ဝုန်းခနဲထလိုက်မိသည်အထိ အသံရှင်ကို စိတ်ဝင်တစားဖြစ်သွားသည်။

"ဒါ...မုန့်တိုင်းရဲ့အိမ် ဟုတ်ပါတယ်နော် ဦးလေး"

"အေး...ဟုတ်တယ် ကလေးမ၊ ဘာကိစ္စရှိလို့လဲ"



မုန့်တိုင်းအဖေက ဖြေခြင်းမဟုတ်။ မိခွေး ဒေါ်ကြည်ဝင်းက ဝင်ဖြေခြင်းဖြစ်သည်။ သူမတို့အိမ်ရှေ့မှာ ရပ်နေတာက ဝင်းအိလှပသော မိန်းကလေးသုံးယောက်။ အဝတ်အစားတွေက ရုပ်ရှင်မင်းသမီးတွေအတိုင်း။

တန်ဖိုး ဘယ်မျှမြင့်သည်တော့ ဒေါ်ကြည်ဝင်း မသိ။ ကောင်းတာတော့ သိသည်။ ခနော်နီခနော်နဲ့ လမ်းစုတ်လေးထဲက အိမ်လေးရှေ့မှာ ရပ်ထားသော ကားကြီးရဲ့ သည်ဝါမှုကတော့ ဒေါ်ကြည်ဝင်းကို ဖျားသွားစေလောက်သည်။

မုန့်တိုင်း ဒီလို နထွတ်ဖွေးဥနေသော မိန်းကလေးသုံးယောက်နှင့် မည်သို့ပတ်သက်ပါလိမ့်ဟု ဒေါ်ကြည်ဝင်း အတွေးမဆုံးခင်မှာပဲ...

"ဟို...ကြယ်က ကြယ်စင်သုတပါ၊ ဒါ သမီးရဲ့သူငယ်ချင်းတွေပါ၊ မုန့်တိုင်းအကျီလေး ကြယ်ကြောင့် ငွန်းသွားလို့၊ အဲဒါ"

ဒီလောက်ဆို ဒေါ်ကြည်ဝင်းတို့ သဘောပေါက်ပြီ။ ထို့ကြောင့်....

"သြော်...အေး...အေး အိမ်ပေါ်တက်လေ၊ လာ ထိုင်၊

www.burmeseclassic.com



ကိုအောင် ရှင့်သားကို သွားနှိုးပေးလိုက်"

"အေး...အေး"

မုန့်တိုင်းအဖေ ဦးအောင်က နေရာကထသွားသည်။ ဒေါ်ကြည်ဝင်းက အကဲခတ်တုန်း။ လက်ထဲ၌ အိတ်တွေအသီးသီး ဆွဲထားတာက အင်္ကျီတစ်ထည်တည်းတော့ မဖြစ်နိုင်။

"ဒါက ဟိုလူကြီးတွေအတွက် မုန့်နဲ့ကော်ဖီပါ၊ ဒါက ပန်းသီးနဲ့ ဒီဟာက ကိတ်မုန့်ပါ၊ အန်တီနဲ့ဦးလေးအတွက်ပါ"

"အို...အကုန် အကောင်းစားတွေချည်းပါလား"

ဒေါ်ကြည်ဝင်း ဟန်ပင်မဆောင်နိုင်။ အိတ်တွေကို ချက်ချင်းဖွင့်ကြည့်သည်။ တီဗီ၌ ကြော်ငြာသော မုန့်တွေချည်း။ ပန်းသီးတွေကလည်း အကြီးကြီး။

"ဟုတ်ကဲ့...ကြယ်က အန်တီတို့အကြိုက် မသိတာနဲ့"

"သြော်...ဒါတွေလည်း ကြိုက်ပါတယ်၊ တစ်ခါမှ မစားဖူးပေမယ့် စားချင်နေတာကြာပြီ"

"စားပါ အန်တီ၊ ကုန်သွားရင် ကြယ် ထပ်ဝယ်ကျွေးပါ့မယ်"





ကြယ်က ရိုးသားပုံပေါ်သော အဒေါ်ကြီးကို ကရုဏာသက်သွားရသည်။ မီမီက တံတောင်ဖြင့် တွတ်တာကိုတောင် ဂရုမစိုက်။ ခမျာ မစားရဘူးထင်ပါရဲ့။ ဒါမျိုးအစားအစာဆိုတာ အိမ်မှာ အလျှံပယ်လေ။

ထိုအဒေါ်ကြီးကတော့ ကြယ်အား ရင်းနှီးချစ်ခင်သော မျက်လုံးတွေနှင့် အတန်ကြာ ငေးစိုက်ကြည့်ကာ...

"ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါနဲ့ သမီးနဲ့မုန့်တိုင်းက"

"ကြယ့်ကြောင့် မုန့်တိုင်းအင်္ကျီ စွန်းသွားတယ်လေ၊ အဲဒါကြောင့် အလျော်လာပေးတာပါ အန်တီ"

မီမီက ခပ်ပြတ်ပြတ် ဝင်ပြောပေးသည်။ လမ်းဟာ အုတ်နီခဲတွေ ခင်းထားတာ မညီမညာ လမ်းသွယ်၊ အိမ်က ယိုင်တိုင်တိုင်။ ဒီထဲမှာ နေသူဟာ မနေ့က ကြယ်ကို မျက်နှာထားတင်းတင်းနဲ့ တွေ့မတန်သလို ဆက်ဆံသွားတယ်ဆိုထဲက ပြန်ကြားတာနှင့်တင် ဒေါသက ထွက်လှပြီ။ ဒါကို ဒီမယ်မင်းကြီးမက အင်္ကျီအလျော်ပေးချင်ပါသည်ဆိုတာနှင့် ဆိုင်ရှင်ပေးသည့် လိပ်စာအတိုင်း ရောက်လာခြင်းဖြစ်သည်။ ရောက်တာ အတော်ကြာလှပြီ။ အခုချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ချောက ထွက်မလာသေး။ ဒါ ဘာအချိုးလဲ။ ယုယ မျက်နှာကို ကြည့်တော့ သူမလိုပဲ ဒေါသထွက်နေဟန်တူပါသည်။ ထိုအခိုက်မှာပဲ စောစောက ဦးလေးကြီးက ပြန်ထွက်လာသည်။

"မုန်တိုင်းရော ကိုအောင်"

"မရှိတော့ဘူး"

"ဘာ"

"မရှိတော့ဘူးကွ၊ အစောကြီးထွက်သွားပြီနဲ့တူတယ်"

ဒေါ်ကြည်ဝင်းက မုန်တိုင်းအဖေမျက်နှာကို စေ့စေ့ကြည့်သည်။ စကားကို ယုံဟန်မတူ။ ဆတ်ခနဲထပြီး အခန်းထဲဝင်ရန် ဟန်ပြင်သည်။ ဦးအောင်က ဒေါ်ကြည်ဝင်းလက်ကောက်ဝတ်ကို ခပ်ဖိဖိ ဖမ်းဆွဲထားရင်းက…

"မရှိတော့ပါဘူးဆို၊ ရှာမနေနဲ့ အပိုပဲ"

ဟုဆိုသည်။ မလိမ်စဖူး လိမ်သော ဦးအောင်မျက်နှာ၌ မလုံမလဲအရိပ်တွေ ပေါ်နေသည်ဆိုတာ ကိုယ်တိုင်သိပါသည်။ သို့ပေမယ့် မတတ်နိုင်။ သားက မတွေ့ချင်ဘူးလို့ပြောလာတာကိုး။

"ကဲ…မရှိဘူးဆိုတော့လည်း ပြန်ကြတာပေါ့ ကြယ်"



ယုယက ခပ်မာမာပြောသည်။ ဒေါ်ကြည်ဝင်းကတော့ အလွန်အမင်း အားနာသွားဟန်နှင့်…

"ဒီကောင်လေးနှယ် ဒီလောက်အစောကြီး ဘယ်ထွက်သွားပါလိမ့်၊ မိုးတောင်မလင်းသေးဘူး၊ နေနှင့်ဦး ပြန်လာမှ"

"ရပါတယ် အန်တီ၊ ကြယ်တို့က တမင်ချိန်းပြီးလာတာမှ မဟုတ်တာ၊ မုန်တိုင်းမှာလည်း ကိစ္စရှိမှာပေါ့၊ သူ့ကို ဒီအင်္ကျီလေးသာ ပေးပေးပါနော်၊ ဒါ ကြယ်ရဲ့လိပ်စာကဒ်၊ အထဲမှာ ဖုန်းနံပါတ်လည်းပါတယ်၊ ကိစ္စရှိရင် လှမ်းဆက်သွယ်ပါနော်"

ကြယ်က အင်္ကျီထုပ်ကို တရိုတသေ ကမ်းပေးသည်။

"အေးကွယ်…အေး…အေး နောင်လည်း ဝင်ပါထွက်ပါနော် သမီး"

"ဟုတ်ကဲ့"

ဒေါ်ကြည်ဝင်းစကားကို မီက သဘောကျ။ ကြယ်ကတော့ မုန်တိုင်းကို မတွေ့ပေမယ့် မုန်တိုင်းနေသည့်အိမ်လေးကိုပဲ စိတ်လှုပ်ရှားစွာ လှည့်ပတ်ကြည့်ပြီးမှ နှုတ်ဆက်ပြန်ခဲ့သည်။

"မုန်တိုင်း"

www.burmeseclassic.com

www.burmeseclassic.com



"လာပြီ"

ဒေါ်ကြည်ဝင်း အသံအဆုံးမှာ မုန့်တိုင်း အခန်းထဲက ထွက်လာသည်။

မုန့်တိုင်း၏မျက်နှာက ခပ်တင်းတင်း။

"မင်းက ဘယ်လိုလုပ်လိုက်တာလဲ၊ ကလေးမလေးတွေကို အားနာစရာ"

"ဘာမှအားနာစရာမလိုပါဘူးဗျာ၊ သူတို့ကိုလည်း ကျွန်တော်မသိဘူး"

"ဟဲ့…မသိဘဲနဲ့ ဟိုက ဒီအထိအောင် ဒုက္ခခံပြီး လိုက်လာပါ့မလား"

"အဲဒါက သူတို့ကိစ္စပါ၊ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး"

"မင်းကို အင်္ကျီအသစ် လာပေးတာတဲ့"

"ပြန်ပေးလိုက်တာမဟုတ်ဘူးဗျာ၊ ဘာလို့ ဒါတွေလက်ခံထားလိုက်ရတာလဲ"

"အလိုတော် အလကားရတာကိုပဲ သူက တစ်ပြန်စီး"

မုန့်တိုင်း မိထွေးတော်ကို စူးခနဲပြန်ကြည့်သည်။

"အလကားရတိုင်း မက်မောတဲ့အထဲမှာ ကျွန်တော်မပါဘူး ဒေါ်လေး"

"သြော်…မင်းက ငါ့ကို မက်မောတယ်လို့ ပြောတာပေါ့ ဟုတ်လား"

ခုနစ်သံချီပြီး ထအော်သည်။ သားနှင့်မိန်းမကြား ဗျာများနေရသူက အဖေ။

"ကဲ…အေးအေးဆေးဆေး ပြောပါကွာ၊ မင်းတို့ကလဲ"

"ရှင့်သားရှင်ပြော ကိုအောင်၊ ဘယ့်နှယ် ကိုယ့်အိမ်ရှာနာတွင်းကြီးဆိုက်လာတာကို သင်းက ဖယ်ပစ်ချင်နေတာ"

အဲဒီရတနာတွင်းထဲမှာ အဆိပ်တွေ ဘယ်လောက်ရှိတယ်ဆိုတာ သူမိထွေးမသိ။ မုန့်တိုင်း ဒေါသတွေမထိန်းနိုင်တော့။ ရှေ့ရှိသော အင်္ကျီထုပ်ကို အခန်းထောင့်စီ ဝုန်းခနဲ ပစ်ပေါက်ပြီး အိမ်ပေါ်က ဆင်းလာခဲ့သည်။

မျက်နှာသစ်ပြီးတာနှင့် ခြေလှမ်းတွေက လက်ဖက်ရည်ဆိုင်ဘက် ထွက်ခဲ့သည်။ ရင်ထဲမှာ ဒေါသနှင့် ခံပြင်းခြင်းတွေကြောင့် စပ်ဖျင်းဖျင်း။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မပတ်သက်ချင်တာကို သိရက်နဲ့ မုန့်တိုင်းအိမ်အထိ လိုက်လာသော ကြယ်စင်သုတဆိုသည့် မိန်းမလှလေးမျက်နှာကို ပြန်မြင်ယောင်မိတာနှင့် တည်တင်းသောမျက်နှာက ပို၍ခက်ထန် သွားသည်။

◆ ◆ ◆

## အခန်း (၁၀)

"မုန့်တိုင်းဆိုတဲ့လူနဲ့ နောက်ထပ်ပတ်သက်ဖို့ မလိုတော့ ဘူးထင်တယ် ကြယ်"

ကြယ်က ချေပရန် နှုတ်ခမ်းအဖွင့်မှာပင် မီမီက ဆက်ပြောသည်။

"နဖူးစာရွာလည်တယ်ဆိုပေမယ့် ကြယ်နဲ့သူ့အခြေအနေ က လုံးဝဆန့်ကျင်ဘက်ပဲ"

"မီပြောတာ မှန်တယ် ကြယ်၊ ဒီဇာတ်လမ်းကို ဒီမှာပဲ ရပ်လိုက်တော့"

ယုယကလည်း တစ်လေသံတည်း ထွက်လာသည်။ ကြယ်ကတော့ ဒီလိုစကားမျိုး မုန့်တိုင်းအိမ်ကအပြန် ကတည်းက

www.burmeseclassic.com



ထွက်လာမည်ဆိုတာ သိပြီးသားပါ။ မိမိတို့က မုန့်တိုင်းပုံစံကိုရော မုန့်တိုင်းဘဝကိုပါ သဘောမကျ။ ခက်တာက ကြယ်ကိုယ်တိုင် မုန့်တိုင်းကို ရင်ခုန်စိတ်လှုပ်ရှားနေမိခြင်းဖြစ်သည်။

ကြယ့်သက်တမ်းတစ်လျှောက် အမြဲလိုတရခဲ့သည်။ လက်ညှိုးညွှန်တိုင်း ဖြစ်စေဆိုသော ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့သည်။ တွေ့သမျှလူတိုင်းဟာလည်း ကြယ်ရဲ့သဘောတစ်ခုသာဖြစ်သည်။ ဒီတော့ ကြယ့်စိတ်ကူးတွေက မရင့်ကျက်။ အားလုံးက ကြယ် အလိုကျ ကြယ်သဘောအတိုင်းချည်း ဖြစ်ခဲ့သမျှ အခုမှ ကြယ့် ဘာကိုကြောက်ပြီး ဘာကိုနောက်ဆုတ်နေရမည်နည်း။

မုန့်တိုင်းကလည်း ကြယ်တွေ့ဖူးတဲ့ ယောကျ်ားတွေ မတူ။ တခြားယောကျ်ားတွေလို ကြယ်ရှေ့မှာ ဒူးထောက်ခစား သူမဟုတ်။ ကြယ်နှင့်တွေ့တဲ့သူတိုင်း ကြယ့်သဘော၊ ကြယ့်ဆ ဘာမဆိုလိုက်လျောရန် အသင့်။ သူကျမှ ဘာကြောင့် ကြယ့်ဆ တွေကို မျက်နှာလွှဲပစ်ချင်တာပါလိမ့်။ ဘာကြောင့် ငြင်းဆန် တာပါလိမ့်။ ကြယ်မသိတော့။ ဒါပေမယ့် တစ်ခုကံကောင်းတာ မုန့်တိုင်းမိဘကတော့ ကြယ့်ကို ကြည်ဖြူသည်။



ထိုအတွက် ကြယ် ကျေနပ်ရပါသည်၊ မုန့်တိုင်းရော ကြည်ဖြူဘူးလား။ မုန့်တိုင်းသာ ကြည်ဖြူမယ်ဆိုရင် ကြယ်အနေ နှင့် ဘာပဲပေးဆပ်ရပါစေ ပေးဆပ်ချင်ပါသည်။ မုန့်တိုင်းအနားမှ ထွက်ခွာခွင့်ကလွဲ၍ပေါ့။

"ကြယ်"

"အမေ"

ကြယ်လက်မောင်းကို လာထိသဖြင့် ကြယ် လန့်သွားရ သည်။

"ဘာလဲ...ယု လန့်လိုက်တာ"

"လန့်မှာပေါ့၊ ဒီမှာခေါ်နေတာ ကြာလှပြီ၊ ကြယ့်စိတ်ကူး ဘယ်ရောက်နေလဲမှ မသိတာ"

မိမိက မျက်စောင်းထိုးရင်း ဆိုသည်။

"ဘာလဲ...ဘာပြောမလို့လဲ ယု"

"ကြယ် အဲဒီကို ထပ်သွားစရာမလိုဘူးနော်၊ ယု ပြောပြီး ။ ဖူးစာပါရင် သူ့အလိုလိုဆုံမှာပဲ"

"ကြယ်က တွေ့ချင်နေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ကြယ်နော်"

ထအော်တားမြစ်သူက ယုယ။

"ဒီစကား ဒီတင်ရပ် ကြယ်၊ ဟိုက အစောကြီးကတည်းက ကြယ့်ကို အထင်သေးတဲ့ မျက်ဝန်းတွေနဲ့ ကြည့်နေတာ၊ ကြယ်ပြောတာသာကြားရင် သူ့ခေါင်းနဲ့ ကောင်းကင်တက်တောင်စောင့်နေဦးမှာ"

"ကြယ် အမှန်အတိုင်းပြောတာ ယုယ၊ ကြယ် သူ့ကိုချစ်မိသွားပြီနဲ့တူတယ်၊ သူနဲ့တွေ့ရင် ကြယ် ရင်ခုန်တယ်၊ ပြီးတော့ ဘာမှမသိတော့ဘူး၊ သူ့မျက်နှာကို ကြယ်မြင်ရရင် ပျော်တယ်၊ သူစိတ်ချမ်းသာတာ မြင်ချင်တယ်၊ သူ့ကို သနားတယ်၊ သူ့လိုအပ်ချက်တွေ ကြယ် ဖြည့်ဆည်းပေးချင်တယ်၊ ကြယ် သူ့ဆီက ဘာမှ မမျှော်လင့်ဘူး၊ ကြယ်ကပဲ ပေးချင်နေတာ၊ အဲဒါ အချစ်ပဲမဟုတ်လား မီရယ်"

ကြယ်ရင်ထဲက တကယ့်ခံစားချက်တွေကို မီတို့က ပြိုင်တူခေါင်းခါယမ်းပြီး····

"ဟင့်အင်း···အဲဒါ အချစ်မဟုတ်ဘူး"



"အဲဒါ ရူးတာ"

တစ်ယောက်တစ်ခွန်း ဝေဖန်သောအသံကြောင့် ကြယ်စကားဆက်မပြောချင်တော့ပါ။ ကြယ်ကို မကြည်ဖြူ၍ စိတ်မကောင်းလည်း ဖြစ်ရသည်။ ဒါပေမယ့် ကြယ်ကတော့ နောက်ဆုတ်၍ စိတ်ကူးလုံးဝမရှိပါ။

ဘယ်အရာမဆို သက်ရောက်မှုတောင် ရှိသေးတာပဲ။ အသံမြည်တတ်သော အရာဝတ္ထုတောင် သူ့အား ပြင်းထန်စွာထိခတ်လျှင် ကျယ်လောင်သောအသံ ပေးတတ်တာအမှန်ပင်။

လူက သူ့ထက် နှလုံးသားတစ်စုံ ပိုသည်လေ။ စစ်မှန်သော ချစ်ခြင်းမေတ္တာတို့ရဲ့ အဆုံးသတ်ဟာ ဖြောင့်ဖြူးသောဘဝခန်းတိုင်လို့ ကြယ်က ယူဆထားသည်။ ထို့ကြောင့် ယုယတို့ဘယ်လောက် ကန့်ကွက်ပါစေ။

နောက်တစ်နေ့ မိုးလင်းတာနှင့် မုန်တိုင်းတို့ရပ်ကွက်ဆီကြယ် ရောက်လာမိပြီ။ သဘောမတူ ဆန့်ကျင်သူတွေကြားထဲကြယ်တစ်ယောက်တည်းမို့ ကားလည်း ကိုယ်တိုင်မောင်းလာခဲ့သည်။ အို သူတို့ရပ်ကွက်လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ သူ။

www.burmeseclassic.com

www.burmeseclassic.com



နောက် ရှယ်တူကောင်လေးနှစ်ယောက်။ မနက်ခင်းမှာ ကိုယ့်ချစ်သူကို တွေ့ရတော့ ကြယ့်အတွက်တော့ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသွားတာအမှန်။ ကားလမ်းမတစ်ဖက်ခြမ်း၌ ကြယ် ကားထိုးရပ်ရင်း မုန့်တိုင်းလှုပ်ရှားမှုတိုင်းကို တမေ့တမော ငေးမောမိ၏။

ကြည်လင်ရှင်းသန့်နေသည့် မုန့်တိုင်းမျက်နှာကို ငေးရင်း ကြယ့်ရင်ထဲ၌ ကြည်နူးစိတ်က တလှိုက်လှိုက်။ ပြီးတော့ သူ ဘာတွေပြောသလဲဆိုတာ သိချင်လာရ၏။ ထိုစိတ်နှင့်အတူ ကြယ် ဆိုင်နားသို့ တိတ်တဆိတ် ချဉ်းကပ်သွားမိသည်။

"အဲဒါ သူ့အပြစ်ပြောလို့မှ မရတာ"

"သူနဲ့လုံးဝမပတ်သက်ချင်လို့ တမင် ခပ်ပြတ်ပြတ်ပြော ထားပြီးသားကွ"

မုန့်တိုင်းအသံက ကျွတ်ဆတ်ဆတ်။

မျက်နှာချောချောမှာလည်း စိတ်ရှုပ်ထွေးခြင်းတွေနှင့် ကြယ့် အကြောင်း ပြောနေပုံက ချစ်စရာ။

"ငါ ယောကျ်ားပီသချင်တယ်၊ မင်းတို့ပြောသလို လုံးဝ



အပြစ်မခံနိုင်ဘူး"

"ဘယ်သူက မင်းကို ဖွတ်တိုက်တွန်းနေလို့လဲ၊ အခုကိစ္စ က တို့နဲ့ဘာမှမဆိုင်ဘူး၊ မင်းတို့ဘာသာဖြစ်တာ"

"တိုက်ရိုက်မဟုတ်ပေမယ့် သွယ်ဝိုက်ပတ်သက်နေတာ ဝဲမဟုတ်လား"

သူငယ်ချင်းသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ မုန့်တိုင်းပုံက စိတ်ပျက်လက်ပျက်။

"ငါ လိုချင်တာ မောင်တစ်ထမ်း မယ်တစ်ရွက်နဲ့ ဘဝ ကို ရွက်ကုန်လွှင့်မယ့် မိန်းမမျိုး"

"သိပါတယ်၊ မင်းသဘောကျတာ ဘယ်လိုမိန်းမမျိုးလဲ ဆိုတာ"

"မင်း ငါ့ကိုမရွဲ့နဲ့"

"ဒါဆို မင်းမေရဲ့ သုံးနှစ်စီမံကိန်းကရော"

ကောင်းမွန် ဝင်မေးတော့ မုန့်တိုင်း ငြိမ်ကျသွားသည်။ သူတို့မေးတာကို မဖြေနိုင်။ ဒီကြားထဲ ကြယ်စင်သုတက မုန့်တိုင်း ဆီ လာငြီသည်။ ကိုယ်က စသည့်ပြဿနာမဟုတ်ပေမယ့် ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ပယောဂနှင့် မကင်းတော့ လိပ်ပြာကမသန့်။

"အခြားနည်းလမ်း ရှာရမှာပဲ"

မုန့်တိုင်းအသံက ခပ်တိုးတိုး။ ကောင်းမွန်တို့က ဘာမှဆက်မပြောချင်၍လား၊ ဆက်ပြောစရာစကား မရှိတော့၍လားမသိ အသံတိတ်နေသည်။ တိတ်ဆိတ်မှုထဲ နွေးထွေးရင်းနှီးခြင်း မပါတော့ဘူးလို့ မုန့်တိုင်း ခံစားရ၏။ ထို့ကြောင့်…

"ပြန်မယ်ကွာ၊ ခေါ်လေးကို ကူရဦးမယ်"

စကားစဖြတ်ကာ…

"ဟော…ရှုတ်…ရှုတ် ရှင်းမယ်"

စားပွဲထိုးလေးကို လှမ်းခေါ်သည်။ ကိုယ်သောက်သည့် တစ်ခွက်ဖိုးစီရှင်းရန် အိတ်ထဲကထုတ်သည်။ သို့ပေမယ့်…

"ရှင်းပြီးသွားပြီ အစ်ကိုတို့အတွက်"

"ဟင်…ရှင်းပြီးပြီ"

ညီလေးက အူကြောင်ကြောင်နှင့် ပြန်မေး၏။ မုန့်တိုင်းကတော့…

"ဘယ်သူရှင်းတာလဲ"



"ကျွန်တော်လည်း မသိဘူးဗျ၊ ဒီရပ်ကွက်ထဲတော့ တစ်ခါမှ မမြင်ဖူးဘူး၊ ခပ်ချောချောပဲ၊ ကားကို ကိုယ်တိုင်မောင်းပြီး ဖြန့်ထွက်သွားတာ၊ လမ်းထဲဝင်သွားတာပဲ"

သူတို့သုံးယောက် မျက်လုံးချင်းဆုံသွားသည်။ ထိုမျက်လုံးထဲ၌ သုံးယောက်သာသိသော အရိပ်တွေ အများကြီးပါ၏။ ဆိုင်မှပြိုင်တူလို ထရပ်သည်။ ရပ်ရသည့် ရည်ရွယ်ချက်ချင်းက မတူ။ မုန့်တိုင်းရင်၌ ပေါက်ကွဲလုဆဲဆဲ မုံးတစ်လုံးလွယ်ထားရ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မင်း ဒါဘာလုပ်တာလဲ"

မုန်တိုင်းအသံက မိုးကြိုးထစ်ချုန်းသံနှယ်။ အိမ်အဝသို့ ကျောခိုင်းထားသဖြင့် မုန်တိုင်းဝင်လာတာ ကြယ် မတွေ့လိုက်။ ရုန်းဆို ပေါ်လာသောအသံကြောင့် ကြယ် ဆတ်ခနဲ တုန်လှုပ်သွားရသည်။

မုန်တိုင်းမျက်လုံးတွေက မီးဝင်းဝင်းတောက်လျက်။

"ကြယ် အန်တီ့အတွက် ဒါတွေလာပေးတာ"

City Mart အိတ်ထဲက ဆီပုံးတွေနှင့် သားငါးအစိမ်းတွေ။ နောက် အိမ်ထောင့်၌ ထောင်ထားသော ဆန်အိတ်။

"မင်း ဘာရည်ရွယ်ချက်နဲ့ ဒါမျိုးတွေလုပ်နေတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ပေးကမ်းတာ စားရအောင် ငါတို့ကဘာလဲ၊ ပြောစမ်း ကြယ်စင်သုတ''

''အို…မဟုတ်ပါဘူး၊ ကြယ့်မှာ အဲဒီလိုစိတ်မရှိပါဘူး မုန့်တိုင်းရယ်၊ ကြယ်က ကောင်းကောင်းစားစေချင်လို့ ဟို စေတနာ သန့်သန့်နဲ့''

''မင်းဆီက ဘာစေတနာမှ မလိုချင်ဘူး''

မုန့်တိုင်း အံကြိတ်ပြီး မျက်နှာချင်းထိလုနီးပါး ပြောသည်။ ကြယ်မှာ အလန့်တကြားနှင့် နောက်သို့ တိမ်းရှောင်ရတဲ့အထိပင်။

''မင်းစေတနာတွေကို အသာတကြည် လက်ခံမယ့် တခြားလူတွေအပေါ် သွားထား၊ ငါ့အပေါ် လာမထားနဲ့၊ မင်းပစ္စည်းတွေ မင်းဘာသာပြန်ယူသွား''

''ကြယ် ပေးပြီးသားကို ကြယ် ပြန်မယူနိုင်ပါဘူး''

''ဘာကွ''

လှပသော ကြယ့်မျက်နှာလေးကို သူစိုက်ကြည့်လိုက်သည်။

''မင်းကို ငါ ဒီထက်ပိုပြီး ဒေါသမဖြစ်ချင်ဘူး ကြယ်စင်



သုတ''

''ဘယ်သူက မုန့်တိုင်းကို ဒေါသဖြစ်ခိုင်းလို့လဲ''

''ကြယ်စင်သုတ''

သူ့ အကျယ်ကြီးအော်လိုက်သည်။

''တိုးတိုးအော်ပါ မုန့်တိုင်း၊ ကြယ် နားအကောင်းကြီး ရှိပါသေးတယ်''

ဒေါသဖြစ်လွန်းလို့ ကြယ့်ကို ဘာဆက်ပြောရမှန်းမသိ။

''ကောင်းမွန်နဲ့ညီလေး အဲဒီပစ္စည်းတွေ သူ့ကားပေါ် ပြန်တင်လိုက်''

''အို…မတင်ပါနဲ့''

ကြယ် တားမြစ်သံက ပျာပျာသလဲ။

''မုန့်တိုင်း မလိုချင် မယူနဲ့ပေါ့၊ အဲဒါ အန်တီ့ကို ကြယ် ပေးတာ''

''မင်း ငါ့ကို ဒေါသဖြစ်အောင်လုပ်နေတာပေါ့ ကြယ်စင် သုတ''

''မုန့်တိုင်းဘာသာ ဒေါသဖြစ်နေတာ ကြယ်က ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုလဲ"

ကြယ်က အေးဆေးစွာပင်။

"ဒါ ငါ့အိမ်၊ ငါလက်မခံဘူး၊ နားလည်လား"

ပြောရတာ တော်တော်ဝဋ်ကျပါသည်။

"မုန့်တိုင်းမယူလည်း နေပေါ့၊ အန်တီက ယူပြီးသွားပြီ၊ ဒါ အန်တီ့ပစ္စည်း ဖြစ်သွားပြီ"

"မင်း ဘယ်လိုမိန်းမလဲ ကြယ်စင်သုတ"

မုန့်တိုင်း ဘာဆက်ပြောရမှန်းမသိ။

ကြယ်ကတော့ စိတ်ရှုပ်ထွေးခြင်းတွေ ရှိသည့်တိုင် ချောမွေ့သော မုန့်တိုင်းသွင်ပြင်ကို ကြည့်ကာ စိတ်ထဲ ပိုပြီးချစ်မြတ်နိုးနေမိသည်။ ပြီးတော့ သူဒေါသထွက်တာကို သဘောကျနေသည်။

"ကြယ်က ဘယ်လိုမိန်းမလဲဆိုတော့ အန်တီ့အပေါ်မှာ စေတနာထားတဲ့ မိန်းမပေါ့"

"အဲဒီစေတနာတွေနောက်မှာ ဘာတွေပါလဲ"

"တကယ်ပါတဲ့ဟာတွေပြောရင် မုန့်တိုင်း လက်ခံမှာလား"



မုန့်တိုင်းမျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး မေးတဲ့ မေးခွန်းအဆုံးမှာ မုန့်တိုင်းအသံတိတ်ကျသွားသည်။ ဘယ်လိုဟာလေးမှန်းမသိ။ ကလေးလိုလို ချွေးလိုလိုနဲ့။ ထိုအခိုက်မှာပင် အိမ်ပေါ်သို့ ခေါ်လေး တက်လာတာဖြစ်သည်။

"ဟဲ့…ကောင်းမွန်တို့၊ ညီလေးတို့ အိမ်ပေါ်တက်လေ"

ညီလေးနှင့် ကောင်းမွန်တို့က မုန့်တိုင်းအိမ်မှာ စားအိမ်သောက်အိမ်။

"ဟိုမှာ"

ကောင်းမွန်က မုန့်တိုင်းတို့ရှိရာ မေးငေါ့ပြ၏။

"သိသားပဲ၊ သမီးက ဘိန်းမုန့်စားချင်တယ်ဆိုလို့ မကြိုင်ဆီက ငါသွားယူနေတာ၊ ကဲ ရပြီသမီး၊ ပဲဒီမွှေးမွှေးလေးနဲ့ ဆမ်းစား"

"အန်တီ…ဟို ဒီရပ်ကွက်ထဲက ကလေးတွေရော"

"အမလေး…ခေါ်လာပေါ့၊ ယော လာကြပါပြီ လာပြီ"

မုန့်တိုင်းက ခေါ်လေးနှင့် ကြယ်ရဲ့ စကားအသွားအလာတွေကို နားမလည်။ ပိုဆိုးတာက အိမ်ထဲအတင်းပြေးဝင်လာသော

www.burmeseclassic.com

www.burmeseclassic.com



ဘုရားခရူလေးတွေ။

"ဟေး…မမ၊ ချောကလက်ဆို"

"ဝေဖာလည်းပါတယ်ကွ"

"အနော်က ရှစ်ထု"

အသံတွေ ဆူညံသွား၏။ စောစောက ဒေါသတွေပျောက် သွားသည်။ ဒေါသနေရာမှာ ထူးဆန်းခြင်းတွေ ဝင်ရောက်လာ သည်။

"အေးပါ…ပေးပါ့မယ်၊ တန်းစီပါ၊ တန်းစီပါ၊ မုန့်တိုင်း ကလေးတွေကို တန်းစီအောင်လုပ်ပေး"

ကြယ်ကြောင့် ကလေးတွေကြား ရောက်နေသည့် မုန့်တိုင်း ကိုယ်တိုင် ယောင်ယမ်းပြီး ကလေးတွေကို တန်းစီပေးမိတော့ မြဖြစ်သွားသည်။

"မင်းနိုင်းတိုင်း ငါကလုပ်ရမှာလား"

ဘုဆတ်ဆတ်ပြောကာ နေရာမှထွက်ခဲ့၏။ ဟိုနှစ်ယော ကတော့…

"မင်းကလည်း အားနာစရာ"



တိုးကျိတ်ကျိတ်ဆိုကာ မုန့်တိုင်းအစား ကလေးတွေကို ကူထိန်းပေးသည်။

"စည်းကမ်းရှိပါ၊ ရပြီးသားလူတွေ တပ်မတောင်းရဘူး နော်၊ နဖူးပေါ် မင်နီနဲ့ဆွဲပေးပြီးသား၊ ဟော့ ဒီနောက်က မတိုးနဲ့ လေ"

"သား မရသေးဘူးဂျ"

"ရမယ်…လူစုံအောင်ရမယ်"

ထိုအသံတွေက မုန့်တိုင်းနောက်ကျော၌ ကပ်ပါလာသည်။ ထို့ထက်ပို၍ဆိုးတာက…

"ကိုကြီးမုန့်တိုင်းနဲ့ မမ မင်းသမီးလေး မြန်မြန်ညားပါ စေ"

သံပြိုင်ဆုတောင်းသံက မုန့်တိုင်းခြေလှမ်းကို တုံ့သွားစေ၏။ ထိုအသံကို လက်ခုပ်တီး၍ သီချင်းလို ဆိုနေကြခြင်းပါ။ မုန့်တိုင်း ဒေါသဖြစ်ဖြစ်နှင့် တွေ့ရာခဲတစ်လုံးကို ဘုန်းခနဲ ပိတ်ကန် လိုက်သည်။

"ကြည့်စမ်း…ဒါတော့ သိပ်ကို လွန်လွန်းနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ် ရေရွတ်သံမှတစ်ပါး အခြား သူ မတတ်နိုင်။ တဖြည်းဖြည်းနှင့် လက်သင့်မခံသူ မုန့်တိုင်းက ကမ္ဘာ့အပြင်ဘက် ရောက်နေပြီဆိုတာ တွေးလေ ဒေါသထွက်လေ၊ ကြယ်စင်သုတကို ပိုပြီးဒေါသဖြစ်လေ။

မင်းကွာ။

◆ ◆ ◆

## အခန်း (၁၂)

"သူကပဲ နာအုံရှိသေး၊ ဟိုက သူဌေးသမီး နုနုထွတ်ထွတ်လေး၊ ချောလိုက်တာမှ မှန်လို့၊ ဒီလောက်လိုက်လျော သိတတ်နေတာကိုများ မိန်းကလေးကို အားနာရကောင်းမှန်း မသိဘူး"

မုန့်တိုင်း ညနေစောင်းမှ အိမ်ပြန်လာတာပါ။ အိမ်ပေါ်တက်တာနှင့် ဒေါ်လေးက မဲ့ကာရွဲ့ကာ ပြောသည်။ ညီလေးနှင့် ကောင်းမွန်တို့က မပြန်သေး။ တစ်နေကုန် ဘာမှမစားရတဲ့ဝမ်းက ဆာနေပြီ။

အတိုက်အခံမပြောချင်၍ မီးဖိုချောင်ထဲ တန်းဝင်ခဲ့၏။ ထမင်းအိုးကြီးထဲမှာ ဆန်တောင့်ရှည်ရှည်တွေက စီရီလို့။ ဟင်းအိုး ဖွင့်ကြည့်မိသည်။ အမြဲ ရေလုံပြုတ်ပေါ် ဆီဖော့သော ပဲဟင်းရေ

www.burmeseclassic.com

www.burmeseclassic.com



ချိုအစား ကြက်သားဆီပြန်က ရှန့်မွှေးကြိုင်စွာ။ သူ သက်ပြင်းရှိုက်လိုက်သည်။ ဒါပေမယ့် ထူးဆန်းစွာ စားချင်စိတ်က မရှိတော့။ မုန့်တိုင်း အိုးအဖုံးပြန်ပိတ်တဲ့အချိန်အတွင်းမှာပဲ ကောင်းမွန်နှင့်ညီလေးက ဝင်လာသည်။ နောက်ဖေး ရေကပြင်၌ မုန့်တိုင်း စိတ်ပျက်လက်ပျက် ထိုင်ချမိ၏။

"ထမင်းစားတော့လေ မုန့်တိုင်း၊ မနက်ထဲက မင်းဘာမှ မစားရသေးဘူးမို့လား"

"ငါမစားချင်ဘူး ကောင်းမွန်"

မုန့်တိုင်း အဖြေကြောင့် နှစ်ယောက်စလုံး သက်ပြင်းရှိုက်သည်။

"ကောင်မလေးက အရမ်းဖြူစင်တယ်ကွ"

ညီလေးထံ ဖျတ်ခနဲ လှမ်းကြည့်တော့ ညီလေးက သူ့အကြည့်ကို မမြင်ဟန်ဆောင်နေသည်။

"အဲဒါ ငါဘာလုပ်ရမှာလဲ"

"သူက စေတနာနဲ့"

"ဘာစေတနာလဲ၊ အဲဒါ ငါ့မာနကို စော်ကားနေတာကွ



ပေးလည်းလား"

"အဲဒီလောက်လည်း မခံစားပါနဲ့ မုန့်တိုင်းရာ"

"ဘာလဲ မင်းတို့က သူလုပ်ချင်တာလုပ်၊ ငါ့ကို ဒီအတိုင်း ငြိမ်ငြိမ်လေးထိုင်ပြီး လက်ပိုက်ကြည့်နိုင်းတာလား"

"ငါတို့ပြောချင်တာက"

"တော်စမ်းပါကွာ၊ ငါနဲ့ ဘာမှမပတ်သက်တဲ့ မိန်းကလေးတစ်ယောက်ဆီက ပေးစာကမ်းစာကို စားရအောင် ငါက ဘာလဲ"

"ဒါဆိုလည်း ပတ်သက်အောင် လုပ်လိုက်ပေါ့ကွာ၊ အခုအခါမှာက သူ့အလိုလိုဖြစ်လာတာပဲ"

"ဟုတ်တယ်...မင်းပယောဂမပါဘူး"

"တို့စီစဉ်ထားတာထက်တောင် မင်းက အပြစ်ကင်းသေးတယ်၊ အခု သူက ပြောပြီးသွားပြီ၊ မင်းဝါသနာပါရာကို လုပ်ပါတဲ့။ သူ ဖြည့်ဆည်းပေးပါ့မယ်တဲ့"

"အဓိပ္ပာယ်မရှိလိုက်တာကွာ၊ သူက အဲဒီလိုပြောရအောင်"

www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတို့ ရှေ့မဆက်တော့။ မုန့်တိုင်းရင်ထဲ ဒေါသနှင့် လှိုင်းထန်လာသည်။

"မိန်းမသားတစ်ယောက်ကို အားနာသင့်တယ်ကွ"

"သဒ္ဒါလွန်ရင် တရော်ကျွတ်တယ်ကွ၊ အဲဒီလိုပုံစံနဲ့ ရှေ့ဆက်ရင် ဘာတွေဖြစ်ကုန်မယ်ထင်လဲ၊ ငါ့မှာ မေရှိတယ်"

"အချစ်က အဲလောက်အထိ အရေးမပါပါဘူးကွာ"

"အဲဒါက မင်းတို့အထင်လေ၊ ငါကတော့ ငါ့ဘဝကို အချစ်နဲ့ပဲ တည်ဆောက်ချင်တယ်"

မေ့ကို မုန့်တိုင်း ချစ်သည်။ ဒါ အမှန်တရားဖြစ်သည်။ အချစ်မပါဘဲနှင့် ကိုယ့်ဘဝ တိုးတက်ကောင်းစားရေးအတွက် တခြားမိန်းကလေးတစ်ယောက်ကို ချစ်ဟန်ဆောင်ဖို့ဆိုတာ လုံးဝမဖြစ်သင့်။

"ဒါပေမယ့် မင်းတည်ဆောက်ချင်တဲ့ အချစ်ကို မှူးမြတ်မေက အသာတကြည် လက်ခံမခံပါဘူးကွာ၊ အစောကြီးကတည်းက လက်ခံချင်တယ်ဆိုရင် နိုင်ငံခြားတောင် ထွက်သွားဖို့မလိုဘူး"

ညီလေးစကားက မုန့်တိုင်းအရှိက်ကို ဖိတ်ထိုးသကဲ့သို့ တည့်တည့်လာထိသည်။ လူဆိုတာ မှန်ရာအပြောခံရလျှင် နာတတ်



သည့် အမျိုး။ ထိုထဲ၌ မုန့်တိုင်းက ရှေ့ဆုံးမှပါသည်လေ။

"မင်း ငါ့နှလုံးသားရေးရာကိစ္စမှာ မဆိုင်ရင်မရှုပ်နဲ့ ညီလေး"

"မဆိုင်မှန်းသိပေမယ့် ရှုပ်ခွင့်ရှိတဲ့ ပတ်သက်မှုမျိုး မင်းနဲ့ ငါ့ကြားမှာ ရှိတယ် မုန့်တိုင်း"

အခြေအနေက တင်းမာလုဆဲဆဲ။ ကြားဝင်သူက ကောင်းမွန်။

"တော်ကြစမ်းပါကွာ၊ ခေါင်းခြောက်တဲ့အထဲ မင်းတို့ ငါတို့က ဖြစ်စေချင်တာတစ်ခုတည်းရှိတာ၊ ကျန်တာ မင်းသဘောပဲ မုန့်တိုင်း၊ အခုကိစ္စမှာ မင်းက ကာယကံရှင်ပဲ၊ ကြိုက်သလိုဆုံးဖြတ်ပေါ့"

"မင်းတို့ကို ပြောပြီးပြီလေ၊ သူ့ပုံစံကို ငါမကြိုက်ဘူး၊ ငါနဲ့မဖြစ်ဘူး၊ သိပ်လွယ်ကူလွန်းတဲ့ ကိစ္စတွေကို ငါအလေးမထားတတ်တာ မင်းသိပါတယ် ကောင်းမွန်"

မုန့်တိုင်းက သူမှန်တယ်ထင်ရင် ဘာကိုမှ ဂရုမစိုက်တတ်။ ကြယ်ကို သူ စိတ်မဝင်စား။ နေရာတကာ သဘောလွယ်နေတာကို

www.burmeseclassic.com



လည်း မကြိုက်။ ပြီးတော့ သူမှာ မရှိသည်။

ငွေကို သူချစ်သည်။ မေ လိုချင်သောဘဝမျိုး သူရအောင် ဖန်တီးချင်သည်။ ဒါပေမယ့် အနှောင်အဖွဲ့ကင်းချင်သည်။ ကိုယ်က စတောင်းဘဲ ပေးတာကို ဘယ်သူတန်ဖိုးထားမလဲ။ ကြွေဆင်းလာသော ပန်းတစ်ပွင့်အား အလိုအလျောက် နမ်းရှိုက်ချင်သည့် ယောကျ်ားအညံ့စားထဲမှာ သူမပါ။

မုန်တိုင်းဆိုတာ တခြားတခြားသော ယောကျ်ားတွေလို ခက်ခက်ကိုမှ လိုချင်သည်။ တန်ဖိုးထားသည်။

ကြယ့်လို လွယ်ကူလွန်းသူကို လုံးဝကြည့်မရ။ အထင်သေးသည်။

"တစ်ဘဝလုံးအတွက်ဆိုရင်တော့ ကိုယ်ချစ်ကိုမရှာဘဲ သူချစ်ကိုရှာတာ ပိုအဆင်ပြေမယ်ထင်တယ် မုန်တိုင်း"

"အဲဒါက လူညံ့တွေ အလွယ်လိုက်တဲ့ စကားပါကွာ"

"မင်းမေရဲ့ သုံးနှစ်ဆိုတဲ့ စကားကရော"

"ငါနည်းငါဟန်နဲ့ ကြိုးစားမယ်"

"မင်းကွာ လွယ်နေတာကိုခက်အောင်"



"မင်းတို့အမြင်မှာ ငါက လူကြမ်းကြီးဖြစ်မှာပေါ့၊ သုံးနှစ်လုံး ငါလိုချင်တဲ့ အရင်းအနှီးယူမယ်၊ ပြန်ဆပ်မယ်၊ ပြီးတော့ သူနဲ့လမ်းခွဲရင် ငါဘာဖြစ်မလဲ သိလား၊ တိရစ္ဆာန်ဖြစ်သွားလိမ့်မယ်၊ သူပေးသလောက် ငါ ပြန်ပေးနိုင်မှာမဟုတ်ဘူး၊ အဲဒါ အသေချာဆုံးပဲ"

ပြောပြီး သူထွက်ခဲ့သည်။ ထိုနေ့မှစ၍ မုန်တိုင်း အိမ်မကပ်တော့။ မိုးလင်းမိုးချုပ် ပွဲစားတန်းသွားသည်။ အလုပ်ဖြစ်တဲ့အခါ ငွေကို အိမ်ပြန်ပေး၏။ မရတဲ့အခါ ဘော်ဒါကြေးနှင့် ဝမ်းမီးဖြည့်သည်။

အိမ်ကို အိပ်ချိန်သာ အသုံးချသည်။ ဒါပေမယ့် မုန်တိုင်း အိမ်က ဆုတ်ယုတ်မသွား တိုးတက်လာ၏။ တီဗီတွေ၊ ဒီဗီဒီတွေနှင့် ဖြစ်ကုန်သည်။ မွှင့်လင်းရာသီဆို အိမ်တောင်ပြင်ပေးဦးမတဲ့။

ဒါတွေကြားရတော့ မုန်တိုင်း ဘယ်လိုမှ ရှေ့ဆက်ပြီး ကိုယ်နဲ့မဆိုင်သလို နေလို့မရတော့။ ကြယ်ကိုလည်း ပြောမရ၊ ဘာမေးမရသလို မိတွေးဖြစ်သူကလည်း အားလုံး ကြယ့်သဘောချည်း ဖြစ်နေတာနှင့် မုန်တိုင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ သူ ဒီအသိုင်းအဝိုင်း၊ ဒီမိသားစုထဲက အမြစ်ဆုံးထွက်သွားဖို့ပဲ ဖြစ်သည်။

မုန်တိုင်းမှာ တခြားရွေးစရာလမ်းမရှိ။ ပွဲစားဘဝနှင့် ရသည့်ငွေလေး ခြစ်ခြုပ်ပြီး သူ့ဆုံးဖြတ်ချက်ကို ဖွင့်ပြောပြတော့ ကောင်းမွန်နှင့်ညီလေးက မုန်တိုင်းစကားကို ဘယ်သူမှလက်မခံ။

"မင်းတကယ်သွားတော့မှာလား မုန်တိုင်း"

"အေး"

"မင်းဝါသနာနဲ့ စီးပွားရှာမှာဆို"

"အခြေအနေကမှ မပေးတာ"

"မင်းကွာ ငါးတွေလျှောက်ဝယ်ပြီး ကုမ္ပဏီကို ပြန်သွင်းတယ်ဆိုတာ ကိုယ်လည်း ကျွမ်းကျင်တာမှ မဟုတ်ဘဲနဲ့"

"မွေးကတည်းက ကျွမ်းကျင်တဲ့အလုပ်ဆိုတာ ရှိမှမရှိတာ သင်ရမှာပေါ့"

"အရင်းအနှီးကရော"

"ဟိုတလောက ပွဲဖြစ်ထားတာရှိတယ်၊ ငါနဲ့ကိုဇေကြီးနဲ့ ရှယ်ယာလုပ်မှာ"



"ဒါဆို မင်းက မြစ်ဝကျွန်းပေါ်ဘက်မှာ သွားဝယ်ရမှာပေါ့"

"အင်း"

မုန်တိုင်း စီးကရက်ကို ဖင်စီခံနားထိ တိုကပ်နေအောင် ရှိုက်ဖွာပြီးမှ ပြာခွက်ထဲ ထိုးချေ၏။ မုန်တိုင်းဘဝက စီးကရက်တစ်လိပ်လိုတော့ အဖြစ်မခံနိုင်ပါ။ သူတစ်ပါး ရှိုက်ဖွာတာခံရင်း လောင်ကျွမ်းကုန်ဆုံးမည့် ဘဝမျိုးလေ။

"ကိုဇေက ဒီကစောင့်ပြီး ကုမ္ပဏီပြန်သွင်းမှာကွ၊ သူ့မှာ အဆက်အသွယ်တွေရှိတယ်"

"အဲဒီအလုပ်က စီးပွားဖြစ်တော့ လွယ်တယ်ကွ"

"အဲဒါကြောင့်လုပ်တာ၊ ဒါမှ ငါနဲ့မေ သုံးနှစ်အတွင်း အမြန်ဆုံးနီးစပ်နိုင်မှာ"

ကောင်းမွန်ကတော့ မုန်တိုင်းကို ဘယ်သောအခါမှ တော်လှန်သူမဟုတ်။ ထို့ကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"အင်း...ဘယ်နေ့သွားမလဲ မုန်တိုင်း"

"သန်ဘက်ခါညနေ ငါးနာရီသင်္ဘောနဲ့"

www.burmeseclassic.com



"အောင်မြင်ပါစေကွာ"

ကောင်းမွန်က ဆုတောင်းရင်း လက်ဝါးတစ်ဖက် ထောင်ပေးသည်။ သူက ဖြောင်းခနဲနေအောင် ရိုက်၏။ ထွက်လာသောအသံက အကျယ်ကြီး။ အနာဂတ်အတွက် ကောင်းချီးပေးသံဖြစ်ပါစေ။

◆ ◆ ◆

BURMESE CLASSIC

## အခန်း (၁၃)

သဘော်ကြီးက ဥဩဆွဲပြီး ကမ်းမှခွာသည်။ ကမ်းဘက်၌ကျန်ရစ်သော လူစုလူဝေးကြီးက ပျောက်မသွားသေး။ လက်ဝှေ့ယမ်းနှုတ်ဆက်သူ၊ အော်ဟစ်နှုတ်ဆက်သူတွေနှင့် စည်ကား၏။

သဘော်ပေါ်မှာရော ဘာထူးသေးလဲ။ ကျန်ရစ်တဲ့သူတွေကို နှုတ်ဆက်သူ၊ မှာတမ်းခြွေသူ အများအပြား။ သူကလွဲလို့ပေါ့။ မုန်တိုင်းကတော့ လာပို့သူမရှိ၊ နှုတ်ဆက်သူမရှိ။

တခြားလူတွေကျတော့လည်း ကျောဝပ်ခင်းစာနေရာလေးကို အခင်းတွေခင်းကာ ဟိုဆွဲဒီဆွဲနှင့် နေရာလုနေ၏။ မုန်တိုင်းနေရာတောင် ဘုံပျောက်ပြီလားမသိ။ သို့ပေမယ့် ကိစ္စမရှိ။ မုန်တိုင်းက တစ်ကိုယ်ရည်တကာယသမား။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်း မတ်တပ်ရပ်သွားလည်း ရသည်။ အထုပ်တွေပေါ် ထိုင်သွားလည်းရ၏။ သူ့စိတ်ထဲ လွတ်လပ်ပျော်ရွှင်နေတာတော့ အမှန်ပင်။ ရန်ကုန်မြေက သင်္ဘောကြီးခွာကတည်းက စိတ်တွေ လွတ်ထွက်သွားတာ။

သူလွတ်မြောက်ပြီ။ ဘဝကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ဖြတ်သန်းမည်။ ဝါသနာကို မစွန့်။ တစ်နေ့တော့ ဖြစ်ကိုဖြစ်ရမည်။ အခုချိန်မှာတော့ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို သူရွေးရမည်။ ဒါ့အပြင်မရှိ။

သင်္ဘောကြီးက တဖြည်းဖြည်းဆိပ်ကမ်းနှင့် ဝေးကွာလာပြီ။ နေရာအတည်တကျရ၍ လူတွေလည်း ငြိမ်သက်သွားပြီး နှုတ်ဆက်သူတွေကတော့ အစောက သူတို့တွေမဟုတ်တော့သလိုပင်။ ငိုက်မြည်းစပြုနေပြီ။ နှုတ်ဆက်ရတာမောပြီထင်ရဲ့။

နာရီကိုကြည့်တော့ ခြောက်နာရီထိုးလုနီးပါး။ ရန်ကုန်က ခွာတာ ကြာပြီပေါ့။ မုန့်တိုင်းစိတ်တွေ လွတ်လပ်နေတာလည်း ကြာလှပြီ။ ခုမှပင် ဆာလောင်သောအရသာကို ခံစားမိ၏။

သင်္ဘောပေါ်တွင် ထမင်းဆိုင်ပါသည်ပဲ။ မုန့်တိုင်း အရှေ

ဝိုး၊ ဝို၊ ၁၁၆၀



နှင့်အတူ မြစ်ကြီးဆီမှ အကြည့်လွှဲ၍ သင်္ဘောအတွင်းဘက်ဆီ လှည့်မိသည်။ ထိုအခါမှ မုန့်တိုင်းနောက်၌ ရပ်နေသော ကောင်လေးတစ်ယောက်ကို သွားတွေ့၏။ မုန့်တိုင်း သွားရာလမ်းကို ပိတ်ထားသလို ဖြစ်နေသော ခပ်ညှက်ညှက်ကောင်လေး။

ဦးထုပ်လျှာက မျက်နှာတစ်ဝက်ကို ဖုံးထားသည်အထိ ငိုက်စောင်းထား၍ မမြင်ရ။ အရပ်ကတော့ မုန့်တိုင်းထက်ပုသည်။ မုန့်တိုင်းသွားမည့် လမ်းတည့်တည့်၌ ပိတ်ထားသောကြောင့်…

"ဟိတ်ကောင်"

ကောင်လေး ဆတ်ခနဲ တုန်သွား၏။ ဘယ်လိုဟာလေးပါလိမ့်။ ဒီလောက် တိုးတိုးခေါ်တာကို လန့်စရာလား။

"ငါ့ရှေ့က နည်းနည်းဖယ်စမ်း"

မုန့်တိုင်းကို ဘာစကားမှ ပြန်မပြော။ ဖယ်ပေးသည်။ မုန့်တိုင်းက ကွေ့လျှောက်ကာ စားသောက်တန်းဆီ သွားခဲ့၏။ ထမင်းဟင်းအနံ့တွေက မွှေးပျံ့စွာ။ စားပွဲခုံကြီးချပြီး ထိုအပေါ်၌ ဟင်းအိုးတွေ စီတန်းထားသည်။

စားပွဲရှေ့၌ ခွေးခြေခုံအမြင့် လေးငါးခုံ ချထား၏။

ဝိုး၊ ဝို၊ ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လူအကုန်ပြည့်ပြီးသား။ မုန်တိုင်းကတော့ မတ်တပ်ပုင်

စားမည်ဟု ကြံရွယ်ရင်း…

"ဘာဟင်းနဲ့စားမလဲ အစ်ကို"

"ဝက်သားရှိလား"

"မရှဘူး အစ်ကို၊ ငါး၊ ကြက်သား၊ အသည်းအမြစ်

ပုဇွန်၊ အသီးအရွက်ကြော်တော့ အစုံပဲ"

"ကြက်သားကြော်ရှိလား"

မုန်တိုင်းက ဟင်းလျာတွေထဲက ဝက်သားကို အကြိုက်ဆုံး။ ဝက်ဆိုလို့ကတော့ ကြိုက်တဲ့ပုံစံချက် လာထားပဲ။ ကျန်တဲ့ ဟင်းဆိုရင်တော့ အကြွပ်ကြော်မှ ကြိုက်သည်။ ဟင်းကို စိုပွပွချက် လျှင် မစားတတ်။

"ရှိတယ် အစ်ကို"

"ကြက်ကြော်နဲ့တစ်ပွဲ"

ဒီကမှာပြီးတဲ့အထိ ကောင်လေးက မုန်တိုင်းနောက်ကျော ကို ကြည့်သည်။ ကြည့်တာမှ အကြာကြီးမို့ မုန်တိုင်း အံ့ဩတ လှည့်ကြည့်ရတဲ့အထိပင်။ တွေ့ပါပြီ။ မုန်တိုင်းလမ်းကို ပိတ်ထား





တဲ့ ကောင်လေး။

"ဒီကိုလည်း တစ်ပွဲ"

မုန်တိုင်း လှည့်ကြည့်ကာမှ ခေါင်းငြိမ့်ပြီး မှာသည်။ အသံက တိုးတိုးရယ်။ မုန်တိုင်း ဒီဘက်ပြန်လှည့်ပြီးမှ အသံကို ကြားဖူးသလို စိတ်ထဲထင်လာမိသည်။ အညွှက်သုက်နှင့် မုန်တိုင်း ရင်ထဲ ဒိန်းခနဲမြည်သွားသည်။

အချက်ပေးခေါင်းလောင်းသံတွေ ဆူညံသွား၏။ ရင်တွေ ဝါ တဒိတ်ဒိတ်ခုန်လျက် သူ နောက်ကို ဆတ်ခနဲပြန်လှည့်သည်။ ဦးထုပ်ကို လျှပ်တစ်ပြက် ဆွဲချွတ်၏။

"အို"

"ကြယ်စင်သုတ မင်း"

အာမေဋိတ်သံနှင့်အတူ ဦးထုပ်အောက်က ကြွေကျလာ တာက ရွှေအိုရောင်ဆံပင် အခွေအလိပ်များနှင့် သူမ။

"မင်း ဒီအထိဘာလိုက်လုပ်တာလဲကွ ဟင်"

မုန်တိုင်း ဒေါသက ဝုန်းခနဲ ပွင့်ထွက်သွားသည်။ သူ သွားသည့် သင်္ဘောပေါ်အထိ လိုက်လာသည်ခဲ့တော့ သူ့ဒေါသ

www.burmeseclassic.com



ကို ထိန်းချုပ်ထားနိုင်တော့။

"တိုင်း…ကြယ်က ဟို"

"လာခဲ့ မင်းနဲ့ငါ စာရင်းရှင်းရမယ်"

"တိုင်း"

ကြယ့်လက်ကောက်ဝတ်ကို ဆောင့်ဆွဲကာ သဘော်ကုန်းပတ်အတိုင်း ဆွဲခေါ်လာသည်။ ဒရွတ်တိုက်တောင် ဆွဲချင်တာ။ လူတွေရှိနေလို့သာပေါ့။ မုန်တိုင်း၏ ဒေါသခြေလှမ်းတွေအတိုင်း ကြယ်ခမျာ ဒရောသောပါး ပါလာသည်။

မလိုက်လည်း မှောက်ခုံချော်လဲရုံသာ ရှိတော့မည်။ မုန်တိုင်းက ကြယ့်လက်ကို မလွှတ်တမ်း ဆွဲထားတာကို။ သဘော်နောက်မြီးပိုင်း လူရှင်းတဲ့နေရာရောက်မှ ဆောင့်ဆွဲထားခြင်းကို တွန်းလွှတ်မိ၏။ ကြောက်ရွံ့ထိတ်လန့်ခြင်းကို ဖော်ပြသော ကြယ်မျက်ဝန်းတွေက ကြည်စင်သန့်ရှင်းလျက် ဝိုင်းဝိုင်းစက်စက်။

"ပြောစမ်း…မင်းဘာလုပ်တာလဲ၊ ဘာလိုက်လုပ်တာလဲ"

မုန်တိုင်းအသံက သွားကြားထဲက ထွက်လာတဲ့ အသံ။





အံကြိတ်ပြောတာ တိုးတိုးလေးပေမယ့် ကြောက်စရာကောင်းပါသည်။

"ဟိတ်…မေးနေတယ်လေ"

ချက်ချင်းမဖြေ၍ ပခုံးကိုဆွဲခါမှ…

"ဟို…တိုင်းကို စိတ်မချလို့"

"ဘာ…ငါ့ကိုစိတ်မချလို့ ဟုတ်လား"

"အင်း"

"မင်းကွာ မင်းကို ငါ့နောက်လိုက်ဖို့ ဘယ်သူပြောတာလဲ"

"အန်တီ"

မုန်တိုင်း စိတ်တိုတိုဖြင့် သဘော်လက်ရန်းတွေကို ခြေဖြင့် ဝီတ်ကန်ပစ်သည်။ လွတ်ချင်လို့ ပြေးပါတယ်ဆိုမှ။

"မင်း…ဆင်းတော့"

ခက်ထန်တင်းမာစွာ သူပြောတော့ ကြယ့်မျက်နှာလေးက ငိုမဲ့မဲ့။

"ကြယ် ရေမကူးတတ်ဘူး တိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"တိုင်းပဲ ရေထဲကိုဆင်းဆို"

"ကောင်းကွာ"

သွားရမည့်ခရီးက အဝေးကြီး။ ကြယ့်ပုံစံကလည်း ဘာမှ မသိသည့် ကလေးလိုလို ခွေးလိုလို။ မုန့်တိုင်းမျက်နှာကို တစ်ခါမှ မမြင်ဘူးတဲ့ပုံစံနဲ့ မျက်တောင်မခတ် တမေ့တမောကြည့်နေပုံက လောကကြီးမှာ သူမနဲ့မုန့်တိုင်း နှစ်ယောက်တည်း ရှိနေသလိုမျိုး။ ဘာတစ်ခုမှ အပူအပင်မရှိ။

မုန့်တိုင်းမှာဖြင့် ဒေါသဖြစ်လွန်းလို့ သေတော့မည်။ နောက်ပိုင်းမှာ ဘာတွေဖြစ်ကျန်ရစ်မည်မသိ။ သေချာတာကတော့ ကောင်းသတင်းတစ်ခုမှ မဖြစ်နိုင်တာ သူသိသည်။

"အခု မင်းကိုယ်မင်း ဘာလုပ်နေတယ်ဆိုတာရော သိရဲ့လား"

"သိပါတယ်၊ တိုင်းနောက် ကြယ် လိုက်လာတာပါ"

"မင်း တော်တော်သတ္တိရှိနေတယ်ပေါ့ ဟုတ်လား"

"တိုင်း သင်္ဘောစီးမယ်ဆိုတာမှ မသိတာ"



"ဟမ်...မသိဘဲနဲ့"

မုန့်တိုင်း ပြန်အံ့သြရ၏။ ကြယ်ကတော့ အရိုးခံရုပ်ကလေး ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြရင်း...

"အန်တီကပြောတယ်၊ ဒီနေ့ညနေ ငါးနာရီ တိုင်း တစ်နေရာသွားစရာရှိတယ်တဲ့၊ အဲဒါ ကြယ့်ကို လိုက်ကြည့်ပေးပါဦးဆိုတာနဲ့"

"သြော်...ဒါနဲ့ပဲ ဒီအထိ ပါလာတာပေါ့"

"ဟုတ်"

"ငါက ဘယ်အထိသွားမှာလဲသိလား"

"ဟင့်အင်း"

မုန့်တိုင်း စိတ်ပျက်လာသည်။ စိတ်ဆိုး၍ ဂေါ်ထုချင်စရာ ကောင်းသော အဲဒီကလေးမကို စိတ်ပါကုန်လာရ၏။ ဒီလိုဖြစ်အောင် အားလုံးက ပိုင်းဖန်တီးလိုက်မှန်း ကြယ် မသိပေမယ့် မုန့်တိုင်း သိသည်။ ဒီကြားထဲမှာ ကြယ်က ကန့်လန့်ပါလာသည်။

"အေး...မင်းမသိတာ အခုသိအောင် ပြောပြမယ်၊ ငါက ဒါဆယ်မအထိသွားမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဝါး…ခယ်…မ"

"ဟုတ်တယ်၊ ဒီသင်္ဘောပေါ်မှာ တစ်ညအိပ်ပြီးမှ ရောက်မှာ"

အဲဒီစကားကြားမှ ကြယ် လန့်သွားရတာဖြစ်သည်။

"ရှင်…တစ်ည"

"အေး…ဟုတ်တယ်"

"ဟင်"

ကြယ် တစ်သက်နှင့်တစ်ကိုယ် သင်္ဘောမစီးဖူးပါ။ ဒါပထမဦးဆုံး။ ဒါကလည်း သူ့ကိုချစ်လွန်း၍ အရိပ်လို ထက်ကြပ်မကွာ လိုက်ခြင်းပင်။ မုန်တိုင်း အဲဒီလောက် အဝေးကြီးသွားမယ် မထင်ခဲ့။

ထင်စရာရောရှိလား။ တီရှပ်နဲ့ ဂျင်းဘောင်းဘီရယ်၊ ကျောပိုးအိတ်အလတ်စားတစ်လုံး လွယ်ထားသူဟာ ခရီးဝေးသွားမည့်ပုံ လုံးဝမပေါက်။

"ပြီးတော့ ငါ ဟိုမှာ ဘယ်လောက်ကြာအောင် နေမလဲ သိလား"



"ဟင့်အင်း"

"တစ်ပတ်ကြာမှာ အမိရဲ့"

"ရှင်"

ကြယ်မှာ တရှင်တည်း ရှင်ရပါတော့သည်။

"ဒါ…ဒါဆို ကြယ် အခု ဘာလုပ်ရမှာလဲဟင်"

မုန်တိုင်းမျက်နှာကို အားကိုးတကြီး မော့မော့လေးကြည့်မိသည်။ ကြယ့်အကြည့်တွေက ပကတိ ရိုးသားဖြူစင်ခြင်းတွေနှင့်။

ကြယ် မျှော်လင့်ထားတာက အိမ်အပြန်နောက်ကျမည်။ ဒါပါပဲ။ ဒီလောက်ကြီးဖြစ်လိမ့်မယ်လို့တော့ ထင်မထားခဲ့။ ပြောလိုက်တဲ့သူကလည်း ဒီအခြေအနေမျိုးမဟုတ်။ မုန်တိုင်းက ခုံးနှစ်ဖက်တွန့်ပြပြီး ဘာမှမတတ်နိုင်သည့်ပုံစံ လုပ်ပြတော့ ကြယ် ငိုချင်လာသည်။

"သင်္ဘောက ရွှေမှတ်တိုင်မှာ ရပ်ဦးမှာလားဟင်"

"ဘာမှတ်တိုင်လဲ၊ ဒါ ကားမဟုတ်ဘူး၊ သင်္ဘောမှာ မှတ်တိုင်မရှိဘူး"

"အို"

www.burmeseclassic.com

www.burmeseclassic.com



အခုပဲ ငိုချတော့မလို အီးခနဲ ဝိုင်းလာသည့် မျက်ရည်တွေ မြင်ရတော့ မုန့်တိုင်း အာရုံနောက်သွား၏။ ဘယ်နေရာ၌ သုံးမရ အောင် ညှံ့ဖျင်းသော မိန်းကလေး မတွေ့ဘူး။

"ဒါဖြင့် ဒီသင်္ဘောက မရပ်တော့ဘူးလားလို့"

"ရပ်တယ်၊ ညရှစ်နာရီမှ၊ မင်း အဲဒီကဆင်းပြီး ရန်ကုန် ပြန်လည်း မရတော့ဘူး၊ သင်္ဘောပြန်အတက် မရှိဘူး၊ လှေတော့ ရှိတယ်၊ ဒါပေမယ့် ဒီလောက်ခရီးအဝေးကြီးကို ဘယ်သူမှမပို့ဘူး၊ မင်းစည်းစိမ် ပုံပေးပါတယ်ဆိုတာတောင် မရဘူး"

"ဒါဆို ကြယ်က ဘယ်လိုလုပ်ရမလဲ"

"ခုန်ချပြီး လက်ပစ်ကူးပြန်လေ၊ အဲဒါဆိုရင်တော့ ရမယ်"

"ဒုက္ခပါပဲ၊ အခုလောက်ဆို ကြယ်ပျောက်လို့ အားလုံး စိတ်ပူနေကြတော့မှာ"

"အစထဲက အဲဒီလိုသိရင် ဒီလိုတောင်မဖြစ်ဘူး"

"ကြယ်မှမသိဘဲ၊ ပြောတဲ့လူကလည်း တိုင်း အဝေးကြီး ကို သွားမှာလို့မှ မပြောဘဲ"

"လိုက်သွားဆိုတာနဲ့ပဲ လိုက်ခဲ့တာပဲလား"



"အဝေးကြီးသွားမယ်လို့မှ မပြောတာ၊ ဘယ်သိမှာလဲ လို့"

ပြောရင်း ကြယ် ပါးပြင်ပေါ် မျက်ရည်တွေ လျှောခနဲ ဖြတ်ကျသည်။

"ငါ့ရှေ့မှာ လာမငိုနဲ့"

"ဘယ်သူက ငိုချင်မှာလဲ၊ ကြယ့်အဖြစ်ကိုလည်း ကြည့်ဦး မှပေါ့"

"ဘာကိုကြည့်ရမှာလဲ၊ အခုကိစ္စက မင်း ႏိုးနှောက်မရှိလို့ ဖြစ်တာ၊ ဘယ်သူဘာပြောပြော အယုံလွယ်တဲ့ မင်းကို ကြည့်မရ အောင်မုန်းတာ အဲဒါပဲ"

စိတ်ထဲရှိတဲ့အတိုင်း ပြောချင်ရာပြောပြီး နောက်လှည့် ကြည့်ဘဲ နေရာက ချာခနဲ လှည့်ထွက်ခဲ့သည်။ ကြယ်မှာသာ မုန့်တိုင်းရဲ့ ရက်စက်စိမ်းကားတဲ့ စကားလုံး အပြုတွေအောက်မှာ အကြည်းဝမ်းနည်းစိတ်တွေနဲ့ ကလေးတစ်ယောက်လို အသံထွက် ၍ စိတ်ရှိလက်ရှိ ငိုချပစ်လိုက်မိသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈၄)

သုံးနာရီခရီး မောင်းနှင်ပြီးသည့်အချိန်မှာ သဘော်ကြီးက ဆိပ်ကမ်းတစ်ခု၌ ဆိုက်ကပ်သည်။ အတက်ဆင်းလူတွေ၊ ကုန်ပစ္စည်း အထုပ်အပိုးတွေ ဆွဲတင်၊ ဆွဲချသံတွေ နားကွဲမတတ် တကြော်ကြော်အော်နေသော အပြိုင်အဆိုင် ဈေးသည်တွေကို တအံ့တသြ အထူးအဆန်းသဖွယ် ကြယ် လိုက်ငေးနေချိန်မှာပဲ ကြယ့်လက်ကောက်ဝတ်ကို ဆောင့်ခနဲ အဆွဲခံလိုက်ရသဖြင့် ကြယ် လန့်သွားသည်။ နောက်ကို လှည့်ကြည့်လိုက်တော့ မုန်တိုင်းမျက်နှာချောချောက ခပ်တည်တည်။

"တိုင်း"

"လာ…ဆင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပြီလားဟင်"

ကြယ့်အမေးကို သူကမဖြေပါ။

ကြယ်လက်ကိုဆွဲပြီး သူက ရှေ့မှ ဦးဆောင်ဆင်းသဖြင့် ကြယ်မှာ အတက်အဆင်းလူတွေကို ရှောင်ရှားရင်း မုန့်တိုင်းခေါ်ရာ လိုက်ခဲ့ရသည်။

"ဘယ်ကိုသွားမှာလဲဟင် တိုင်း"

"ဘယ်ဖြစ်ဖြစ်"

"ကြယ်က အကောင်းမေးတာကို"

"အကောင်းလည်း မမေးနဲ့၊ အဆိုးလည်း မမေး မင်းပါးစပ်ကို ပိတ်ထား"

ကြယ်နှင့်တွေ့တိုင်း တစ်ခုမဟုတ်တစ်ခု ဒေါသဖြစ် တတ်သော မုန့်တိုင်းမျက်နှာကိုကြည့်ရင်း ကြယ် ပခုံးလေးတွ လိုက်၏။

ကြည့်ပါလား လူတစ်ကိုယ်လုံး ဒေါသချည်း ဒါပေမယ့် မုန့်တိုင်းက စိတ်ရင်းကောင်းသည်။ ဒါကြောင့် ကြယ်ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး သင်္ဘောပေါ်မှာ ပစ်မထားခဲ့



မဟုတ်လား။

ကြယ့်အပေါ်မှာလည်း ရက်စက်နိုင်တာမဟုတ်ဘဲနဲ့များ။ သင်္ဘောဆိပ်က ကြယ်တို့နှင့် ဝေးကျန်ခဲ့သည်။ မုန့်တိုင်းက ဘာစကားမှမပြောဘဲ ရှေ့ကိုပဲ တစိုက်မတ်မတ် သွားနေ၍ သူ့နောက်သို့ ကြယ့်မှာ အမှီပြေးလိုက်ရင်း…

"တိုင်း…မုန့်တိုင်း"

ကြယ် ခေါ်ပေမယ့် သူက လှည့်မကြည့်။ ပတ်ဝန်းကျင် မှောင်လာပြီ။ လမ်းပေါ်က အဆောက်အဦးတွေ တစ်ခုပြီးတစ်ခု ကျန်ခဲ့ပေမယ့် မုန့်တိုင်းခြေလှမ်းတွေက အခုထိ မရပ်သေး။

"တိုင်း"

"ဘာဖြစ်လို့ ငါ့ကို ခဏခဏခေါ်နေတာလဲ"

"အခု ဘယ်သွားမှာလဲလို့"

"အိပ်ဖို့နေရာ ရှာနေတာ"

"အိပ်ဖို့"

ကြယ် အံ့သြတကြီး ရေရွတ်တော့ မုန့်တိုင်းက ကြယ်ကို ခနဲ့နှပ်သလို စိုက်ကြည့်သည်။ သူ့အကြည့်တွေကို ကြယ်

www.burmeseclassic.com

www.burmeseclassic.com



မကြောက်ပါ။ ခပ်တည်တည်လေး ပြန်ကြည့်တော့ သူက မျက်ခုံး
တွန့်သည်။

"မင်း ငါ့ကိုမကြောက်ဘူးလား"

"ဟင့်အင်း ကြောက်ပါဘူး"

ပြန်ဖြေသံက မြန်ဆန်စွာ။ ဘာလေးမှန်းကိုမသိ။

"အေး...မကြောက်ရင်လည်းနေ၊ ဒါပေမယ့် မင်းပါးစပ်
ကို ပိတ်ထား"

မုန့်တိုင်းက ပြောပေမယ့် ကြယ်က တကယ်ပါးစပ်မပိတ်
နိုင်ပါ။ ကြယ့်မျက်လုံးထဲ ဝင်လာတာက မေတ္တာတည်းခိုခန်းတဲ
ကြယ် အိပ်ဖို့နေရာ တကူးတကရှာနေရသော မုန့်တိုင်း ပင်ပန်းခြ
အတွက် ကြယ် မကြည့်ရက်။

ထို့ကြောင့် မုန့်တိုင်း၏ ခြေလှမ်းကျဲကြီးများနောက် အ
ပြေးလိုက်ရင်း ကြယ်က ဘေးတစ်စောင်းမျက်နှာကို လိုက်ကြည့်
ဘေးကနေ ခေါင်းကြီးစောင်းပြီး ကြည့်နေသော ကြယ့်အကြေ
ကြောင့် မုန့်တိုင်းက ဆတ်ခနဲ ပြန်ကြည့်သည်။

"ဘာလဲ...ဘာပြဿနာရှာဦးမလို့လဲ"





"ကြယ် ဘာမှမပြောရသေးဘူးနော်၊ တိုင်းဘာသာ
ကြယ်ကို စပြောတာ"

မျက်လုံးချင်းအဆုံမှာ ကြယ်က ချစ်စဖွယ် သွားတန်းလေး
တွေပေါ်အောင် ရယ်ရင်းပြောတာမို့ မုန့်တိုင်း ဘာပြန်ပြောရမှန်းမသိ
ဖြစ်သွားသည့်အတွက် မျက်နှာကို ခပ်တည်တည်လုပ်၍ တစ်ဖက်
ကို လှည့်လိုက်သည်။

"တိုင်း"

"ဘာလဲ"

"အိပ်ဖို့နေရာ ရှာနေတယ်ဆို"

"အဲဒါဘာဖြစ်လဲ"

"ဟိုမှာလေ"

ကြယ်က သူတို့နောက်ကို လက်ညှိုးထိုးပြ၏။ မုန့်တိုင်း
လှည့်ကြည့်တော့ တည်းခိုခန်း။

"မင်းအိပ်ရဲရင် အိပ်ပေါ့"

"တိုင်းကရောဟင်"

"ငါက ဘုန်းကြီးကျောင်းမှာ အိပ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘုန်းကြီးကျောင်းမှာ မွေ့ရာမရှိ ဘာမရှိနဲ့"

စိတ်ပျက်သလိုပုံစံနှင့် လာပြီးငြီးငြူနေသော ကြယ်ကို စိတ်ကုန်စွာ မုန့်တိုင်း စိုက်ကြည့်ပစ်သည်။ တည်းခိုခန်းထဲ နှစ်ယောက်စုံတွဲဝင်ပါက အေးပတ်ဝန်းကျင်က ဘယ်လိုမြင်မလဲ။ ဒါကို သူမ ထည့်မတွေး။ မေနှင့်တော့ ဆီနဲ့ရေလို အကွာကြီးကွာပါသည်။

မေကတော့ ချစ်သူချင်း တွဲတာတောင် လက်ဖက်ရည်ဆိုင် မထိုင်တတ်။ သူများတွေ တစ်မျိုးတမည်မြင်မှာ သူမတန်ဖိုးနိမ့်ကျမှာစိုး၍ ဖြစ်သည်။

"မွေ့ရာရှိတဲ့နေရာမှ မင်းအိပ်ချင်တယ်ဆိုရင်တော့ မင်းသဘောပဲ၊ သွားအိပ်ပေါ့"

"ဟင်...ကြယ်တစ်ယောက်တည်း"

မုန့်တိုင်းက ဘာစကားမှ ဆက်မပြောဘဲ လမ်းဆက်လျှောက်လာသည်။ အတွေးအခေါ်မတူသော နိမ့်ကျသော သူတွေနှင့် စကားပြောရတာ ပြောရှုပ်ငင် မကောင်းပါချေ။ ကိုယ့်တန်ဖိုး ကိုယ့်သိက္ခာမထွက်။



သူတစ်ပါး လိုက်မြှင့်တင်ပေးနေရသောအဖြစ်။ မုန့်တိုင်းတွေးရင်း မဲ့ပြုံးပြုံးကာ ရှေ့ဆီမျှော်ကြည့်မိပါသည်။ အရှေ့၌ ဘုန်းကြီးကျောင်းတစ်ကျောင်း တွေ့ပြီ။

"တိုင်း"

ကြယ်က ကျောင်းဝင်းထဲ ဝင်ကာနီး မုန့်တိုင်းအင်္ကျီစကို အားကိုးတကြီး လှမ်းဆွဲမိသည်။ ဘုန်းကြီးကျောင်းကလည်း သင်းထိန်နေသော လျှပ်စစ်မီးနှင့်မှ မဟုတ်တာ။ မှောင်နှင့်မည်းညည်း၊ ခပ်ကုပ်ကုပ်။ မုန့်တိုင်းကတော့ အင်္ကျီစဆွဲထားသော ကြယ့်လက်ကို ပုတ်ထုတ်ရင်း...

"စကားပြောရင် ပါးစပ်ကပြော၊ လက်မပါနဲ့"

"ဟို...မှောင်တော့ ကြယ် ကြောက်လို့"

"ဒါ ဘုန်းကြီးကျောင်း၊ ကြောက်ရအောင် မင်းက တရားမရှိနဲ့ မတည့်ဘူးနဲ့တူတယ်"

"တိုင်းကလဲ"

ကြယ်မှာ ဒါပဲပြောတတ်သည်။ မုန့်တိုင်းက ကြယ်ဘာပဲပြောပြော၊ ဘာလုပ်လုပ် ကြယ့်ကို အကောင်းမမြင်၊ ဘုဂလန့်

www.burmeseclassic.com

www.burmeseclassic.com



ချည်းပြောဖို့သာ စိတ်ကူးရှိပုံရပါသည်။ ဒါကိုပဲ ကြယ်က မနာကျင်နိုင်ဘဲ မုန့်တိုင်းနားက မခွဲနိုင်မခွာရက် ဖြစ်နေတာကလည်း ဆန်းသည်။

ဒါကြောင့်လည်း မုန့်တိုင်းက ကြယ်ကို အလိုမရှိမှန်းသိသိနှင့် ဖွတ်ရောအတင်းပါ ပတ်သက်မိတာဖြစ်သည်။ မုန့်တိုင်းအမြင်မှာတော့ ကြယ်ဆိုတာ အထင်မြင်သေးစရာ၊ မုန်းတီးစရာဖြစ်နေမှာပါ။

ဒါကလည်း မုန့်တိုင်းကိုယ်တိုင် ကြယ်ကို ချစ်တဲ့စိတ်နဲ့ မကြည့်မိသေးလို့ဟု ထင်ပါသည်။ ကြယ်လို အချစ်တစ်ခုထဲကိုသာ မြတ်နိုးကိုးကွယ်တတ်သူအဖို့တော့ တိုင်း ဘာလုပ်လုပ်၊ ဘာပြောပြော မနာကျင်နိုင်ခဲ့။ အခုလည်း တိုင်းနောက် ကြောယ်ကြောက်ရွံ့ရွံ့ အတူပါလာ၏။

သူမခေါ်လျှင် ကြယ် ဘယ်နားသွားနေရမှာပါလိမ့်။ တိုင်းကိုပဲ အားကိုးစရာရှိတာကိုး။ တိုင်းက မကြည်ဖြူပေမေ့ ကြယ်ကတော့ တိုင်း ဘယ်လိုပြုမူပါစေ ကြည်ဖြူပြီးသား၊ ခွင့်လွှတ်ပြီးသား၊ အထင်ကြီးပြီးသား။





တိုင်းက ကျောင်းထိုင်ဘုန်းကြီးထံမှာ တစ်ညအိပ်ခွင့်တောင်းပါသည်။

"မောင်နှမပါ ဘုရား၊ ခရီးလွန်ပြီး တည်းစရာအခက်အခဲရှိတာနဲ့ပါ၊ တည်းခိုခန်းမှာကျတော့လည်း မောင်နှမ အဆင်မပြေမသင့်တော်လို့ပါ ဘုရား"

တိုင်းက အဆင်တပြေ လျှောက်တင်တတ်ပါသည်။ ကြယ် အားကိုးတကြီး တိုင်းကို ငေးနေရုံသာ။ တိုင်းရှိရင် အရာရာပြည့်စုံလုံခြုံသည်လို့ ကြယ် ထင်မှတ်ရတဲ့အခါပါ။ အဲဒီညက ကပ္ပိယကြီးဟာ ဘုန်းကြီးကျောင်းအနောက်က ဇရပ်ကလေး၌ ကြယ်နှင့်တိုင်းတို့နှစ်ယောက်ကို နေရာပေးပါသည်။

"ဒီကျောင်းမှာ မီးတော့မရှိဘူး၊ ဒီမှာ ဖယောင်းတိုင်၊ မီးခြစ်၊ ဒါက ည ဆာရင်စားဖို့၊ ရေအိုးက ဟိုဘက်ထောင့်မှာရှိတယ်"

ဟု ညွှန်ကာ ထွက်သွားပါတော့သည်။ ဇရပ်က တံခါးရှိပြီး ဧည့်ခန်း၊ အိပ်ခန်းနှင့် မီးဖိုဆောင်ပါ ပါသေး၏။

"ရက်ရှည်ဧည့်သည်တွေအတွက် ထားတာပါ၊ မိန်းက



www.burmeseclassic.com

www.burmeseclassic.com

လေးပါတော့ သီးသန့်မှဖြစ်မှာ ဒကာ၊ ဒကာတစ်ယောက်တည်းဆိုရင်တော့ ဒီဘုရားခန်းမှာပဲ အိပ်လို့ဖြစ်ပါတယ်''တဲ့။

အဲဒီတုန်းက ကြယ်ဟာ ကျက်သရေခန်းဆိုတာ၌ပင် အိပ်ချင်သေး။ ဘတ္တရီမီးချောင်းလေး ရှိသေးတာကိုး။ အခု ဒီဇရပ်ထဲမှာက မှောင်မည်းမည်း ဖယောင်းတိုင်ပိန်ရှည်ရှည်လေး နှစ်တိုင်နှင့်။

တစ်ညလုံး ကြယ် ဘယ်လိုကျော်ဖြတ်ရပါမည်လဲ။ ကြယ်ဆိုတာ မွေးကတည်းက ရွှေလင်ဗန်းပေါ် အချင်းချေခဲ့သူ။ သူ့ဧွေးသူ့ကြွယ်မျိုးရိုးက ဆင်းသက်ခဲ့သူမို့ မီးမှိန်ပျပျအောက် မနေခဲ့ဖူး။ အိမ်မှာမီးပြတ်လျှင် အင်ဗာတာထွန်းရုံ။ လင်းထိန်မှုများထဲ နေတတ်သူမို့ မှောင်ထဲနေပါများရင် အသက်ရှုကြပ်လာသည်။ ဒီကြားထဲ တိုင်းက ဖယောင်းတိုင်တစ်တိုင် ကမ်းပေးကာ…

''ခေါင်းအုံးတွေ၊ စောင်တွေ တစ်ဝက်ခွဲယူသွား''

''ဘာလုပ်ဖို့လဲဟင် တိုင်း''

စိတ်မရှည်သော မုန့်တိုင်းမျက်ဝန်းတွေက မီးရောင်အောက်မှာ လက်နေ၏။



''မင်းဘာသာ မင်းအခန်းထဲ သွားအိပ်ပေါ့''

''ဟင်…ကြယ်တစ်ယောက်တည်း အိပ်ရမှာလား''

''ဟ…ဘယ်လိုမေးခွန်းကြီးလဲ၊ မင်းတစ်ယောက်တည်း အိပ်လို့ ပူးတွဲအိပ်ရအောင် ကွာ''

မုန့်တိုင်းက အဲသလို စုပ်သပ်ပြီး စကားကို အဆုံးသတ်ပါသည်။ ဆက်ပြောလျှင် တစ်တစ်ခွခွတွေ ပါကုန်တော့မည်။

''မဟုတ်ဘူးလေ၊ ကြယ်ပြောတာက''

''ဘာတွေပြောဦးမလို့လဲ''

''ဟို…ကြယ်တစ်ယောက်တည်း မအိပ်ရဲဘူး၊ အဲဒါ''

''ကြယ်စင်သုတ''

မုန့်တိုင်း စိတ်တိုလာသည်။

ဘယ်အထိအောင်များ မုန့်တိုင်းအပေါ် ဒီမိန်းကလေး အလိုက်ကန်းဆိုးမသိဘဲ ပြောချင်ရာ စွတ်ပြောနေပည်မသိ။

သူမနာမည်ခေါ်လိုက်တော့ မျက်လုံးဝိုင်းကြီးတွေနှင့် မုန့်တိုင်းကို မော့ကြည့်သည်။

အင်မတန် ရိုးသားအပြစ်ကင်းသော အကြည့်တွေကပဲ

www.burmeseclassic.com

www.burmeseclassic.com



မုန့်တိုင်း ဒုက္ခတွေ ပေးနေတာများပြီ။ ကြယ်ကြောင့် မုန့်တိုင်း ခရီးစဉ် ဖျက်ရသည်။ ကြယ်ကြောင့် အခု ဒီမှာတည်းရပြီ။ ကြယ်ကြောင့် ထွက်ရသောခရီးသည် ကြယ်ကြောင့် ပျက်ပြန်၏။ ကြယ်စင်သုတာဆိုတာ တွေးကြည့်ရင် တစ်စက်မှ ကောင်းကွက်မရှိ။

ဒါကို မုန့်တိုင်း စိတ်တိုခြင်းဖြစ်သည်။ ဘာလည်းကွာ ပြောမရဆိုမရ သူမစိတ်ထင်ရာလျှောက်လုပ်လို့ မုန့်တိုင်းရင်ထဲ ဖြောင်းဆန်နေပြီ။

“မင်း ငါ့ကို ဘယ်အချိန်အထိ ဒုက္ခပေးဦးမှာလဲ ကြယ်စင်သုတ”

“ကြယ်လည်း တိုင်းလို ဒုက္ခရောက်နေရတာပဲ၊ အခုဟာ က ကြယ် တကယ်မအိပ်ရဲ”

“တော်ပါတော့”

သူ ဖြတ်အော်ပစ်သည်။ ဟင့်ခနဲအသံအဆုံးမှာ ကြယ် မျက်ရည်တွေ သွန်ချသလို ဝေါခနဲ ပြိုဆင်းလာ၏။

“မင်းအခန်းထဲမှာ မအိပ်ရဲရင် ဟိုဘက်မှာအိပ်၊ ဖယောင်း တိုင်လည်း နှစ်တိုင်လုံးယူထား၊ ငါ့နား လာမနေနဲ့၊ နောက်ထပ်



လည်း မငိုနဲ့၊ ငါပြောတာ ကြားလား”

“ဟုတ်”

သူမန့်ခပ်ဝေးဝေးမှာ သူ့ကိုယ်ကြီးကို ဖြစ်သလို လှဲချလိုက်သည်။ ဘယ်ဘဝက ဝဋ်ကြွေးမှန်းမသိ။ မှုန်ပျပျအလင်းနှင့်ပင် ဖျာပင် မခင်းနိုင်။ စိတ်ဆင်းရဲခြင်းကြီးစွာ သမကို ကျောခိုင်းပြီး အိပ်ပစ်လိုက်သည်။

ကျိတ်၍ငိုရှိုက်သံလေးကြားပေမယ့် လှည့်မကြည့်။ တစ်ညနေလုံး စိတ်မောလူမောဖြစ်ခဲ့ရသမျှသည် အိပ်ပျော်သွားမှပင် သက်သာသွားရသည်။ ပင်ပန်းသည့်ဒဏ်ကြောင့် ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်လဲမသိ။

ဖျတ်ခနဲနိုးလာတော့ ဇရပ်တစ်ဆောင်လုံး မှောင်လည်း မှောင်နေသည်။ ပြီးတော့ မုန့်တိုင်းနောက်ကျောပြင်၌ ပူနွေးသော အထိအတွေ့လေးတစ်ခု။ ရုတ်တရက် သူ ဖျတ်ဆို လန့်သွားသည်။ နာရီမှ မီးစုန်လေးဖွင့်ကာ ကြည့်မိမှ…

အခြားဟုတ်ရိုးလား။ သူ့နားရောက်နေသူက ကြယ်စင်သုတာ။ မုန့်တိုင်းနောက်ကျော၌ ပူးနှံတုပ်ကွေးလိုကွေးသည်။ သူမ

www.burmeseclassic.com



နဖူးနှင့် မှန်တိုင်းကျောပြင်ကို ထိထား၏။ လက်တစ်ဖက်က မုန်တိုင်း ရုပ်အင်္ကျီအနားစွန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသေးသည်။ မုန်တိုင်း သက်ပြင်းတစ်ချက် ကျိတ်ရှိုက်ရသည်။

အခုမှ မလှုးသာမလွန့်သာ ဖြစ်ရတာက မုန်တိုင်း။ ထိုညက မုန်တိုင်း အိပ်မပျော်။ မိုးစင်စင်လင်းတဲ့အထိ ကြယ်စင်သုတဆိုသည့် သူမအကြောင်းပဲ ခေါင်းထဲရောက်နေသည်။

မင်းကြောင့် ငါရူးတော့မယ်ထင်တယ် ကြယ်စင်သုတ ရယ်။

◆ ◆ ◆

## အခန်း (၁၅)

နောက်တစ်နေ့မနက် ခုနစ်နာရီသဘောနှင့် ပြန်လိုက်လာသော မုန်တိုင်းတို့နှစ်ယောက် ရန်ကုန်သို့ ဆယ်နာရီခန့်တွင် ပြန်ရောက်လာ၏။ ရန်ကုန်မြေ ခြေချကတည်းက…

"မင်းဘာလုပ်မှာလဲ ကြယ်စင်သုတ"

"ရှင်"

"မင်း အခု ဘာလုပ်မှာလဲလို့ ငါမေးနေတာ၊ ငါကတော့ သွားပြီ၊ ငါ့အလုပ်တွေ ပျက်ပြီ၊ ဒါပေမယ့် ရတယ် ခင်းကိုထားပြီး ပြန်သွားမှာ"

"ဟို…ကြယ်က အိမ်ကိုပဲပြန်မှာပါ တိုင်း"

"ပြန်ပေါ့"

စိုး:မိုး:၉၇၆၀
စိုး:မိုး:၉၇၆၀
www.burmeseclassic.com

www.burmeseclassic.com



မုန့်တိုင်း စိမ်းကားစွာပြောပြီး ညနေသဘော်အတွက် လက်မှတ်တစ်စောင် ဝယ်ရန်ပြင်သည်။ အမှန်ဆို ဒီနေ့ဆို သွားလို ရာခရီး ရောက်ပြီ။ အခုတော့ ငွေပိုငွေလျှံမရှိသည့်အထဲ ညက သဘော်ပေါ်မှာလည်း ထမင်းဖိုးကုန်သည်။

ဘုန်းကြီးကျောင်းမှာ အလှူငွေထည့်ရတာနဲ့ ဒီမနက်စာ အတွက်နဲ့ဆို မုန့်တိုင်းစရိတ်ထဲက ငွေတော်တော်ပွန်းသွားပြီ။ ကိုယ်ဟာ အပိုအလျှံကြီးမဟုတ်တာကြောင့် ဒီညသဘော်စရိတ်ပါ ထပ်ကုန်က မုန့်တိုင်းအတွက် အတော်ခြိုးခြံရမည့် အခြေအနေ။

လက်မှတ်ဝယ်ပြီး ဒီဘက်ပြန်အလှည့်…

"ဟင်"

မုန့်တိုင်း လန့်သွားသည်။ တခုန်မိမတတ်။ မုန့်တိုင်းနောက် ၌ ခပ်ယို့ယို့ရပ်နေသော ကြယ်စင်သုတ။

"မင်းမသွားသေးဘူးလား ကြယ်စင်သုတ"

"ပိုက်ဆံမှမရှိတာ"

"ဪ…ငါက အပြန်စရိတ်ပါ ပေးရဦးမယ်ပေါ့၊ အဲ့ လိုလား"



"ဟို…စရိတ်မရှိတော့လေ၊ ပြီးတော့ ဗိုက်လည်းဆာ တယ်၊ ပြီးတော့ တစ်ယောက်တည်း မပြန်ရဲတော့ဘူး"

"အဲဒီတော့ ပြောပါဦး၊ ငါက ဘာဝင့်ခံရဦးမလဲဆိုတာ"

စိတ်တိုတိုနှင့် ရွဲ့ပစ်ခြင်းပါ။ ကြယ်ဆိုကဲ့ သူမကိစ္စဟာ ပြီးမပြီးနိုင်။

"ဟို…တိုင်းက ကြယ်အတွက် ကုန်တားတာ ပိုက်ဆံ တွေရှိတယ်နော်"

"အဲဒါဘာဖြစ်လဲ"

မုန့်တိုင်းလေသံက ခပ်ဆတ်ဆတ်။

"ကြယ် ပြန်ပေးမယ်လေ၊ သဘော်က ညနေမှစီးရမှာ မဟုတ်လား၊ အခု အိမ်လိုက်ခဲ့လေ၊ ကြယ်အတွက် ကုန်သမျှ ပြန်ပေးပါ့မယ်"

မုန့်တိုင်း နည်းနည်းတော့ တွေဝေသွားသည်။

အင်း…ဒါဆိုရင်တော့ မဆိုးလှ။ ဒါပေမယ့် ကြယ်နှင့် သူ မပတ်သက်ချင်၍ ခေါင်းခါလိုက်သည်။

"မလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တိုင်းအတွက် မလိုပေမယ့် ကြယ့်အတွက်တော့ လိုအပ်နေလို့ပါ၊ ကြယ့်မှာ အမွေထိန်းတဲ့ ရှေ့နေကြီးတော့ ရှိတယ်၊ သူ့ကိုတော့ ကြယ်က ကြောက်ရတာ၊ ဘယ်သွားလဲမေးရင် ကြယ်ဖြေလို့ရအောင် ကြယ်ကို ကူညီတဲ့အနေနဲ့ပဲဖြစ်ဖြစ် ခဏလေးလိုက်ခဲ့ပါနော်"

"ကြယ်...တောင်းပန်ပါတယ် တိုင်းရယ်၊ ကြယ်ကို ကူညီပါနော်"

မုန့်တိုင်း တွေဝေစွာစဉ်းစားနေသဖြင့် ကြယ်က သနားခံတောင်းပန်မိသည်။ အခုကြမှ ကြယ် အိမ်ပြန်ရမှာ ကြောက်နေသည်။ အပြစ်တစ်ခုခုလုပ်ပြီးလျှင် ရင်မဆိုင်ရဲတော့။

"ကြယ့်ဘဝမှာလေ တစ်ခါမှ အခုလိုမျိုး အပြစ်မျိုးမလုပ်ဖူးဘူး တိုင်းရယ်၊ ကြယ်ကို တိုင်းပဲ ကူညီပေးပါဦးနော်"

တကယ်လည်း ကြယ့်ဘဝမှာ အဲဒီလိုအဖြစ်မျိုး တစ်ခါမှမကျူးလွန်ဖူး။ မိန်းကလေးတစ်ယောက် အိမ်ပြန်မအိပ်ခြင်းသည် တော်တော်အရေးခံရမည်။ ထို့ကြောင့် တိုင်းအပေါ် အားကိုးချင်စိတ်က အပြည့်ရှိပြန်တော့ အကူအညီတောင်းရခြင်းပါ။



မုန့်တိုင်းကတော့ အခုချိန်ထိ ကြယ့်မျက်နှာလှလှလေးကို ငေးစိုက်ကြည့်နေရုံမှတစ်ပါး စကားတစ်ခွန်းမှ မဆိုသေး။

"တိုင်း"

"ကြယ်ကို ကူညီပေးမယ်မဟုတ်လားဟင်"

"ကူညီမှာမဟုတ်လားလို့၊ တိုင်းသာ မကူညီရင် ကြယ်အိမ်ကိုမပြန်တော့ဘူး"

"မင်း ငါ့ကို တော်တော်ဒုက္ခပေးပါလားကွာ"

စိတ်ညစ်သည်မှာ ပြောပင်မပြောတတ်တော့။

"ကြယ်လည်း တိုင်းကြောင့် ဒုက္ခရောက်ရတာပဲ"

"ဘာ...ငါ့ကြောင့် ဟုတ်လား"

"ဟုတ်တယ်လေ၊ တိုင်းမေမေသာ တိုင်း ခရီးသွားမှာအတိအကျပြောရင် ကြယ် နေခဲ့မှာပေါ့၊ ဒါဆို အခုကိစ္စဘယ်ဖြစ်မှာလဲ"

"ကြယ် အခုလိုဖြစ်တာ တိုင်မေမေကြောင့်ဆိုရင် တိုင်းမှာလည်း တာဝန်ရှိတာပဲ"

ကလေးဆန်တာလား၊ မသိနားမလည်ကတတ်ခြင်းလား။

www.burmeseclassic.com

www.burmeseclassic.com



သချာတာကတော့ မိထွေးဖြစ်သူ၏ လက်ချက်ဖြင့် မုန်တိုင်းကိုယ်တိုင် မပါဝင်သော်လည်း အပြစ်မကင်းသလို ဖြစ်နေသည်။

"မင်း ထင်ရာတွေ လျှောက်ပြောမနေနဲ့ ကြယ်စင်သုတ"

"မှန်တာပြောတာပဲ၊ ကြယ် ဒုက္ခရောက်နေတာကိုတော့ ဘယ်သူမှ မကူညီဘဲနဲ့"

ကြယ်က နူတဲ့မမ်းရွှဲ၊ ခြေကိုဆောင့်ပါသည်။ နောက်ဆုံး မုန်တိုင်းပဲ အလျှော့ပေးလိုက်ရသည်။

ကြယ်တို့ ခြံတံခါးကြီးက သံပန်းအဝါနှင့်အနက် ရောထားသည့် ရီမုခ်နှင့် အဖွင့်အပိတ်လုပ်ရသည့် တံခါးမျိုး။ အုတ်အနီတွေ၊ စတီးလ်တန်းတွေနှင့် အလှဆင်ထားသည့် အိမ်ကြီးက နန်းတော်ကြီးအလား။ လိုက်လာမိတာ မှားပြီလားဆိုသည့် အတွေးက အခုချိန်ကြမှ ဘာမှမတတ်နိုင်။

ကားဟွန်းတီးတာနှင့် ခြံတံခါးက လျှောခနဲ ပွင့်ထွက်သွားသည်။ ကားက ဘီးလိမ့်ရုံ၊ ခြံဝရှိ ခြံစောင့်တဲလေးထဲမှလူက သူတို့အား စူးစမ်းသလိုကြည့်သည်။ အဲဒီအချိန်အထိတော့ သူဟာ အကြည့်တွေကို မဝေခွဲနိုင်သေး။





တက္ကစီက ပေါ်တီကိုအောက် ရပ်သွားသည်။

"လာ...တိုင်း"

ကြယ်က ဦးဆောင်ပြီး မုန်တိုင်းကို ခေါ်သွားသည်။ မှန်ချပ်အညိုကြီးတွေ တွန်းဖွင့်အဝင်မှာ ဧည့်ခန်းထဲ၌ လူစုံတက်စုံ။ ဦးဆိုးတာက ထိုလူတွေထဲ မုန်တိုင်းမိထွေးနှင့် မုန်တိုင်းဖခင်ပါ ပါနေခြင်းပင်။

"ဖေဖေ"

"ဘယ်လိုတွေဖြစ်ကြတာလဲ မုန်တိုင်း"

"တော်သေးတာပေါ့ကွာ၊ အချိန်မှီ ပြန်ရောက်လာကြလို့"

"ဖေဖေ"

ဖေဖေ့စကားကို မုန်တိုင်း နားမလည်နိုင်၊ အဖေ့မျက်ဝန်းအကြည့်တွေက ကြယ်နှင့်မုန်တိုင်းကို တစ်လှည့်စီ။

"မိုက်လိုက်တဲ့သမီးကွယ်"

"ကြယ် ရှင်းပြပါရစေဦး ဘာဘာ"

ကြယ့်ရှေ့နေကြီး၏ အကြည့်တွေကို ကြယ် အံ့အားသင့်စွာ ရှင်းပြဖို့ ကြိုးစားသည်။ အိမ်ရှိလူကုန်ရဲ့ အကြည့်တွေက တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ ကြယ် မျှော်လင့်ထားတာက တစ်မျိုး။ ထို့ကြောင့် သူမအပေါ် အမြဲနားလည်ပေးသော အလိုလိုက်သော အမွေထိန်း ရှေ့နေကြီးကို အားကိုးတကြီး ခေါ်မိခြင်းပါ။

"အခုချိန်ရောက်မှတော့ ဘာမှရှင်းပြမနေနဲ့တော့ သမီး အားလုံးလွန်ကုန်ပြီ"

"မဟုတ်ဘူး ဘဘ၊ သမီးတို့က"

ဘဘက လက်ကာတားသည်။

"ကလေးမလေး အပြစ်မဟုတ်ပါဘူး ရှေ့နေကြီး၊ ဒါ ကျွန်တော့်သားအပြစ်ပါ၊ ဖြစ်သမျှကိစ္စအတွက်တော့ ရှေ့မျက်နှာ နောက်ထားပြီး တောင်းပန်ပါတယ်ဗျာ"

"ပြီးတော့ မိဘတို့ဝတ္တရားရှိတဲ့အတိုင်း"

"ဖေဖေ ဘာတွေပြောနေတာလဲ"

မှန်တိုင်း ထိတ်လန့်တကြား ဝင်အော်သည်။ လမ်းကြောင်း တွေ လွဲကုန်ပြီ။

"ကျွန်တော်နဲ့သူနဲ့က ဘာမှမဖြစ်ခဲ့ဘူး ဖေဖေ"

"ဟော့ကောင်"





ဖေဖေက မမာန်စဖူး မာန်သည်။

"မိန်းကလေးက မင်းနဲ့အတူ တစ်ညလုံးပျောက်သွားတာ ဘာမှမဖြစ်ခဲ့ဘူးလို့ မင်းငြင်းချင်တာလား"

ကြယ့်ဘက်က အမွေထိန်းကြီးက ရှေ့နေငပြီ မေးခွန်းထုတ် သည်။ သူ့မှ ရဲရင့်ခြင်းတွေက အားမာန်အပြည့်ဖြင့် ဝင်ရောက်လာ သည်။ မှန်တိုင်း ထိုရှေ့နေဆိုသူအား ရဲရဲတောက် ရှုစိုက်ကြည့်ရင်း

"ဟုတ်တယ်၊ ဘာမှမဖြစ်ခဲ့ဘူး၊ အဲဒါ သူအသိဆုံးပဲ၊ ကြယ်စင်သုတ ပြောပြလိုက်လေ၊ အမှန်အတိုင်း"

"ဟုတ်ပါတယ် ဘဘ၊ ကြယ်တို့"

"တော် . . . သမီး၊ ဘဘက သမီးရဲ့ အမွေထိန်းပေးထား တဲ့သူဆိုလည်း ဟုတ်တယ်၊ မိဘတွေမရှိတော့တဲ့နောက်ပိုင်း သမီး မိဘဆိုလည်း ဟုတ်တယ်၊ ဒါပေမယ့် ဘာမှမဖြစ်ခဲ့ဘူးဆိုတာ သမီးတို့နှစ်ယောက်ပဲသိတယ်၊ ဘေးပတ်ဝန်းကျင်ကမသိဘူး၊ ဒီတော့ မောင်ရင်"

လူကြီးက မှန်တိုင်းကို တည့်တည့်ကြည့်သည်။ မှန်တိုင်း ကလည်း မလွှဲစတမ်း ပြန်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ဂုဏ်သိက္ခာအတွက်"

"မဖြစ်နိုင်တာတွေ မတောင်းဆိုပါနဲ့ ရှေ့နေကြီး"

မှန်တိုင်းအသံက တင်းမာပြတ်သားစွာ။ ရှေ့နေကြီးမျက်နှာကလည်း ခက်ထန်ရင့်ကျော်စွာ။

"ကျွန်တော်နဲ့ ကြယ်စင်သုတက ချစ်သူတွေမဟုတ်ဘူး။ ပြီးတော့ ဒီကိစ္စမှာ ကျွန်တော်မမှားဘူး၊ ကျွန်တော်သွားမယ့်ခရီးနောက် သူ့ဟာသူ လိုက်လာခဲ့တာ၊ ကျွန်တော်ခေါ်တာမဟုတ်ဘူး။ အခြေအနေအရပ်ရပ်ကြောင့် ညတွင်းချင်း ပြန်လို့မရတော့ဘူး၊ ဒါပေမယ့် သူ့အပေါ် ကျွန်တော် စိတ်နဲ့တောင် မပြစ်မှားဘူး၊ သူ့မှာ ဂုဏ်သိက္ခာရှိသလို ကျွန်တော့်မှာလည်းရှိတယ်၊ သူ့အတွက် ငဲ့ပြီး ကျွန်တော့်သိက္ခာအတွက် ဘယ်နေရာ သွားထားရမှာလဲ"

မှန်တိုင်းရဲ့ စကားသံတွေဟာ ကြယ်ရင်ထဲသို့ အထောင်းအသောင်းသော မြှားတံတွေနှယ် စူးနစ်စိုက်ဝင်လာတာများ ကြယ့်ရင်မှာ တကယ့်ကို မချိမဆံ့။

ကြယ်ကို သူမချစ်ဘူးဆိုတာ သိပေမယ့် ဒီလောက်အထိ ခါးခါးသီးသီးဖြစ်နေတာ မြင်ရတော့ ကြယ် ရင်တွေနာရသည်။





ကြယ်အပေါ် အားနာခြင်းကဖြစ်သော သနားသောဖေဒ်တစ်မျိုးတောင် မရှိတော့ဘူးလား။ ကြယ့်ကို ငဲ့ကွက်ခြင်းကရော၊ ချစ်သူမျက်နှာကိုကြည့်ရင်း တွေးရင်း ကြယ့်မျက်လုံးထဲမှာ တိုင်းပုံရိပ်တွေက နှစ်ထပ်ဖြစ်လာသည်။ လှုပုံအလယ်မှာ အရှက်ခွဲခံရခြင်းကြောင့် ကြယ် သွေးကြောတွေဟာ ရှိန်းမြမြ ပူထူနေရာမှ ပေါက်ထွက်ကုန်ပြီထင်ပါရဲ့။

"ဒါဖြင့် မောင်ရင်က ကျုပ်တို့သမီး ကြယ်စင်သုတကို လက်မထပ်နိုင်ဘူးပေါ့"

"ဟုတ်ပါတယ်"

"အို"

"ကြယ်"

သွားပြီ။ ကြယ်ရဲ့ ရှက်ရွံ့ခြင်းက ခန္ဓာကိုယ်ထဲမှ ပွင့်ထွက်သွားသည်။ လူက ဝမ်းနည်းစိတ်ကြောင့် မိုက်ခနဲဖြစ်သွားသည်။

"ကြယ်…လုပ်ပါဦး၊ ကြယ်ကို ခေါ်လို့မရတော့ဘူး"

မို့အသံက ကြယ့်နားထဲမှာ ဝေးသွားသည်။

"ဟဲ့…သမီး…သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်…သတိထားလေ ကြယ်"

မိမိနှင့် ယှဉ်တို့လက်ထဲမှာ ကြယ်က ပျော့ခွေလျက်။

"မင်း ယောကျ်ားဖြစ်ပြီး ကိုယ့်တာဝန် ကိုယ်မယူချင်တဲ့ကောင်"

မုန်တိုင်းကို တစ်သက်နှင့်တစ်ကိုယ် လက်ဖျားနှင့်မထိဖူးသော ဖေဖေက ဒီတစ်ခါတော့ အားပြင်းသော လက်သီးနှင့် မုန်တိုင်းကို မိတ်ဆက်ပေးသည်။ ယိုင်ခနဲ မျက်စိထဲ ကြယ်တွေလတွေ မြင်သွားသည်။

"ကောင်းပြီလေ၊ မောင်ရင် လက်မထပ်ချင်လည်း အတင်းကြီး မလုပ်နိုင်းပါဘူး၊ ဒါပေမယ့် ဥပဒေကြောင်းအရတော့ တရားစွဲရလိမ့်မယ်၊ ဂုဏ်သရေရှိ မိန်းကလေးတစ်ယောက်ကို လိမ်လည်ခိုးယူပေါင်းသင်းမှုနဲ့"

"ခင်ဗျားပြောတာ လုံးဝမဟုတ်ဘူး"

မုန်တိုင်း ကြုံးအော်သည်။ သူ လိမ်လည်ပေါင်းသင်းခဲ့တာမှ မဟုတ်တာ။ ဖေဖေကတော့ ကြယ့်ရှေ့နေကြီးကို မုန်တိုင်းကိုယ်စား တောင်းပန်ညွှတ်တွားသောအကြည့်တွေဖြင့်…





"အလျှင်စလို မဆုံးဖြတ်ပါနဲ့ ရှေ့နေကြီးရယ်၊ ကျွန်တော့်သားကို ကျွန်တော်ပြောပါ့မယ်၊ ဒီလို လူမဆန်တဲ့အလုပ်မျိုး သူ့မလုပ်စေရပါဘူး"

"မုန်တိုင်း သား မင်းခေါင်းညိတ်လိုက်လေ"

မုန်တိုင်းဘက်က ကတိရဲရဲပေးလေသည်။ သွားပြီ၊ မုန်တိုင်းကတော့ သိလိုက်ပါသည်။ အခုအချိန်မှစ၍ ချောက်ကမ္ဘားကြီးထဲ ကျသွားပြီဆိုတာ။ မိထွေးတော် ဂေါတမီရှိရာ မုန်တိုင်းအကြည့်တွေ စူးရှစွာ ကြည့်လိုက်မိသေးသည်။

ဒီဇာတ်လမ်းရဲ့ ဒါရိုက်တာဟာ ဒေါ်ကြည်ဝင်းလေ။ အခုတော့ သူနှင့်မဆိုင်သလို တစ်ခွန်းတစ်ပါဒမျှ ဝင်မပြော။ ဘာရည်ရွယ်ချက်လဲဆိုတာ သူသေချာမသိပေမယ့် စကားပုံတစ်ခုတော့ မုန်တိုင်း ကြားဖူးသည်။

ရေမြင့်မှ ကြာတင့်သတဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ပြောစရာရှိတယ်"

"တိုင်း"

မုန့်တိုင်း၏ ချောမောခန့်ညားသည့် မျက်နှာက တင်းမာစွာ။ ဒါ သတို့သားတစ်ယောက်ရဲ့မျက်နှာလား။ ကျောက်စိုင်ကျောက်သားအလား မာကျောတဲ့အသွင်နဲ့ မျက်ဝန်းအကြည့်တွေကလည်း ကြယ့်အပေါ်မှာ စိမ်းစိမ်းလက်လက်။ ဘယ်လိုပဲဖြစ်ဖြစ် ကြယ်ကတော့ တိုင်းကိုချစ်သည့်အတွက် အပြစ်လို့မမြင်။

"ကြယ်လည်း တိုင်းကို ပြောစရာရှိတယ်၊ ဒါပေမဲ့ တိုင်းပဲ အရင်ပြောပါ"

ကြယ့်အသံက ချစ်ခြင်းတွေနှင့် နူးညံ့သိမ်မွေ့နေပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကတော့ ကြယ်နှင့်ဆန့်ကျင်ဘက်။

"ပြောလေ တိုင်း၊ ကြယ် နားထောင်နေပါတယ်"

မှန်တိုင်း အကြည့်တွေက စူးလက်စွာ ကြယ်ထံရောက်လာသည်။ သူ့မျက်နှာမှာ အပြုံးမရှိသလို နူးညံ့ခြင်းလည်းမရှိ။ ကြယ်ကတော့ တိုင်း ကြယ့်အနားမှာ ရှိနေရုံနှင့် အရာအားလုံး ပြီးပြည့်စုံသွားသလို ထင်မိသည်။

"ငါ အိပ်ရာခွဲအိပ်မယ်"

"ရှင်"

ကြယ့်ထံမှ အာမေဋိတ်သံ ထွက်သွားသည်။ အံ့သြတာရော ထူးဆန်းတာရော။ ပြီးတော့ သိမ်ငယ်တာရောပေါ့။ ဒါပေမဲ့ ကြယ် ကျေနပ်ပါသည်။ ကြယ်ကို မချစ်ဘဲနဲ့ လက်ထပ်ခဲ့ရတာဆိုတော့ တိုင်းကို စိတ်ချမ်းသာစေချင်တာပဲ ရှိသည်။

"တိုင်းသဘောပါ၊ တိုင်း စိတ်ချမ်းသာဖို့ပဲ အရေးကြီးပါတယ်"

"ဒါဆိုလည်းပြီးရော"

နေရာက ချာခနဲ လှည့်ထွက်သွားသည့် တိုင်းနောက်ကျော





ကို ကြည့်ပြီး ကြယ် မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်လာတာကို တိုင်းမသိ။ ရင်ထဲမှာ နာပေမယ့် ကြယ်ရဲ့ မင်္ဂလာဦးညကို ကြယ် ချစ်တဲ့သူနဲ့ တစ်မိုးအောက်ထဲ အတူရှိခွင့်ရသည့်ကိုပဲ ကျေနပ်ကြည်နူးနေရသည့်အဖြစ်။ ကြယ့်ရင်ထဲက ခံစားချက်ကို ဘယ်သူ သိနိုင်မှာလဲကွယ်။

"ချစ်တယ် တိုင်းရယ်"

"ကြယ့်နားမှာ တိုင်းရှိနေရင် ကြယ် ပျော်တယ်"

အချစ်တစ်ခုတည်းနဲ့ တိုင်း ဘာလုပ်လုပ် အားလုံးကို ကျေကျေနပ်နပ် အရှုံးပေးဖို့ ကြယ်ကိုယ်တိုင် ဆုံးဖြတ်ထားသည်။ ကြယ်ဘဝကို တိုင်းသဘောတိုင်း နင်းချေနိုင်သည်။

ကြယ်ဘဝရဲ့ ရှင်သန်ရာက တိုင်းကိုချစ်သည့် အချစ်တစ်ခုတည်းသာ။

မင်္ဂလာဦးညထဲက ကြယ်တို့ အခန်းခွဲအိပ်ကြတာ ဘယ်သူမှမသိ။ ကြယ်ကတော့ အိမ်ထောင်ရှင်မ ဝတ္တရားကျေဖို့ ကြိုးစားသည်။ တိုင်းက ကြယ်ကို ဂရုစိုက်သလိုလို၊ မစိုက်သလိုလို။ ကြယ်ကတော့ နာကျင်သော ရင်အစုံနှင့် ဘာမှမခံစားရသလို ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် တိုင်းရက်စက်သမျှ အပြုံးမပျက်။ ကြယ့်ရင်ထဲက ခံစားချက်ကို ဘယ်သူမှ မရိပ်မိ။

"ကိုယ်မချစ်ဘဲ ယူထားတဲ့ မိန်းမတစ်ယောက်အပေါ် လင့်ဝတ္တရားမကျေပွန်တာ ဒါ ငါ့အပြစ်မဟုတ်ဘူး"

"ကြယ်ကလည်း တိုင်းကို ဘာအပြစ်မှ မပြောပါဘူး တိုင်းရယ်"

ကြယ့်အသံက တိုးတိုးလေး တုန်ရီနေသည်။ တိုင်းထံမှ အထင်သေးစွာ သရော်မော်ကားဟန် စကားတွေ၊ အပြုံးတွေကို ကြယ် မကြည့်ရဲစွာ ခေါင်းငုံ့ချပစ်တော့ မျက်ရည်က ပေါက်ခနဲ ကြွေသည်။ ကြယ်က ချစ်မိသူပဲကွယ်။

ကြယ့်အပေါ်မှာ တိုင်း စိတ်ကြိုက် အနိုင်ယူပါ။ ရက်စက်ပါ။

"ငါ့ကိုလည်း ဂရုမစိုက်နဲ့၊ အဲဒီအတွက် မင်းကိုလည်း ငါ့ဘက်က လုံးဝအပြစ်တင်မှာမဟုတ်ဘူး"

"ကြယ်မှာ အဲဒီလိုစိတ်မရှိပါဘူး"

တိုင်းဘာပြောပြော ကြယ်က သူလုပ်စရာရှိတာ လုပ်သေ

ဝိုး မိုး ဝေဝေ



သည်။ တိုင်းက တစ်ရက်မှ အိမ်မှာမကပ်။ တစ်နေကုန် အပြင်ထွက်ပြီး ညမိုးချုပ်မှ ပြန်လာသည်။ ကြယ်က တိုင်း ပြန်လာသည့် အချိန်အထိ စောင့်ပြီးမှ အိပ်သည်။ ဒါကို အစက မှန်တိုင်းကိုယ်တိုင်မသိ။ နောက်မှသိသွားပြီး ကြယ်ကို အပြစ်တင်သည်။

"ဘာကိစ္စ မင်းက ငါပြန်လာတဲ့အထိ စောင့်နေရတာလဲ ကြယ်၊ ကိုယ့်ဘာသာ အိပ်ပါလား"

"ကြယ် အိပ်မပျော်လို့ပါ တိုင်းရယ်"

"ကျွတ်"

ကြယ့်အဖြေကို တိုင်း သဘောမကျ။ နောက်ရက်တွေမှာ အိမ်ကို စောစောပြန်လာ၍ ကြယ့်ရင်မှာ ကျေနပ်ကြည်နူးရပြန်သည်။

ကြယ်ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်မထားနိုင်ဘဲ တိုင်းရယ်။

"တိုင်းကို ကြယ် ပြောစရာရှိလို့"

"ဘာလဲ ပြော"

"တိုင်းကို ငွေချေးချင်လို့"

"ဘာ"

"တိုင်းကို ရိုးရိုးချေးမှာမဟုတ်ဘူးနော်၊ သူများတွေကို

ဝိုး မိုး ဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



ချေးသလို အတိုးနဲ့ချေးမှာ"

"မင်း ဘာတွေထွင်ဦးမလို့လဲ ကြယ်"

"တိုင်း အလုပ်အတွက် ငွေ မလိုဘူးလား"

"လိုလည်း မင်းဆီကငွေ ငါမယူဘူး ကြယ်"

"ဘယ်သူက အလကားပေးနေလို့လဲ၊ အတိုးနဲ့ငွေချေးနေတာ"

"စာချုပ်မှာ လက်မှတ်ထိုးရမယ်၊ ပြီးရင် သတ်မှတ်ထားတဲ့ အတိုးနှုန်းနဲ့ပြန်ဆပ်၊ ဒါပဲလေ"

မုန်တိုင်းက သူ့မျက်စိရှေ့က ကြယ်ကို စိုက်ကြည့်ပြီး ဘာမှမပြောတော့ ကြယ့်ပါးလေးတွေ နီရဲသွားသည်။

တိုင်းအကြည့်တွေက ကြယ် နှလုံးသားကို ဘယ်လောက် လှုပ်ခတ်စေတယ်ဆိုတာ တိုင်းက သိမည်မဟုတ်။

"မင်းကို ငါမချစ်ဘူး ကြယ်"

"ကြယ် သိပါတယ်"

"ဒါနဲ့တောင် မင်းငွေတွေ ငါ့ကိုပေးချင်တုန်းပဲလား"

"ပေးတာမဟုတ်ပါဘူး၊ ချေးတာပါ"



တည်တင်းသော မုန်တိုင်းမျက်နှာမှာ အပြုံးရိပ်ရိပ် လှစ်ခနဲ မြင်လိုက်ရသည်။ ကြယ်နှင့်အတူ နေလာတော့ ဖြူစင်ရိုးသားသည့် ကြယ့်စိတ်ရင်းကို မုန်တိုင်း သိသင့်သလောက် သိလာခဲ့ပါပြီ။ ဒါပေမဲ့ မုန်တိုင်းကိုယ်တိုင် မေ့ကို မမေ့နိုင်သေး။

မေ့ကို သူချစ်နေတုန်း။ သတိရတမ်းတတုန်း။ မေပြန်လာရင် မုန်တိုင်းဘဝတစ်ခုလုံး ပြောင်းလဲနေချင်သည်။

"ကောင်းပြီလေ၊ ငါ့ကို ငွေ ဘယ်လောက်ချေးမှာလဲ"

"တိုင်းလိုသလောက်ပေါ့"

မင်းဘာလို့ ကိုယ့်အပေါ်မှာ ဒီလောက် ရိုးသားဖြူစင်နေရတာလဲ ကြယ်ရယ်။ မင်းကိုပေးစရာ အချစ် ကိုယ့်မှာမရှိဘူး။

ကြယ့်သဘောအတိုင်း စာချုပ်နှင့် ငွေချေးဖြစ်သွားသည်။ ဓါးသနားကို ချက်ချင်းအကောင်အထည်ဖော်ခွင့်ရ၍ အလုပ်ကို အစွမ်းကုန် ကြိုးစားသည်။ နေ့ရောညရော မနား။

မုန်တိုင်းဘဝ၌ အဖြစ်ချင်ဆုံးဆန္ဒတစ်ခုကို မဖြစ်ချင်ဆုံး ဆန္ဒတစ်ခုနှင့် အကောင်အထည်ဖော်ခွင့်ရသည့်အတွက် လွတ်လွတ် လပ်လပ် မပျော်နိုင်။ မုန်တိုင်းမှာ ကြယ်ဆိုသည့် အနှောင်အဖွဲ့က ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူဘာမှမတတ်နိုင်။ ဖြစ်သည့်ဘဝမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားသည်။ ထမင်းမွေ့၊ ဟင်းမွှေ။ နောက်ဆုံးတစ်အိမ်ထဲအတူနေသည့် ကြယ့်ကိုပါ မေ့သွားသည်အထိ။

ကြယ်ကတော့ တိုင်း လှုပ်ရှားသမျှ ငေးနေသည်။ ချစ်ရသူရဲ့ ဥပေက္ခာဟာ ဓားသွားလို ထက်မြစေဦးတော့ ကြယ် ကျေနပ်စွာ ခံယူဖို့အသင့်လေ။ တိုင်းက ကြယ့်ကို ဂရုမစိုက်ပေမယ့် ကြယ်ကတော့ ဒီအတိုင်း ငြိမ်မနေနိုင်။ တိုင်းနောက်က အရိပ်လေးလို အစစအရာရာ ကူညီဖို့အသင့်။

"ဒီမှာ တိုင်းအတွက် ကြက်သားရိုးစ်"

ကြယ်ကို တိုင်း ငဲ့ကြည့်သည်။ တိုင်းအတွက် ကြယ်အပင်ပန်းခံတာကို သူ သဘောမကျ။

"ကိုယ့်အတွက် ဘာမှမလုပ်ပါနဲ့"

"ကြယ်က လုပ်ပေးချင်လို့ပါ တိုင်းရယ်၊ စားနော်"

"ကြယ့်အတွက် တိုင်းထက် အရေးကြီးတာ ဘာမှမ[illegible]ဘူး"

"ခက်နေပါလား"

"ဘာမှမခက်ဘူး၊ တိုင်းသာ ကိုယ်ဝါသနာပါတဲ့ အလျှ[illegible]



ကို အောင်မြင်အောင်လုပ်"

မုန့်တိုင်းနားက ကြယ် ထွက်သွားသည်။ ရင်ထဲမှာ မတင်မကျ ခံစားချက်တွေနဲ့ ကျန်ခဲ့သော မုန့်တိုင်းသာ ကြယ့်ကျောပြင်လေးကို ကြည့်ပြီး ရင်မောစွာ စိတ်ရှုပ်ထွေးစွာ သက်ပြင်းရှိုက်လိုက်သည်။

ကြယ် မုန့်တိုင်းကို ချစ်တာ သူသိပါသည်။

ကြယ့်အချစ်မှာ လိုချင်တပ်မက်မှုတွေ မပါ။ ပေးဆပ်ခြင်းဆိုသည့် အဖြူရောင်။ သူ သက်ပြင်းချလိုက်သည်။

ကြယ့်အတွက်တော့ အတူနေရမှ အချစ်ဟုတ်။ တစ်မိုးအောက်မှာ အတူတကွ ရှိကြတယ်ဆိုတဲ့ အသိတစ်ခုနဲ့ပဲ ကြယ်ရဲ့အနာဂတ်က လှပသည်။ နီးထသော မနက်ခင်းတိုင်းက လန်းဆန်းမှုအပြည့် ရှိတတ်ပြီ။

အချစ်ဆိုတာ ကိုယ်မယူဘဲ ပေးနေရုံသက်သက်နဲ့ ကျေနပ်တတ်ပါသလားလို့ မေးရင် ကြယ် ချစ်ခြင်း၊ မြတ်နိုးခြင်းများစွာဖြင့် ခေါင်းညိတ်ပြမည်သာ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"တိုင်း"

"ဟင်"

"ကြယ် ခွင့်တောင်းစရာရှိလို့"

"ဘာလဲ"

"ဟိုလေ…ဒီအိမ်မှာပဲ တိုင်းဖေဖေနဲ့မေမေကို ခေါ်ထားပါရစေနော်၊ ကြယ်မှာ မိဘမရှိဘူးလေ၊ တိုင်းဖေဖေနဲ့ မေမေကိုပဲ ကြယ် မိဘအရာထားပြီး ပြုစုပါရစေ"

"မလိုပါဘူး"

"ကြယ့်အတွက်တော့ သိပ်ကိုလိုအပ်လို့ပါ တိုင်း"

"ကြယ်တောင်းဆိုတာကို လိုက်လျောပါ ကိုင်းရယ်နော်၊

www.burmeseclassic.com

www.burmeseclassic.com



ကြယ် တောင်းပန်ပါတယ်၊ တိုင်းမိဘတွေကို''

''တော်တော့''

ကြယ်က ရှတ်တရှတ်။ ထို့ကြောင့်ပင် အိမ်ပေါ်သို့ အဖေ နှင့်အတူ ဒေါ်ကြည်ဝင်းကြီးပါ ရောက်လာသည်။ မုန့်တိုင်းကတော့ ကြယ်နှင့် ဒီလိုဖြစ်သွားရသည့် လက်သည်တရားခံကို သိထားတာ မို့ ဒေါ်ကြည်ဝင်းကို အဲဒီနောက်ပိုင်းစကားပင် ဟက်ဟက်စွာ မပြော တော့။

ဒီယုန်မြင်လို့ ဒီချုံထွင်တာလေ။ ဖေဖေ့ကိုပြောသော စကားတွေ မုန့်တိုင်းနားနှင့် ဆတ်ဆတ်ကြားရသောအခါ ဒေါ်ကြည် ဝင်းကို ထသတ်ချင်စိတ်တောင် ပေါက်သည်။

''အလုပ်မရှိလို့ အကောင်းဆုံးအလုပ်ကို ရှာပေးလိုက်တာ ကိုအောင်၊ အမိက ကောင်းစားမယ့်သူက ရှင့်သားပါ၊ ကျွန်မတို့ သူ့ခြေမှရရမှာ၊ အသက်တွေလည်း ကြီးလာပြီ၊ မရေရာတဲ့ အနာဂတ် ကို ရှက်လွှင့်နေမယ့်အစား ရေရာသေချာတဲ့ပုံစံခွက်ထဲကို ဒိုင်ဗင် ဝင်တာမှ ဟုတ်တုတ်တုတ်''

ဖေဖေကတော့ ပြောပါသည်။



''ကလေးမလေးကို လက်ထပ်ခိုင်းတဲ့အထဲမှာ အခြား ဘာမှမပါဘူး ငါ့သား၊ ဒါပေမယ့် လူဆင်းရဲလို့ စိတ်ဓာတ်အောက် တန်းကျတယ်လို့ ဖေဖေ အပြောမခံနိုင်ဘူး၊ ဆင်းရဲပေမယ့် တာဝန် ယူချင်စိတ် အပြည့်ရှိတယ်ဆိုတဲ့ အထင်ကြီးလေးစားမှုတစ်ခု အဖေ လိုချင်တယ်၊ ဖေဖေတို့မှာ ဆိုင်တာဆိုလို့ ကိုယ့်စိတ်ပဲရှိတယ်၊ ချမ်းသာတာဆိုလို့ စိတ်ထားမြင့်မြတ်မှုပဲရှိတယ်''

ဖေဖေ့ဆုံးမစကားက မုန့်တိုင်းအတွက် တွေးစရာတွေ အများကြီး။ ထို့ကြောင့် မုန့်တိုင်း လက်ထပ်ခဲ့တာပါ။ ဖေဖေ့ကို လည်း စိတ်ချမ်းသာစေချင်တာ တစ်ပိုင်းပေါ့။ ဒီအိမ်ရောက်တော့ လည်း ဖေဖေက တည်ငြိမ်စွာပင်။ မိတ်ည်ငြိမ်တာက မုန့်တိုင်း မိတွေး။

နဂိုကတည်းက ပညာမဲ့သူ၊ စဉ်းစားဆင်ခြင်တဲ့တရား နည်းပါးသူ၊ ပြီးတော့ စရိုက်ကြမ်းသူ။ ကြယ့်အိမ်ကြီးကို လှည့်ပတ် ကြည့်ရင်း...

''အိုး...အပြင်က ခန့်ညားလှပြီမှတ်တာ၊ အထဲမှာ အဆောင်ဆောင် အခန်းခန်းနဲ့ နေ့ခင်းဘက်ကြီးတောင် မီးတွေထွန်း

www.burmeseclassic.com



ထားတယ်နော်''

''ခန်းလုံးပြည့် လိုက်ကာတွေ တ^ါထားတော့ နေအလင်းရောင် မဝင်ဘူးလေ မေမေရဲ့၊ အဲဒါကြောင့်ပါ''

''အေး...အေး ဟုတ်သားပဲ၊ ဒါနဲ့ သမီး အမေတို့က ဘယ်မှာနေရမှာလဲ''

''မေမေတို့အတွက် အပေါ်မှာ ကြယ် သီးသန့်အိပ်ခန်း စီစဉ်ထားပါတယ်၊ လာ မေမေ ကြယ် လိုက်ပြမယ်''

ကြယ်က မုန့်တိုင်းမိဘနှစ်ပါးစလုံး လက်မောင်းတစ်ဖက်စီ ချိတ်ဆွဲ၍ ခေါ်သွားသည်။ ကြယ်အနား၌ ဒီလိုမစိုပြေခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ကြယ့်မိဘတွေ မရှိစဉ်ကတည်းက ဖြစ်သည်။

တစ်ခါတစ်ခါတော့ ကြယ် တွေးမိ၏။ စည်းစိမ်ချမ်းသာနှင့် မေတ္တာတရားဆိုလျှင် ကြယ်က မေတ္တာတရားကိုပဲ ရွေးချယ်မိပါလိမ့်မည်။ အခုတော့ ဘုရားသခင်က ပေးသော လက်ဆောင်မွန်အဖြစ် ကြယ့်အနားမှာ ကြယ်ချစ်ရသူရှိနေပြီ။

ပြီးတော့ ချစ်ရသောချစ်သူ၏ မိဘများ။ တိုင်းကိုချစ်တော့



တိုင်းမိဘတွေကိုလည်း ကြယ် ချစ်သည်။

''ဒီအခန်းပဲ မေမေ''

အခန်းတံခါး ဖွင့်ပြလိုက်သည်နှင့် ဦးအောင်ရော ဒေါ်ကြည်ဝင်းပါ အသက်ရှူရပ်မတတ်။ အခန်းကြီးဟာ သူမတို့အိမ်ထက် နှစ်ဆလောက် ကျယ်ဝန်းပါသည်။ နှစ်ယောက်အိပ်ခုတင်ကြီးပေါ်က မွေ့ရာကြီးဟာ တစ်တောင်ခန့်။

အခန်းထောင့်၌ တီဗီစင်အသေးစားလေး၊ နံရံတွင် ဘီဒိုအမြင့်ကြီးများ ကပ်ထားပြီး ခုတင်ခြေရင်း၌ မှန်တင်ခုံ။ ရေခဲသေတ္တာအသေးစားကလေးများ စသည့် အဆောင်အယောင်တွေ မြင်ရတော့ ဒေါ်ကြည်ဝင်းသည် သူမလုပ်ရပ်ကို နောင်တမရသည့်အပြင် ပီတိတောင်ပွားရသေး။

''ဒီဘက်က ရေချိုးခန်းနဲ့အိမ်သာ တွဲလျက်နော်၊ ဒါက အောက်ထပ်မီးဖိုခန်းကို ဆက်ထားတဲ့ အိမ်တွင်းသုံးဖုန်း၊ ခိုင်းစရာရှိရင် မှာစရာရှိရင် ဒီဖုန်းနံပါတ်လေးနဲ့ ဆက်၊ ဒီဘက်က ကော့လက်စ်က အပြင်ကိုဆက်ချင်ရင်သုံး''

ကြယ်က အကုန်သင်ကြားပြသပေးသည်။ ကြယ်

www.burmeseclassic.com



သင်ကြားပေးသမျှ မျက်လုံးအပြူးသား ခေါင်းတညိတ်ညိတ်နှင့် ရှိနေကြသော လူကြီးနှစ်ယောက်ကိုကြည့်ကာ ကြယ်စိတ်၌ ကြည်နူး ရပါသည်။ တိုင်းက မိဘကျေးဇူးဆပ်ချင်တာ ကြယ်သိသည်။ တိုင်းအတွက် ဖြည့်ဆည်းပေးရာရောက်သည်ဟု ကြယ် ခံယူထား သည်လေ။

ထို့ကြောင့် ဗီဒိုထဲမှ လက်ဝတ်ရတနာဗူးလေးကို ထုတ်ပြီး

"မေမေ…ဒါကိုလည်း ဝတ်ထားပေးပါနော်"

အနီရောင် လေးထောင့်သေတ္တာပြားလေး။ အဖုံးဖွင့်တာ နှင့် မျက်စိကို ကျိန်းစက်သွားစေသော ရွှေဝါရောင်တွေက ပြိုးပြက် စွာ။

"အားနာစရာ သမီးရယ်၊ ဒါနဲ့ ဒီပစ္စည်းတွေက အပိုင် ပေးတာလားဟင်"

"ကြည်ဝင်း…နင်ဟာလေ"

ပေးတဲ့လူက ပေး၊ ဟန့်တဲ့လူက ဟန့်သည့်ကြားထဲ ကြယ်က ပြုံးရွှင်စွာ ရယ်မိသည်။

"ကေန္တ…မေမေက အပိုင်မရရင် မဝတ်ချင်ဘူးနဲ့ထင်



တယ်၊ စိတ်သန့်လက်သန့်နဲ့ ဝတ်ပါ မေမေရဲ့၊ ကြယ်က မေမေနဲ့ ဖေဖေကို အပိုင်ပေးတာပါ၊ နောက်ပြီးတော့ ဗီဒိုကြီးထဲမှာ ဖေဖေ ရော မေမေ့အတွက်ပါ အဝတ်အစားတွေ အပြည့်ရှိတယ်၊ ဒါတွေ ပဲ ဝတ်ရမယ်နော်၊ အိမ်ကပါလာတဲ့ အဝတ်တွေကို မဝတ်ပါနဲ့တော့၊ မရှိဆင်းရဲသားတွေကို လှူချင်လှူပေါ့၊ ဒါက ဖေဖေ့အတွက်"

ဦးအောင်သည် သူ့လက်ထဲရောက်လာသော တစ်ထွာ ကျော်ကျော် အိတ်မည်းမည်းလေးကို လှည့်ပတ်ကိုင်ကြည့်သည်။ အိတ်ထောင့်၌ မိချောင်းပုံတံဆိပ်ပုံလေးပါသည်။

"ဖွင့်ကြည့်ပါဦး ဖေဖေရဲ့"

ကြယ်က တိုက်တွန်း၍ ဇစ်ဆွဲပြီး အသာဖွင့်ကြည့်သည်။ ရုတ်တရက် ဦးအောင် လန့်သွားရသည်။ အထဲ၌ ဘစ်ထောင်တန် ငွေစက္ကူအုပ်က အစီအရီ။

"အားပါး…ငွေတွေအများကြီးပဲ"

"အဲဒါ ဖေဖေ အလိုရှိတဲ့နေရာ သုံးဖို့ပါ၊ လှူချင်တာရှိ လည်း လှူပေါ့၊ ဒါက ဟင်းနံ့ဖုန်းဖေဖေ၊ ယောကျ်ားသားဆိုတာ ဘ သွားလေရာ တင့်တယ်ဖို့ ဟင်းနံ့ဖုန်းလေး တစ်လုံးတော့

www.burmeseclassic.com

www.burmeseclassic.com



ခါးမှာ ချိတ်ထားဖို့လိုတာပေါ့''

''ဒီမှာ…ဒီလိုဖွင့်ရ ပိတ်ရတယ်''

ဖုန်းအဖွင့်အပိတ်ကိုပါ တစ်ခါတည်းပြသည်။ ဦးအောင်ရော ဒေါ်ကြည်ဝင်းပါ သူတို့ကိုယ်သူတို့ အိပ်မက်ကမ္ဘာထဲ အလည်ထွက်နေရသည့်နှယ်။ မမြင်ဘူး၊ မကြားဘူး၊ စိတ်မကူးဖူးတာတွေကို ကိုင်ရတော့ လှုတောင် ရှုးချင်လုလု။

ဒီလောက် ရက်ရောသော ချွေးမမျိုးကို အခုမှသာမြင်ဖူးတော့သည်။ ဦးအောင်ကတော့ စိတ်ကူးထား၏။ ဒီတစ်ခါ သားကိုဆုံးမသည့်အခါ ကျေးဇူးတရားအကြောင်းကို အကျယ်တဝင့် ရှင်းပြရမည်။

ပြီးတော့ ကျေးဇူးရှင်ကို ကျေးမဇွပ်မိစေရန်ပါ ထည့်သွင်းပြောကြားရမည်ဟူ၍ ဖြစ်ပါတော့သည်။

◆ ◆ ◆

## အခန်း (၁၈)

''ဟုတ်တယ်ကွ၊ ဦးလေးရော ဒေါ်လေးပါ နတ်ရေကန်ထဲ ဆွဲနှစ်လိုက်သလို ပုံစံပြောင်းသွားတာ''

''ငါလည်း တားမရလို့ လွှတ်ထားရတာ၊ ဖြစ်နိုင်ရင် သူ့အကြွေး မြန်မြန်ဆပ်ပြီး ဒီအိမ်ကထွက်ပြေးချင်နေပြီ''

''မင်းကွာ''

မုန့်တိုင်း အကျီဒီဖိုင်းထုတ်ရင်းက လှမ်းပြောနေခြင်းဖြစ်သည်။ မကျေနပ်ချက်မှန်သမျှ ကြယ့်အပေါ် စုပုံထားပေမယ့် အခြားအပြင်လူတွေနှင့် ဆက်ဆံရေးကတော့ အစိမ်းရောင်မဆန်ပေ။ အဓိကက ကြယ် အခုရမ်းရိုးသားဖြူစင်မှန်းသိရလေ မုန့်တိုင်းရင်ထဲ အခံရခက်လေဆိုတာ ဘယ်သူမှမသိ။

www.burmeseclassic.com



ဒီနေ့လည်း မုန့်တိုင်းထံ ညီလေးတို့နှစ်ယောက် ရောက်လာကြသည်။ ရောက်ရောက်ချင်း မုန့်တိုင်း ဧည့်မခံနိုင်ပေ။ လာမည့် အပတ်ထဲမှာ မုန့်တိုင်း သင်တန်းဆင်းပွဲရှိသည်။ ထို့အတွက် စိတ်ကြိုက် အင်္ကျီဒီဇိုင်းတစ်ခုစီ ထုတ်ပြခွင့်ရှိသည်။

ထိုစိန်ခေါ်မှုကြောင့် မုန့်တိုင်း ဒီဇိုင်းမျိုးပါတဲ့ ကတ်တလောက်တွေ၊ ဆက်တယ်လိုက်တွေကြား မျောနေတာ အလူးလူး အလိမ့်လိမ့်။ ညကမှ ဒီဇိုင်းအသစ်တစ်ခု စိတ်ကူးထဲပေါ်၏။ ချက်ချင်း ထလုပ်ဖြစ်သည်။

အခု ပုံကြမ်းဆွဲ၊ ပြီးလျှင် သူနှင့်လိုက်ဖက်မည့် ပိတ်စရှာရဦးမည်။ ပိတ်စပေါ်၌ အလှဆင်ဖို့ စီးကွင့်စ်တွေ၊ ရောင်စုံပန်းချောင်းတွေ၊ ပုတီးစေ့တွေ၊ နောက်ဆုံး ရုပ်လုံးပေါ်လာပြီဆိုမှ အဲဒီဝတ်စုံနှင့် လိုက်ဖက်မည့် မော်ဒယ်။

မုန့်တိုင်းအကျင့်က ဝတ်စုံဒီဇိုင်းပဲ အဓိကထားသည်။ ပြီးမှ လိုက်မည့်မော်ဒယ်ရှာ၏။ အခုလည်း လုပ်စရာအဆင့်တွေက အများကြီး။ အချိန်က သိပ်မကျန်တော့။ ထို့ကြောင့် အားသွန်ကြိုးစားနေရ၍ ဒီကောင်တွေကို ဧည့်မခံနိုင်။





မုန့်တိုင်း ဝါသနာက အရင်ငွေစိုက်၊ ပညာစိုက်ပြီး ပြသရသည်။ ထိုအပေါ်မှာ ပရိသတ်လက်ခံမှု အောင်မြင်မှုရသည့်အတွက် မိမိ၌ အရင်းအနှီးက ပြည့်စုံလုံလောက်ဖို့လိုသည်။ ထိုအကြောင်းတွေးမိလျှင် ကြယ်ကို ကျေးဇူးတင်ရသလို ကြယ်အချစ်ကို အသိမပြုနိုင်သလို ဥပေက္ခာပြုနေရတာကိုလည်း မောသည်။ သူ့ကိုယ်သူ ကြယ်နဲ့ပတ်သက်ပြီး ဘယ်လောက်အထိ တင်းမာနိုင်မှာလဲဆိုတာ သေချာမသိ။ ကြယ် ချစ်ရကောင်းတာ တခြားလူတွေသိသလို မုန့်တိုင်းလည်း သိပါသည်။

"မင်းလည်း နေပုံထိုင်ပုံ ဝတ်ပုံစားပုံတွေအားလုံး ပြောင်းသွားပြီ မုန့်တိုင်း"

ကောင်းမွန်ကဆိုတော့ မုန့်တိုင်းက ဟက်ခနဲရယ်၏။ မုန့်တိုင်း ရယ်သံတွေကပဲ သရော်ရိပ်တွေ ပါနေမလား။ ကြယ်ကို သူ ဂရုမစိုက်သလို တုံ့ပြန်နေမိတဲ့အဖြစ်တွေထဲမှာ ဒါတွေလည်းပါသည်။ သူ့မေတ္တာကို အထင်လွဲမခံနိုင်။

"သူ့အကြွေးတွေ တစ်နေ့ပြန်ဆပ်မှာပါ"

"ငွေကိုဆပ်တာတော့ ထားပါ၊ ကြယ့်စေတနာ၊ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



တွေကြတော့ ဘယ်လိုပြန်ဆပ်မှာလဲ''

မုန့်တိုင်း နှုတ်ဆိတ်သွားသည်။ အပေါ်က တီရှပ်က အိမ်နေရင်းတောင် သောင်းချီတန်သည့်အင်္ကျီ။ ဂျင်းပင်နိုက နဂို တုန်းက သူတို့ အရှုံးအမူး ကြိုက်ခွင့်သာရှိပြီး အနားတောင်သီခွင့် မရတဲ့ 501။

''သေချာတွေးကြည့်ရင် ဒါတွေအားလုံး ကြယ့်အချစ်တွေ ချည်းပဲ''

''ကြယ်ကို ပြန်ချစ်လိုက်ပါကွာ''

''အဲဒါတွေကိုပဲ ငါမုန်းတာ''

အသားအရည်က Air Con ထဲ နေရပါများ၍ထင်သည်။ နုဖတ်စိုပြေကာ ပိုချောမွေ့လာသယောင်။ ကိုယ့်သူငယ်ချင်းမို့ မြှောက်ပြောတာမဟုတ်ပါ။ ဒီကောင်က နဂိုကတည်းက ရုပ်ခံရှိပြီးသား။

အခုတော့ လိုက်မမီသော သူဌေးသားတစ်ယောက်ရဲ့ ဟန်ပန်ကအပြည့်။ ယောကျ်ားတစ်ယောက်၏ မာန်မာနအပြည့်ရှိ သူဆိုတော့ ကြယ်ကို တကယ်ချစ်ခဲ့ရင်တောင်မှ ကြယ်ငွေတွေ ကြောင့် ပြောင်းလွဲသွားတာလို့ အထင်မခံနိုင်အောင် ဆတ်ဆတ်ခါ



နေသော မုန့်တိုင်းသဘောကို ညီလေးနားလည်ထားသည်။

''အေးလေ . . . မင်းတို့သာ ကြယ်ကို ရှာမတွေ့ရင် ငါလည်း ဒီဘဝဘယ်ရောက်ပါ့မလဲ''

''မရိုနဲ့ . . . မုန့်တိုင်း၊ ပြီးတော့ ဒီအကြောင်းတွေက ပြန်ပြော လို့ကောင်းတဲ့ ကိစ္စမဟုတ်ဘူး၊ ကြယ် ကြားသွားရင်လည်းမကောင်း ဘူး''

ကောင်းမွန်အသံက ခပ်အုပ်အုပ်။

''ကြယ်ရဲ့ ဂုဏ်သိက္ခာကို ထည့်တွက်ဦး၊ ပြီးတော့ သူက မင်းကိုသိပ်ချစ်တာ''

''မင်း . . . မေ့ကိုချစ်နေတုန်းပဲလား မုန့်တိုင်း''

''မင်းတို့ ဘယ်လိုထင်လဲ''

''အကောင်းဆုံးက မေ့ကိုမေ့ပြီး ကြယ့်ကို ချစ်သင့်တယ် လို့ ငါထင်တယ်''

''မင်း . . . ကြယ်ကို နည်းနည်းမှ မချစ်ဘူးလား''

အခန်းတစ်ခုလုံး အပ်ကျသံကြားရအောင်ပင် တိတ်သွား၏။ မုန့်တိုင်း ဘာဖြေမလဲဆိုတာ သူငယ်ချင်းနှစ်ယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသလို အခန်းအပြင်မှာရောက်နေသော ကြယ်ကိုယ်တိုင်လည်း စိတ်လှုပ်ရှားစွာ ရင်တွေတဒိတ်ဒိတ်ခုန်နေ၏။

တိုင်း ဘာဖြေမလဲဆိုတာ ကြယ် သိချင်သည်။

"ငါ မညာချင်ဘူး၊ ကြယ်က သိပ်ပြီး ရိုးသားအပြစ်ကင်းတယ်၊ မေနဲ့ လုံးဝမတူဘူး"

"မဟုတ်ဘူး၊ ငါတို့သိချင်တာက ကြယ်ကို မင်းတကယ် ချစ် မချစ် အဲဒါ"

"ငါမသိဘူး ညီလေး"

တိုင်းရယ်။ အသံတွေအားလုံး ပြန့်တိတ်သွားသလို ကြယ့်ရင်ခုန်သံလည်း လေးလံနှေးကွေးသွားသည်။ ကြယ်ကို တိုင်း မချစ်ဘူးပေါ့နော်။ ဒါပေမဲ့ ကြယ်ကတော့ တိုင်းကိုသိပ်ချစ်ခဲ့တယ် တိုင်းရယ်။ ကြယ်လေ တိုင်းအတွက်ဆိုရင်…

"ကျွီး"

"ဟင်…ကြယ်"

"ထမင်းစားဖို့ လာခေါ်တာပါ ကိုညီလေး၊ ကြယ် အားလုံးအသင့်ပြင်ပြီးပြီ၊ လာကြပါ"



အခန်းတံခါးအဖွင့်မှာ ကြယ့်ကို ရုတ်တရက်တွေ့လိုက်ရတော့ ညီလေးမျက်နှာ ကွက်ခနဲပျက်သွားပေမယ့် ကြယ်က ရယ်ရယ်မောမော အပြုံးမပျက်။

"တိုင်း…သူငယ်ချင်းတွေကို ခေါ်ခဲ့နော်၊ ကြယ် ထမင်းစားခန်းထဲ စောင့်နေမယ်"

"အင်း"

သူတို့နားက ကြယ် ထွက်သွားသည်။

"တို့ပြောတာတွေ ကြယ် ကြားသွားလား မသိဘူး"

"ဘယ်တတ်နိုင်မှာလဲ၊ ငါလည်း ရင်ထဲရှိတဲ့အတိုင်း ပြောတာပဲ"

"ကြယ်ကို အားနာစရာကွာ"

ကောင်းမွန်က မုန်တိုင်းကိုယ်စား ကြယ်ကို မျက်နှာပူနေသည်။ မုန်တိုင်းအပေါ်မှာ ကြယ် ဘယ်လောက်အထိ ချစ်သလဲဆိုတာ အားလုံးသိသည်။

မုန်တိုင်းသာ ကြယ့်အချစ်ကို သိသလိုလို မသိသလိုလို။ မျက်နှာကြောကလည်း တင်းထားတာ အမြဲပဲ။ မုန်တိုင်း

www.burmeseclassic.com



ရှုဝ်တ ချောတာက မှုန်နေအောင်ချောတာ၊ အရပ်ကလည်း အမြင့်ကြီး။ သူကိုယ်သူ စည်းစနစ်တကျနဲ့ ထိန်းသိမ်းကြီးပြင်းလာခဲ့ပေမယ့် မှူးမြတ်မေကိုတော့ အထင်ကြီးစိတ်တွေနှင့် ချစ်ခဲ့သူ။ မေနှင့်ကြယ်က မတူ။ မေနှင့်ကြတော့ မုန်တိုင်းက အမိန့်နာခံရသူ။ မေ တစ်ခွန်းပြောတာနဲ့ မငြင်းမဆန် ခေါင်းညိတ်ပြီးသား။ ဟိုက သေဆိုသေ၊ ရှင်ဆိုရှင်ဆိုတာမျိုး။ ကြယ်နှင့်ကြတော့ မုန်တိုင်းပြောသမျှ ကြယ်က ဘာတစ်ခုမှ မငြင်းဆန်ဘူး။

ထမင်းဝိုင်း၌ ကြယ်က မုန်တိုင်းကိုပဲ အရိပ်တကြည့်ကြည့်။ ချစ်ခြင်း၊ မြတ်နိုးခြင်းတွေက အထင်အရှား။ ဒါပေမယ့် တိုင်းမှာ ချစ်သူရှိပြီးသားဆိုတာနဲ့ ကြယ် ရင်ကွဲကြေနာကျင်သွားသည်။ ကြယ်ကို မချစ်နိုင်ပေမယ့် ကြယ်က အချစ်တစ်ခုတည်းနှင့် ဘဝကို မြုပ်နှံဖို့ မိုက်မဲစွာ ဆုံးဖြတ်ခဲ့သည်။ တခြား ဘာကိုမှ မစဉ်းစားခဲ့။ ကြယ်ကတော့ အချစ်အတွက်ဆို တူနှစ်ကိုယ် တဲမျိုးပျက်မှာ နေရနေရဆိုတဲ့ စကားပုံလိုပင်။ နှလုံးသားကို အားကိုးပြီး အချစ်ကို ကိုးကွယ်ချင်သည်။

''ဟေး...ကြယ်စင်''



ကြယ့်ပခုံးကို လာထိသောအတွေ့ကြောင့် အတွေးကွန်ယက်ထဲက ကြယ် အလန့်တကြား နိုးထလာသည်။

''ရှင်...ဪ ကိုကောင်းမွန်''

''သွားမယ်လေ၊ ဟိုကောင် ပြီးသွားပြီ''

''ဟုတ်''

ကြယ် တော်တော်အတွေးလွန်သွားတာပဲ။ ဟိုင်း စားပွဲမှ ထသွားတာတောင် မသိရ။ အခန်းထဲမှာ ကြယ်နှင့် ကိုကောင်းမွန် ရယ်သာ ကျန်ခဲ့တဲ့အဖြစ်။

''ကိုကောင်းမွန် သွားနှင့်နော်၊ ကြယ် ဒါတွေရှင်းလိုက်ဦးမယ်''

စားပွဲကိုရှင်းပြီး တမင်နောက်ကျန်နေခဲ့သည်၊ ဒါကလည်း တိုင်းတို့သူငယ်ချင်းတွေ ကြယ်ကြောင့် စိတ်အနှောင့်အယှက်မဖြစ်ဘဲ စိတ်လွတ်လပ်စွာ စကားပြောနိုင်အောင်ဖြစ်သည်။

''ထားခဲ့...ကြယ်၊ ဒါတွေအားလုံး ဒေါ်စိန်သိမ်းပါ့မယ်၊ ကြယ် နားတော့လေ''

ဒေါ်စိန်ကိုထားပြီး ကြယ် အပေါ်ထပ်တက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် စာရွက်အပိုင်းလေးတစ်ခု လွင့်ဝဲ၍ ကြယ့်ရှေ့ကို ရောက်လာသည်။ ဘာရယ်မဟုတ် စာရွက်လေးကို ငုံ့ကြည့်လိုက်တော့ တိုင်းလက်ရေးကို မြင်လိုက်ရ၏။

"မေ့ကို လွမ်းတယ်"

ကြယ်ရင်ထဲ စစ်ခနဲနာသွားသည်။ ဒီသုံးပွင့်ဆိုင်ထဲ၌ ကြယ်က ဗီလိန်ဖြစ်ခဲ့ပြီလား။ ဒါဟာ တမင်ဖန်တီးခြင်းမဟုတ်ကြောင်း ကြယ် ကျိန်ဝံ့ပါသည်။ အခုတော့ ကံဇာတ်ဆရာအလိုကျ ကြယ်ဘက်က ဘာဆိုဘာမှ မတတ်နိုင်ခဲ့။

မုန်တိုင်းလက်ရေးနှင့် ထိုစာရွက်လေးကိုတော့ ကြယ် မပစ်ရက်သဖြင့် အသာလေးကောက်ပြီး မုန်တိုင်းစားပွဲပေါ်က မှန်ကြည်တုံးနှင့် ဖိထားပေးသည်။ တိုင်းမှာ တိုင်းရဲ့ချစ်သူကို လွမ်းရန် အခွင့်အရေးအပြည့်ရှိပါသည်။ လွမ်းပါစေ။

ကြယ်လည်း တိုင်းဆိုတဲ့ ချစ်ရသူအနားမှာ နေပြီး နေ့တိုင်း သတိရလွမ်းဆွတ်နေရတာပဲ မဟုတ်လား။ ရစ်ဝဲလာသည့် မျက်ရည်တွေကို ကြိုးစား၍ သိမ်းဆည်းလိုက်သည်။

အစထဲက တိုင်းမှာ အသက်မကချစ်ရတဲ့ ချစ်သူရှိနေတာ





သိခဲ့ရင် ကြယ့်အချစ်တွေကို အချိန်မီ ရုပ်သိမ်းပစ်လိုက်နိုင်မှာ သေချာပါသည်။ အခုတော့ ကြယ့်အချစ်တွေက တိုင်းအပေါ်မှာ နစ်ကျွံခဲ့ပြီပဲ။

"ကြယ်ခမျာ သနားစရာကွာ၊ တစ်ချိန်လုံး မုန်တိုင်း မျက်နှာကိုပဲ လိုက်ကြည့်နေရှာတာ"

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါ ညီလေးရာ"

"အဖြစ်မှန်ကို ပြောတာကွ"

"ကြယ့်အချစ်ကို အသိအမှတ်ပြုသင့်ပြီ"

"ဟာ…ဒီကောင်၊ ပြောလေကဲလေပဲ"

"ငါတကယ်ပြောတာ မုန်တိုင်း၊ ငါသာ မင်းနေရာမှာဆို မင်းလောက် အသည်းမာမှာမဟုတ်ဘူး"

"မင်းကလည်းလေ တော်တော်လျှာရှည်တယ်၊ သူမကြိုက်တာကို မပြောပါနဲ့ဆို"

ကောင်းမွန်က ပြဿနာမဖြစ်အောင် ဝင်ဟန့်ပေမယ့် ညီလေးက ဂရုမစိုက်။ သူပြောချင်တာ ဆက်ပြောပြီး ပြန်သွားသည်။ မုန်တိုင်းမှာ သူငယ်ချင်းတွေ ပြန်သွားပြီးသည့်အချိန်အထိ အတွေး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစုံ မြစ်ကျွန်သည်။ ညီလေးပြောသလို မုန်တိုင်းဆိုတာ နှလုံးသားမဲ့ ခံစားချက်မဲ့နေသူတစ်ယောက် မဟုတ်ပါ။

မုန်တိုင်းမှာလည်း ခံစားတတ်သည့် ချစ်တတ်၊ မြတ်နိုးတတ်သည့် နှလုံးသားတစ်စုံရှိပါသည်။ နှုတ်ဖျားက ထုတ်ဖော်ဝန်ခံခြင်းမရှိပေမယ့် မု[?]ိုင်းနှလုံးသားထဲမှာ ကြယ်ပုံရိပ်လေးတွေချည်း အထပ်ထပ်စူးနစ်စွာ နေရာယူထားသည့်အဖြစ်ကို ဘယ်သူနားလည်နိုင်မည်နည်း။

ကြယ်ကို မုန်တိုင်းကိုယ်တိုင် မြတ်နိုးစွာ ချစ်မိခဲ့ပါပြီ။ ဒါပေမဲ့ သူ့အာဏာက ရည်မှန်းချက်ပန်းတိုင်မရောက်မချင်း သူ့အချစ်တွေကို ကြယ်သိအောင် ထုတ်ဖော်မပြဟု ဆုံးဖြတ်ထားသည်။

ကြယ်ကို မုန်တိုင်းကိုယ်တိုင် ရှာဖွေရရှိသည့် ငွေနှင့်ပြန်လှည့်ကြည့်နေစရာမလိုအောင် ထားချင်သည်။ ကြယ့်အိမ်ပေါ်မှာနေ ကြယ့်အရိပ်ခိုပြီး သူ့ရင်ထဲက ချစ်မေတ္တာတွေကို ဘာတစ်ခုမှ ထုတ်ပြောမည်မဟုတ်။

သူကိုယ်တိုင် ကြယ်နှာမည်နှင့် တိုက်တစ်လုံး၊ ကားတစ်စီး စိန်ရွှေရတနာတွေ အပြည့်အစုံနှင့် ထားနိုင်မှ သူ့မေတ္တာကို ကြယ်



သိအောင် ထုတ်ဖော်တော့မည်။ အခုချိန်မှာတော့ ကြယ် အပါအဝင် သူငယ်ချင်းတွေက အမျိုးမျိုးထင်ကြမှာကို သိပေမယ့် မတတ်နိုင်။

ကြိုက်သလိုထင်ကြပါစေ။ တစ်နေ့ မုန်တိုင်းရင်ထဲက ချစ်ခြင်းမေတ္တာကို ကြယ်သိလာလိမ့်မည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မုန့်တိုင်းရှေ့၌ တစ်ထောင်တန်စည်းထားသော ငွေတွေ အထပ်လိုက်ရှိသည်။ တစ်အိမ်တည်းသာနေသည်။ ကြယ် ဘယ်သွားမှန်းမသိ။ ဘာလုပ်နေမှန်းမသိ။ ကြယ်နဲ့ပတ်သက်ပြီး မုန့်တိုင်းဘက်က ဥပေက္ခာဆန်မှုက အဲဒီလောက်အထိဖြစ်ပေမယ့် ကြယ့်အရိပ်ကလေးတွေကတော့ မုန့်တိုင်းနားမှာ တမှစ်ဝဲဝဲ။

ကြယ့်အတွက်တော့ ဒီငွေဟာ ရယ်စရာဟာသ ဖြစ်ချင်ဖြစ်နေမည်။ မုန့်တိုင်းအတွက်တော့ တပင်တပန်းနှင့် ဘဝတွေ၊ စိတ်ကူးတွေ ရင်းနှီးမြှုပ်နှံပြီးမှ ရလာသောငွေ။ သူကိုသင်တန်းဆင်းပွဲတို ဟိုတယ်ကြီး၌ ခမ်းနားစွာ ကျင်းပ၏။

မြန်မာနိုင်ငံ၏ အနုပညာရှင်၊ ဒီဇိုင်းပညာရှင်တွေ လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လေ့လာသည့်အထဲ မုန့်တိုင်းဒီဇိုင်းက ပေါက်သွားခဲ့သည်။ တုန့်ဝစ္စည်းကြော်ငြာတွေ တစ်ခုပြီးတစ်ခု ထိုပွဲအပြီးမှာ သူ လက်ခံခဲ့ရသည်။

မုန့်တိုင်းရဲ့ အောင်မြင်မှုမှာ အသီးအပွင့်တွေက ဝေဝေဆာဆာ။ မုန့်တိုင်းထံ အနုပညာရှင်တွေ၊ မော်ဒယ်လ်တွေထံမှ အမှာတွေက ဖုန်းနဲ့တစ်မျိုး၊ စာနဲ့တစ်သွယ်၊ အချို့က အိမ်တိုင်ရာရောက် ခေါ်ယူပြီး အပ်ကြ၏။

မုန့်တိုင်းလက်ထဲ၌ ငွေတွေက ဈေးခနဲ့အစုလိုက်အပုံလိုက်။ မုန့်တိုင်းကလည်း အစွမ်းကုန်ကြိုးစားသည်။ စန်းထနေချိန်လည်းဖြစ်တော့ မုန့်တိုင်းအမည်က လူတိုင်းနှုတ်ဖျားမှာ ရေပန်းအစားဆုံးဖြစ်လာ၏။ မုန့်တိုင်းက ရသမျှငွေကို တစ်ပြားမှမသုံး။ ကြယ့်အကြွေးကို ပြန်ဆပ်ဖို့ စုထားသည်။ အခုတော့ မုန့်တိုင်း ဖြစ်ချင်သည့်ဆန္ဒအတိုင်း ကြယ့်အကြွေးကို သူ ဆပ်ခွင့်ရပြီမို့ သူ့ရင်ထဲမှာ စိတ်ပေါ့ပါးသက်သာရာ ရသွားသည်။

"ကြယ်"

"ကြယ် ဟိုဘက်အိမ် ခဏသွားတယ် မောင်မုန့်တိုင်း"



"အရေးကြီးရင် ခေါ်စိန် လိုက်ခေါ်လိုက်မယ်"

"အဲဒီလောက် အရေးမကြီးပါဘူး၊ သူလာတဲ့အထိ ကျွန်တော် စောင့်မှာပါ"

တစ်ဖက်အိမ်မှာ မိမိနှင့်ယုယတို့ နေကြသည်။ မိက ကြယ်နှင့် တစ်လပဲခြားပြီး လက်ထပ်သွားသလို ယုကလည်း အလုပ်ရသွားသဖြင့် အိမ်မှာနေချိန်သိပ်မရှိ။ ယုနားရက်မှာ ကြယ်က ဒီလိုပဲ ယုထံ သွားလည်နေတတ်သည်။

"တိုင်း"

အသံက နောက်ပါးက ထွက်လာခြင်းပါ။ သူလှည့်ကြည့်တော့ အိမ်တံခါးဝ၌ လှပနွဲ့ထွေးသော အပြုံးမျက်နှာနှင့် ကြယ်။ အိမ်နေရင်းမို့ထင်သည် ဆံပင်ခွေခွေတွေကို ကလစ်ကြီးနှင့် စုတင်ညှပ်ထားပေမယ့် နားသယ်စပ်နားတွေမှာက ကပိုကရိုကျလို့။

ဂါဝန်က ဒူးဖုံးရုံ အပြာပေါ် အနီဝါဒဖြူအပွင့်ပေါက်လေး ရောင်စုံရင်စည်းမြင့်မြင့်ကလေးနှင့်။ မုန့်တိုင်းနားသို့ ဖြည်းဖြည်းလျှောက်လာတော့ ကြယ့်အလှကို ငေးခနဲစိုက်ကြည့်မိသည်။ သွယ်လျပြေပြစ်သော ခြေသလုံးသားလေးတွေအဆုံး၌ နီထွေးသော

www.burmeseclassic.com



ဖနောင့်လုံးလေးသည် ရဲခနဲဖြစ်သွားလိုက်၊ ခြေအကြွံ့ ပန်းသွေးရောင် ဖျော့သွားလိုက်နှင့်။ နွေးထွေးစွာ လှုပ်ခတ်သွားသော မှန်တိုင်းရင်ထဲက ခံစားချက်ကို မသိဟန်ဆောင်လျက် အကြည့်ကို လွှဲလိုက်သည်။

"ကြယ်ကို ရှာတယ်ဆို"

"အင်း"

"ဘာပြောမလို့လဲဟင်"

"အကြွေးဆပ်မလို့"

ကြယ်က ရီဝေဝေအကြည့်လေးတွေနှင့် ငွေထုပ်ကိုစိုက်ကြည့်သည်။ ပြီးမှ တိုင်းမျက်နှာကိုမော့ကြည့်ပြီး ပြုံးသည်။ ထိုအပြုံးက အသက်မပါ။ ရင်ထဲမှာ နာကျင်ထိခိုက်သမျှ မြှုသိပ်ထားရသော ဟန်ဆောင်အပြုံးဖြစ်သည်။

"ထားခဲ့လေ၊ ကြယ် သိမ်းထားလိုက်မယ်"

"မရေတော့ဘူးလား"

"လိုမှမလိုဘဲ တိုင်းရယ်၊ တိုင်း အခုလိုအောင်မြင်တာ ကြယ် သိပ်ပျော်တာပဲသိလား"



တကယ်လည်း ကြယ် ပျော်ပါသည်။ ကိုင်းကို အောင်မြင်စေချင်သည်။ ဒါမှ မေဆိုတဲ့ တိုင်းရဲ့ချစ်သူ ပြန်လာရင် တိုင်းတစ်ယောက် ရင်ကော့ ခေါင်းမော့နေနိုင်မှာမဟုတ်လား။ တစ်ခုတော့ ကြယ် သိပ်ကြောက်ပါသည်။

အဲဒါက တိုင်းနဲ့မခွဲနိုင်တာကိုပါ။

"ဒီမှာ စာရင်းတွက်ထားတယ်"

"ဘာစာရင်းလဲ တိုင်း"

"ဖတ်ကြည့်လေ"

ကြယ်က တိုင်းပေးလာသည့် စာရင်းဆိုတာကို ဖတ်ကြည့်သည်။ လှပသည့် မျက်နှာလေး သိသာစွာ ပျက်သွားရှာပါသည်။ စာရင်းက တခြားမဟုတ်။ တိုင်းမိဘနှစ်ပါးကို ကြယ် လုပ်ပေးသမျှ အတိအကျ လိုက်တွက်ထားသည့်စာရင်း။

"ကြယ်က စေတနာနဲ့"

"မင်းစေတနာကို ကိုယ်အသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့ ကိုယ်က အိမ်ထောင်ဦးစီးယောကျ်ား၊ အခုချိန်ကစပြီး အရာအားလုံးကို ကိုယ်ပဲဦးဆောင်မယ်"

www.burmeseclassic.com



"တိုင်းသဘောပါ၊ ဒီငွေတွေကိုတော့"

"ကိုယ့်သဘောဆို"

ကြယ်နှင့်မုန်တိုင်း အကြည့်ချင်းဆုံသွားသည်။ ရွှန်းလဲ့တောက်ပသော မုန်တိုင်းအကြည့်တွေက ကြယ့်မျက်ဝန်းကတစ်ဆင့် ကြယ့်နှလုံးသားထဲ ထိုးဖောက်သွားသလို ထင်ရသည့်အတွက် လှိုက်ခုန်နွေးထွေးသော ရင်အစုံဖြင့် ကြယ်ကပဲ စတင်အကြည့်ကို လွှဲပါသည်။

တိုင်းမှာ မေဆိုတဲ့ ချစ်သူရှိနေတာပဲဆိုသည့်အသိက ကြယ့်နှလုံးသားကို နင့်နဲ့စွာ ကြေကွဲထိခိုက်သွား၍ တိုင်းထံမှအချစ်ကို ကြယ် မမျှော်လင့်ရဲတော့ပါ။

"မိသားစုအတွက် လိုအပ်တာမှန်သမျှ ကိုယ့်ကိုပဲပြောပါ"

"ကြယ် သိပါပြီ"

"ရော့...ဒီမှာ ဒါက အိမ်အတွက် ဒီလအသုံးစရိတ်၊ လိုရင်ထပ်ပြောပါ"

"ကိုယ်သွားမယ်"



"တိုင်း"

သူ ခြေလှမ်းတုံ့သွားသည်။

"ဟိုလေ...တိုင်းအောင်မြင်မှုကို ဂုဏ်ပြုတဲ့ အထိမ်းအမှတ်အနေနဲ့ ခြံထဲမှာ ပွဲလေးတစ်ပွဲ စီစဉ်မလားလို့၊ အခြားဘယ်သူမှမပါပါဘူး၊ ကိုညီလေးတို့ရယ်၊ နောက် ဖေဖေတို့ရယ်ပေါ့"

"ကိုယ့်အတွက် အဲဒါတွေမလိုပါဘူး"

"ဒါပေမယ့် ကြယ်က လုပ်ပေးချင်နေတယ်ဆိုရင်ရော"

"တိုင်းက ခွင့်ပြုပေးမှာလား"

ကြယ့်မျက်နှာကိုလေး စိုက်ခနဲ ကြည့်လိုက်သည်။ နူးညံ့သိမ်မွေ့ခြင်းတွေနှင့် ရွှန်းလက်တောက်ပသည့် ကြယ့်အကြည့်လေးတွေက တိုင်းအပေါ်မှာ ချစ်ခြင်း၊ မြတ်နိုးခြင်းတွေကို အထင်းသား မြင်နေရသည်။ ထိုအကြည့်တွေကို မုန်တိုင်း ရက်စက်စွာ ကျော်ခိုင်းမသွားနိုင်သလို သူ့ရင်ထဲက ကြယ်အပေါ်ထားသည့် ချစ်မေတ္တာကို ကြယ်သိသွားမှာလည်း စိုးရိမ်နေသည်။

"ကိုယ်က ခွင့်မပြုဘူးဆိုရင် မလုပ်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

မုန့်တိုင်းလေသံက အရင်လို တင်းမာခက်ထန်ခြင်းမရှိတော့။

လှပသော ကြယ့်မျက်နှာမှာ အပြုံးက ပျော်ရွှင်စွာ မုန့်တိုင်းထံ ကူးစက်ရောက်ရှိလာသည်။

"ကြယ် စီစဉ်ထားပြီးသား၊ ဒီညပဲလုပ်မှာ"

"မင်းသဘောကျသာ လုပ်တော့"

"ဟေး"

ကလေးတစ်ယောက်လို ပျော်ရွှင်စွာ အော်ဟစ်လိုက်သော ကြယ်ကို ကျောခိုင်းခဲ့သည်။

ကြယ်ပျော်နေတာမြင်တော့ မုန့်တိုင်းရင်ထဲမှာလည်း အလိုလို ကြည်နူးချမ်းမြေ့နေသည်။ မင်းနဲ့တော့ ကိုယ်သိပ်ခက်နေပြီ ကြယ်ရယ်။

ကောင်းမွန်နှင့် ညီလေး ရောက်လာ၏။ လက်ထဲမှာလည်း သားငါးထုပ်တွေ တနင့်တပိုးကြီး။ ကားပေါ်က ဘီယာတွေချရင်း

"မုန့်တိုင်း ဒီည ဘာဘီကျူးလုပ်စားမယ်၊ ဘီယာ



သောက်ပြီး သီချင်းတွေဆိုကြမယ်၊ ပျော်စရာကြီးဟ"

ကြယ့်အစီအစဉ်ထဲမှာ တက်ကြွစွာပြော၏။ မုန့်တိုင်းကတော့ အပြုံးနှင့်သာ ခေါင်းညိတ်သည်။ အဓိကက ကြယ် စိတ်ချမ်းသာဖို့၊ ကြယ့်ဆန္ဒ ပြည့်ဖို့ မုန့်တိုင်းက အဖြည့်ခံဖြစ်သည်။

တစ်ချိန်လုံး ပြုံးပျော်နေသည့် ကြယ်က ဤပွဲတွင် အလှပအသက်ဝင်ဆုံးဖြစ်သည်။

"ကြယ့်ဘဝမှာ ဒီနေ့လောက် ဘယ်တုန်းကမှ မပျော်ဘူး"

"ကြယ် သိပ်ပျော်တာပဲ သိလား၊ မုန့်တိုင်းရောဟင်"

"ပျော်ပါတယ်"

မုန့်တိုင်းအသံက တုံးတိတိ၊ ကြယ်က မုန့်တိုင်းကို စိုက်ကြည့်သည်။

"ကြယ်ကြောင့် တိုင်း စိတ်ညစ်နေလားဟင်"

"တိုင်းသာ စိတ်ချမ်းသာမယ်ဆိုရင် တိုင်းအတွက် ကြယ်ဘာပဲလုပ်ပေးရ လုပ်ပေးရပါ"

ငိုသံစွက်မသွားအောင် ဝမ်းနည်းစိတ်ကို ချုပ်တည်းမြို

www.burmeseclassic.com

www.burmeseclassic.com



သိပ်ရင်း ချစ်သူမျက်နှာကို မော့ကြည့်ရင်း ဖြေမိသည်။ ကြယ် ကြောင့် တိုင်း တကယ် စိတ်ညစ်နေပြီလား။

"တိုင်း"

"ဟင်"

"တိုင်း စိတ်ချမ်းသာအောင် ကြယ် ဘာလုပ်ပေးရမလဲ ဟင်"

"တကယ်လုပ်ပေးမှာလား"

"တကယ်ပေါ့၊ တိုင်းက ကြယ့်ကို မယုံဘူးလား"

ချစ်သူထံမှ အယုံအကြည်ကင်းမဲ့သော စကားနှင့် အကြည့် အပြောကြောင့် ကြယ်ရင်မှာ အခံရခက်စွာ ဆတ်ဆတ်ခါ ရပြန့်ပါ သည်။ ဝမ်းနည်းကြေကွဲစိတ်နဲ့လည်း မျက်ဝန်းအိမ်မှာ မျက်ရည်များ ချက်ချင်း ပြည့်တက်လာသည်။

ကြယ့်အချစ်ကို အခုချိန်အထိ တိုင်းဘက်က အယုံ အကြည်မရှိဘဲ အထင်အမြင်သေးနေဆဲဖြစ်သော ချစ်သူ၏သဘော ထားကို သိလိုက်ရ၍ပါ။ မုန့်တိုင်းက ကြယ့်အမေးကို ဘာတစ်ခု မပြော။ ကြယ့်ထံမှ စိတ်လှုပ်ရှားနေသည့် မျက်နှာလှလှလေးကို



တိတ်ဆိတ်စွာ စူးစိုက်ကြည့်လျက် ငြိမ်နေသဖြင့် ကြယ် ပို၍ ဝမ်းနည်းလာသည်။

"ကြယ်မေးတာ ဖြေပါဦး တိုင်း၊ ကြယ့်အချစ်ကို တိုင်း ..."

"ဘယ်လို ... ကြယ့်အချစ် ...ဟုတ်လား"

"ကြယ် သွားတော့မယ်"

မုန့်တိုင်းကို ကျောခိုင်းထားရစ်ကာ နေရာက ကြယ်ပြေး ထွက်လာခဲ့သည်။

"ကြယ်"

မုန့်တိုင်းအသံကြားပေမယ့် ကြယ် နောက်ကို လှည့် မကြည့်။ နူးညံ့သော ပါးပြင်နှစ်ဘက်မှာ မျက်ရည်ပေါက်တွေ ဝေါခနဲ ပြိုကျလာသည်။

မုန့်တိုင်း ... ကြယ် အသက်မက ချစ်မြတ်နိုးခဲ့ပေမယ့် ကြယ့်နှုတ်ဖျားကတော့ တိုင်းကို ချစ်ကြောင်း တစ်ကြိမ်တစ်ခါမှ ထုတ်ဖော်မပြောခဲ့ဖူးပါ။

အခုမှ တိုင်းဘက်က မယုံသင်္ကာဟန် အကြည့်အပြော

www.burmeseclassic.com

www.burmeseclassic.com



ရှားကြောင့် ကြယ့်နှုတ်ဖျားက မရည်ရွယ်ဘဲ စိတ်လိုက်မာန်ပါ ဖွင့်ထုတ်ပြောပြမိခြင်းဖြစ်ပါသည်။ တိုင်းအပေါ်မှာ ကြယ် ဘယ်လောက်ချစ်မှန်း၊ ဘယ်လောက် လိုက်အလျှော့အရှုံးပေးမှန်း သိရက်နဲ့ ….။

"ဘယ်လိုဖြစ်ကြတာလဲ မုန်တိုင်းရာ၊ ကြယ် ငိုတာမြင်ရတော့ ငါတို့လည်း စိတ်မကောင်းဘူး"

"သူ့ကိုက မျက်ရည်ပေါတာကိုး"

"မုန်တိုင်း"

"မင်းကော အခုထိ ကြယ့်အပေါ်မှာ အနိုင်ယူရက်စက်ဖို့ ကြိုးစားနေတုန်းပဲလား၊ ကြယ်က မင်းကို တကယ်ချစ်တာကွ"

ညီလေးနှင့် ကောင်းမွန်စကားကို သူ ဘာမှမပြော နှုတ်ဆိတ်နေလိုက်သည်။ ကြယ် သူ့ကို ဘယ်လောက်ချစ်မှန်း မုန်တိုင်း မသိမဟုတ်။ သိပါသည်။ မုန်တိုင်းကိုယ်တိုင်လည်း ကြယ့်အချစ်ကို အသိအမှတ်မပြုသလိုလို၊ ဂရုမစိုက်သလိုလို ကြ ရှေ့မှာ နေပြပေမယ့် စိတ်ထဲမှာတော့ ကြယ့်အမူအရာ၊ ကြယ့်စကာ လေးတွေ အမြဲရှိနေတတ်တာ ဘယ်သူမှ မသိ။



မုန်တိုင်းမှာ မေရှိသည်။ မေ့အကြောင်း တွေးလိုက်တိုင်း မုန်တိုင်းရင်မှာ လှိုင်းထန်သွားတတ်သည်။ မေ ပြောသည့်အတိုင်း သူ့ဘဝ အောင်မြင်ပြည့်စုံတာ မှန်ပေမယ့် မုန်တိုင်းကို ဒီဘဝရောက်အောင် စေတနာ၊ မေတ္တာအပြည့်နှင့် တွန်းပို့ခဲ့သူက ကြယ်။ သူ့အပေါ်မှာ သိပ်ချစ်၍ အစစ အရာရာ အနစ်နာခံဖို့ အမြဲစဉ်းစားပေးတတ်သည့် ကြယ့်မေတ္တာက ရိုးသားဖြူစင်မှု ရာနှုန်းပြည့်။

မေနှင့် လုံးဝမတူ။ မေက အခုချိန်ထိ မုန်တိုင်းကို အဆက်အသွယ်မလုပ်။

"မင်း လိုက်သွားလေ မုန်တိုင်း"

"ငါတို့ကို လုံးဝ အားမနာနဲ့"

"မုန်တိုင်း … မင်းကြောင့် ကြယ်ငိုသွားတာ မဟုတ်လား၊ သွားချော့လိုက်၊ ငါတို့လည်း ခဏနေ ပြန်မယ်"

သူငယ်ချင်းတွေက မုန်တိုင်းကို တိုက်တွန်းပေမယ့် မုန်တိုင်း မလှုပ်။ ညီလေးတို့နှင့်အတူနေပြီး အရက်တွေချည်း ဖိသောက်နေမိသည်။ ညီလေးတို့ ပြန်သွားသည့်အချိန်ထိ ခြံထဲမှာ သူတစ်ယောက်တည်း။ မုန်တိုင်းရင်ထဲမှာ ခံစားချက်တွေ ရှုပ်ထွေးလျက်

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းအကြိမ်ကြိမ် ချနေမိသည်။

ကြယ်ကတော့ ထိုအဖြစ်တွေကို မသိ။ ကိုယ့်ဘာသာ တစ်ယောက်တည်း ကြေကွဲဝမ်းနည်းစွာ ငိုနေမိရာက မေးခနဲတစ်ချက် အိပ်ပျော်သွားရာက နိုးလာတော့ တစ်အိမ်လုံးတိတ်ဆိတ်နေတာကို ကြည့်ပြီး အိပ်ရာက အလန့်တကြားထလိုက်၏။

"တိုင်း"

ကြယ် ... ပထမဆုံး သတိရမိသူက တိုင်း...။

ခြံထဲကို ပြေးကြည့်သည်။ တိုင်းကလွဲပြီး ဘယ်သူမှ မရှိ။ ကိုညီလေးတို့ ဘယ်အချိန် ပြန်သွားသည် မသိ။ နှင်းတောထဲမှာ တိုင်းတစ်ယောက်တည်း စားပွဲပေါ် ခေါင်းငိုက်စိုက်ကျနေ၏။

"တိုင်း"

စိုးရိမ်စိတ်နှင့်အတူ ကြယ် သူရှိရာ ခပ်သွက်သွက်လျှောက်ခဲ့သည်။ စောစောတုန်းက တိုင်းကြောင့် ဝမ်းနည်း ငိုခဲ့ရတာတွေ ပြန်သတိမရတော့။

"တိုင်း ...တိုင်း"

တိုးတိုးလေးခေါ်ပြီး တိုင်းကိုယ်ကြီးကို လှုပ်နှိုးမိသည်။



"အင်း ..ဟင်"

"တစ်ယောက်တည်း ဒီမှာ ဘာထိုင်လုပ်နေတာလဲ တိုင်း ရယ်၊ ထစမ်းပါ၊ ကြယ့်ကို တွဲ"

"မေ လားဟင်"

တိုင်းအသံက မသဲမကွဲနှင့် အရက်နံ့ကို ရပေမယ့် ဂရုမစိုက်။ ကြယ်က တိုင်း လက်တစ်ဖက်ကို ဆွဲယူကာ ပခုံးပေါ်တင်ရင်း ...

"လာ ...လျှောက်နော်"

"အိမ်ထဲထိ တိုင်းလမ်းလျှောက်နိုင်တယ် မဟုတ်လား"

"အင်း"

တိုင်းကိုယ်ကြီးကို မနိုင်မနင်း တွဲကူသယ်လာရသည်။ တိုင်းရဲ့ လေးတိလေးကန် ခြေလှမ်းတွေကြောင့် ကြယ်ပါ ပြိုလုလု။

"မေ"

ကြယ်ကို အနားထားပြီး တခြားသော မိန်းမကို တောင့်တနေသဖြင့် ကြယ့်ရင်ထဲ ဘယ်လောက်ဝမ်းနည်းကြေကွဲခံစားရသည်ကိုက ပြောတောင် မပြောတတ်ပါ။ ဒါပေမယ့် အခုအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြယ် ဝမ်းနည်းခြင်းထက် တိုင်းအိပ်ရာပေါ် ချောမောစွာ ရောက်ရန်က ပိုအရေးကြီးနေသည်။

ကြယ်သည် သူ့ကိုယ်ကြီးကို တွဲရင်း အခန်းထဲ ရောက်လာသည်။

"မေ ...မေ ...မေ"

ကြယ်ကိုဖက်ပြီး တခြားအမည်ကို မနားတမ်းခေါ်နေသည်။

"မေ"

"မေ မဟုတ်ဘူး တိုင်း၊ ကြယ်"

"ကြယ်"

"ဟုတ်တယ် အခု တိုင်းအနားမှာ ရှိနေတာ ကြယ်"

"ကြယ်"

တိုင်းနှုတ်ဖျားက ကြယ့်အမည်ကိုခေါ်ရင်း နှစ်ယောက်သား အရှိန်မထိန်းနိုင်ဘဲ ခုတင်ပေါ် ထွေးခနဲ ပြိုလဲကျသွားသည်။

"ကြယ်"

"တိုင်း ... ကြယ်ကို လွှတ်ပါ"



"ဟင့်အင်း ... ကြယ့်ကိုချစ်တယ်"

"အို"

စကားသံက သဲ့သဲ့လေးမှ တိမ်ဝင်သွားရသည်။ ကြယ့်နှုတ်ခမ်းဆီလာသော အနမ်း။ သန်မာမြဲမြံစွာ ပွေ့ဖက်ထားမှုမှ တစ်ဆင့် လည်တိုင်အထိ ကျူးလွန်လာသော သူ့အနမ်းလှိုင်းကြမ်းကြမ်းကြားမှာ ကြယ် အလူးအလိမ့်နှင့်။ စကားသံတို့ ပျောက်ဆုံးသွား၏။ ရင်ထဲမှာ နာကျင်ခံစားရပေမယ့် ချစ်အနမ်းတွေကို ဖယ်ရှားရန် မစွမ်းနိုင်သည့်အတူ တိုင်းရင်ခွင်ထဲမှာ မြတ်နိုးကြေကွဲခြင်း ခံစားချက်တွေနှင့် တိုးတိတ်စွာ ရှိုက်ငိုလိုက်မိသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ညက သမီးတို့ ဘယ်အချိန် အိပ်ကြလဲ"

"နည်းနည်းတော့ ညဥ့်နက်တယ် ဖေဖေ"

"အေးပေါ့ … ဒီလောက် ပျော်စရာကောင်းတာ ဘယ်မှာရှိလို့လဲ"

ကြယ် ခေါင်းကြီးတွင်တွင်ငုံ့ကာ ကော်ဖီကိုပဲ သည်းမည်းတကြီး ကြည့်နေသည်။ မျက်နှာမဖော်ရဲ။ ရှက်စိတ်ကြောင့် ခွေးခွေးနီနေသော ကြယ့်မျက်နှာကို လူတွေ ရိပ်မိသွားမှာ စိုးပါ၏။

ညတုန်းက တိုင်းအခန်းထဲက ကြယ် ပြန်မထွက်နိုင်အောင် တိုင်းကပဲ အတင်းကြီးချုပ်ကာ ဖက်ထားခဲ့ပါသည်။ နှုတ်ဖျားကတော့ တမေတည်း မေဆဲ…။ ကြယ့်နှားထင်စပ်တွေ၊ ဆံစတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်တွေဟာ အနမ်းတွေအစွမ်းဖြင့် အခုအချိန်ထိ ပူနွေးဆဲ။

အဲဒီညလေးကို ကြယ် တစ်သက်၌ ဘယ်တော့မှ မေ့တော့မည်မဟုတ်။ ချစ်ခြင်း၊ မြတ်နိုးခြင်းတွေနှင့် ကြယ့်နှလုံးသားကို နှာကျင်စွာ တိုင်းရင်မှာ အပ်နှံခဲ့ရသည်။

အခုချိန်ထိ ကြယ်တို့ အခန်းခွဲအိပ်တာ ဘယ်သူမှ မသိ။

"သမီး"

"ရှင်"

ကြယ့်ပုံစံလေးက အရမ်းရိုးသားသည်။ တကယ်ပေါင်းကြည့်မှ မနောဖြူလေး။ လူတစ်ဖက်သားအပေါ် အယုံလွယ်ပြီး ဖြူစင်တဲ့သူ။ အပေးအကမ်း ရက်ရောသူ။ ဒီအချက်တွေကြောင့်ပဲ တကယ့် သမီးအရင်းလေးလို တွယ်တာလာရတာက မုန့်တိုင်းအဖေရော၊ မိထွေးနှစ်ယောက်။

အထူးသဖြင့် ကြယ့်မျက်နှာလေးကို အရိပ်တကြည့်ကြည့်။

"နေမကောင်းဘူးလား သမီး"

"ကောင်းပါတယ် ဖေဖေ"

"သမီးကြည့်ရတာ တစ်ခုခုဖြစ်နေသလားလို့"



"ဟို ... ညက အိပ်ရေးနည်းနည်းပျက်သွားလို့ပါ"

တကယ်တော့ နည်းနည်းမဟုတ်။ တစ်နာရီနောက်ပိုင်း အိပ်မှ မရတော့တာ။ မိုးလင်းခါနီးမှ တိုင်းအခန်းက ပြန်ထွက်ရသည်။ ဒါတောင် ရင်အခုန်မြန်နေလို့ ကိုယ့်အခန်းမှာလည်း အိပ်မရ။

"ညက အိပ်ရေးပျက်ထားရင် ပြန်အိပ်လေ"

"ရပါတယ် ... ဖေဖေ"

ကြယ်တို့ ပြောနေဆဲမှာပင် တိုင်းက ထမင်းစားခန်းထဲ ဝင်လာသည်။ ကြယ် ညကအဖြစ်ကို သတိရသွားကာရော၊ ရှက်တာတွေရော ပေါင်းကာ သောက်လက်စ ကော်ဖီ သီးပါတော့သည်။

"ဟဲ့ ...ဟဲ့ လုပ်ကြပါဦး၊ သမီး ကော်ဖီသီးကုန်ပြီ"

"အဟွန် ...ဟွတ် ... ရတယ် ...ရတယ် ဖေဖေ"

ကြယ်ပြောရင်း ဘေစင်ဆီ ပြေးရသည်။ ကော်ဖီသီးတာလဲ သီးတာပေါ့။ တိုင်းကို ရင်မဆိုင်ရဲတာလည်း ပါသည်။ တိုင်းကတော့ ဘာမှမဖြစ်သလိုပင်။

"ဒေါ်စိန် ကျွန်တော့်အတွက် ဘလက်ကော်ဖီကို သံပရာသီးညှစ်ပေး၊ ချဉ်ချဉ်လေးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီကွယ်"

"မုန့်မစားတော့ဘူးလား သား"

"မစားတော့ဘူး ဖေဖေ"

ပြောရင်း စာရင်းမှတ်ထားသည့် စာအုပ်ကို ငုံ့ကြည့်သည်။

"ဒီနေ့ မမကျော်ရဲ့ Wedding Design လက်စ သတ်ရမှာဆိုတော့ နေ့လယ်စာ အပြင်မှာပဲ စားဖြစ်မယ်"

တိုင်းက ဘယ်သူ့မျက်နှာမှမကြည့်ဘဲ ပြောပေမယ့် ထိုစကားက ကြယ့်ကိုရည်ရွယ်ကြောင်း အားလုံးသိသည်။ ကြယ်ကလဲ ဖြစ်နိုင်ရင် တိုင်းနှင့် မျက်နှာချင်းမဆိုင်ချင်တာနှင့် အတော်ဖြစ် သွားသည်။

"ကြယ်လဲ ဒီနေ့ အပြင်သွားစရာရှိတယ် ဖေဖေ၊ နိုင်ငံခြားက သမီးသူငယ်ချင်း ပြန်လာတာ သွားကြိုမလို့"

"သမီးသူငယ်ချင်းက ယောကျ်ားလေးလား မိန်းကလေး လား"

ထိုစကားကို တိုင်းမိထွေးက ဝင်မေးတာဖြစ်ပေမယ့် ကြယ့်ဆီက အဖြေကို မုန်တိုင်းကိုယ်တိုင် စိတ်ဝင်စားနေသည်။



"ယောကျ်ားလေးပါ မေမေ၊ ကြယ်နဲ့ ငယ်သူငယ်ချင်း တွေပါ၊ နာမည်က စွမ်းပြည့်တဲ့"

စွမ်းပြည့် …။ မုန်တိုင်းအကြည့်တွေက ရူးလက် တောက်ပစွာ ကြယ့်ထံ ဖျတ်ခနဲရောက်သွားသည်။ ကြယ်က သူ့ကို မကြည့်။ မျက်နှာလွှဲထားသည်။

မုန်တိုင်းစိတ်ကပဲ ထင်လို့လား မသိ။ ဒီနေ့မှ ကြယ်က သိပ်လှနေသည်။ သွေးရောင်လွှမ်းနေသည့် မျက်နှာလေးကို ငေးခနဲ စိုက်ကြည့်ပြီးမှ အကြည့်ကိုလွှဲလိုက်သည်။

"အေးပေါ့ သူငယ်ချင်းတွေဆိုတော့လည်း ကြိုရမှာပေါ့၊ သမီးသွားစရာရှိတာ သွားပါ၊ အိမ်မှာ မေမေတို့လည်း ရှိတာပဲ စိတ်ချ"

"ဟုတ်ကဲ့"

"ကြယ် အပေါ်ထပ်ကို တက်လိုက်ဦးမယ်၊ ခွင့်ပြုပါ"

လူကြီးတွေဆီမှ ခွင့်ပန်ပြီး မုန်တိုင်းမျက်စိရှေ့က လစ်ခနဲ ကြယ် ပြေးထွက်သွားသည်။ မုန်တိုင်းကို တစ်ချက်ပင် လှည့်မ ကြည့်သွား၍ မုန်တိုင်းရင်ထဲ တစ်မျိုးကြီးဖြစ်ကျန်ခဲ့သည်။ မကျေနပ်

www.burmeseclassic.com



တာလား၊ အခံရခက်တာလား ဘာမှန်းမသိ။ အရင်တုန်းကဆို ကြယ်က သူ့ ဘာပြောပြော ဘာလုပ်လုပ် မျက်လုံးလက်လက်လေးတွေနဲ့ တစ်ချိန်လုံး လိုက်ကြည့်နေကျ။

ဒီနေ့မှ အချိုးပြောင်းသွားသည်ဆိုတော့ စွမ်းပြည့်ဆိုတာကြောင့်များလား။ ဒါဆို သူ ဘာလုပ်ရမည်နည်း။ မုန်တိုင်းရင်ထဲ အတော်လှုပ်ရှားသွားသည်။

အရင်တုန်းကတော့ ကြယ်ကို အလွယ်တကူစွန့်ပစ်နိုင်လိမ့်မည်ဟု သူ့ကိုယ်သူ ထင်ခဲ့သည်။ အခုချိန်မှာကျတော့ မုန်တိုင်းခံစားချက်တွေက ပြောင်းလဲသွားပြီ။ အထူးသဖြင့် ညက မက်သည့်အိပ်မက်ထဲမှာ ကြယ်နှင့်သူ။

သေချာသည်က ကြယ်ကို မုန်တိုင်း မြတ်မြတ်နိုးနိုးချစ်မိနေခြင်းဖြစ်သည်။ ကြယ်ကို သူ မခွဲနိုင်။ ဘယ်အချိန်တည်းက ကြယ့်ကို တိတ်ဆိတ်စွာ ချစ်နေခဲ့မှန်း သူ့ကိုယ်သူလည်း မသိ။

အလုပ်ကို ထွက်လာခဲ့ပေမယ့် မုန်တိုင်းစိတ်တွေက ကြယ်ထံမှာသာ ကျန်ခဲ့သည်။

"မျိုးမြတ်မေ ပြန်လာတော့မယ် မုန်တိုင်း"



ညီလေးက ဖုန်းဆက်တော့ မုန်တိုင်း အံ့ဩသွားသည်။ သူ မသိတဲ့ကိစ္စကို ညီလေးက သိနေသည့်အတွက်ပါ။

"မင်းကို ဘယ်သူပြောလဲ"

"မင်းကလွဲပြီး အားလုံးသိနေကြတာပဲကွာ။ သူ့အမေပြောလို့ တစ်ရပ်ကွက်လုံး သိပြီးသား"

မုန်တိုင်းရင်ထဲ ခံပြင်းဒေါသစိတ် ဝုန်းခနဲရောက်လာသည်။

မျိုးမြတ်မေဆိုတာ အစတည်းက ဒီလိုမိန်းမပဲ။ မင်းအခုမှခံစားနေရလဲ အပိုပဲ မုန်တိုင်း။

သူ့စိတ်ကို သူ ပြန်သတိပေးလိုက်ရသည်။

"မုန်တိုင်း"

"ပြော"

"မင်း တော်တော်ခံစားသွားရလား"

မုန်တိုင်း မဖြေနိုင်။

"ဘာမှဟုတ်တဲ့ မိန်းမအတွက်နဲ့ မင်းတို့ အိမ်ထောင်ရေး ဘာမှ အထိခိုက်မခံနဲ့ကွ၊ အဲဒါ သတိပေးချင်လို့"

သုံးနှစ်မပြည့်ခင်မှာ ပြန်လာသော မျိုးမြတ်မေဆိုတဲ့မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ညီလေးပြောသလို မုန့်တိုင်းဘဝမှာ ဘာမှမဟုတ်တဲ့မိန်းမလား။ ညီလေး ဖုန်းချသွားသည်အထိ လက်က ဖုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိသည်။

◆ ◆ ◆

## အခန်း (၂၁)

အိမ်ရှေ့မှာ ကားရပ်လိုက်တာနှင့် မုန့်တိုင်းအသဲ ပထမဆုံး ဝင်ရောက်လာသည့်အသံက ကြယ့်ထံမှ ချစ်စဖွယ် ရယ်သံဖြစ်သည့်အတွက် မုန့်တိုင်း မျက်ခုံးတွန့်သွားသည်။ ပေါ်တီကိုအောက်မှာ မုန့်တိုင်း တစ်ခါမှ မမြင်ဖူးသည့် ကားတစ်စီးရပ်ထားသည်။ ဧည့်သည်ရောက်တာသိပေမယ့် ထိုဧည့်သည်ကို ယောကျ်ားတစ်ယောက် ဖြစ်နေလိမ့်မည်ဟု မထင်ခဲ့။

"ဟော .. တိုင်း ပြန်လာပြီ၊ ဒီမှာ ကြယ့်အချစ်ဆုံး သူငယ်ချင်းနဲ့ တိုင်းကို မိတ်ဆက်ပေးချင်လို့"

"စွမ်း .. ဒါ .. ကြယ့်ခင်ပွန်း မုန့်တိုင်းတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်က စွမ်းပြည့် ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေးလာသည့် လက်ကို ဆွဲယူလိုက်ရပေမယ့် မုန်တိုင်းအကြည့် တွေကတော့ ကြယ့်ထံ စူးလက်စွာရောက်သွားပါသည်။ ယောကျ်ားလေး သူငယ်ချင်းကိုပဲ ကြယ်က သူမအချစ်ဆုံးဟု ဆိုလိုက်သေးသည်။ ထိုစကားအသုံးအနှုန်းကို မုန်တိုင်း မကြိုက်။

"ကိုယ်လည်း ဝမ်းသာပါတယ်၊ ကြယ်နဲ့ အေးအေးဆေး စကားပြောကြဦးလေ"

"ကျွန်တော်က အခုပဲပြန်တော့မှာဗျာ၊ နင့်ကို တစ်ခါတည်း နှုတ်ဆက်ခဲ့ပြီနော် နောက်မှာ အလုပ်ကိစ္စလေးတွေရှိသေးလို့ ညကျမှ ဖုန်းဆက်မယ်"

"အေးပါ"

"ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပြီ"

စွမ်းပြည့်ဆိုသည့် လူချောလေးက မုန်တိုင်းကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်သွားရာနောက် ကြယ်ကအပြုံးလှလှနှင့် အဓိပြေးလိုက်သွား၏။ ကားနားအထိ နှစ်ယောက်သား ရယ်ရယ်မောမော။ ဘာတွေ ဒီလောက်သဘောကျနေသည် မသိ။ စွမ်းပြည့်ကိုယ်တိုင် ကားပေါ်တော်တော်နှင့် မတက်နိုင်သလို ကြယ်ကလည်း



စွမ်းပြည့်မျက်နှာကို တကြည့်ကြည့်နှင့် စကားအမျှင်မပြတ်။

ကြယ် လှုပ်ရှားမှုမှန်သမျှကို မုန်တိုင်း လက်ပိုက်ပြီး ခပ်တည်တည်စူးစိုက်ကြည့်နေလိုက်သည်။ တစ်ပတ်လုံးလုံး မုန်တိုင်းနှင့် လုံးဝ မျက်နှာချင်းဆိုင်မခံဘဲ လှည့်ပတ်ရှောင်ပြေးနေသည့် ကြယ့်ကို ဒီနေ့မှ မုန်တိုင်း မြင်တွေ့ခွင့်ရခြင်းဖြစ်သည်။

အစတုန်းကတော့ ကြယ်သူ့ကို ရှောင်နေမှန်းမသိသေး။ နောက်မှ သူ ရှိသည့်နေရာတွေမှာ ကြယ့်မျက်နှာလှလှလေး ရိပ်ခနဲ ရိပ်ခနဲ ပျောက်ပျောက်သွားတတ်တာကို သတိထားမိလေမှ ကြယ် သူ့ကို ရှောင်နေမှန်း သိလာခြင်းဖြစ်သည်။ မုန်တိုင်းကိုသာ အတွေ့မခံ၊ စကားမပြောပေမယ့် ဖုန်းတစ်လုံးနှင့်စွမ်းဆိုသည့် အမည်ကို နှုတ်ဖျားက မချတမ်း ရယ်ရယ်မောမော ပြောနေတတ်တာ မုန်တိုင်းကိုယ်တိုင်နားနှင့် ဆတ်ဆတ်ကြားခဲ့သည်။

စွမ်းပြည့်ဆိုသည့် ကောင်ကလည်း မုန်တိုင်းတစ်ယောက်လုံး ကြယ့်ရှေ့မှာ ရှိနေရက်နဲ့ ဂရုမစိုက်ဘဲ ကြယ်နှင့်အရယ်အမောပင်မပျက်။ မုန်တိုင်းရင်ထဲ ကြယ့်မျက်နှာလှလှလေးကို ကြည့်ရင်း မနာလိုခြင်း၊ သဝန်တိုခြင်းတွေနှင့် မျက်နှာချောချောက တင်းမာမှုန်ကုတ်လာ၏။

ကြယ်ကတော့ မုန်တိုင်းရင်ထဲက ခံစားချက်တွေကို ဘဝ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ မသိ။ စွမ်းကားလေး ထွက်သွားမှ အိမ်ထဲပြန်ဝင်ခဲ့သည်။

"ဒီလိုပဲ နေ့တိုင်းလာနေကျလား"

"ရှင်"

"စွမ်းပြည့်ဆိုတဲ့ မင်းရဲ့အချစ်ဆုံးသူငယ်ချင်းဆိုတာ ဒီလိုပဲ ကိုယ် မရှိတဲ့အချိန်မှာ လာနေကျလားလို့ မေးတာ"

"နေ့တိုင်းတော့ မဟုတ်ပါဘူး တိုင်း"

"ဪ ...မင်းက နေ့တိုင်း လာစေချင်သေးတယ်လား"

မျက်နှာထားတင်တင်၊ စကားလုံး မထိတရိတွေနှင့် မှန်တိုင်းကို ကြယ် ကြည့်လိုက်သည်။ ကြယ်နှင့်ပတ်သက်သမျှ ဘာတစ်ခုမှ စိတ်မဝင်စား။ အရေးမလုပ်ခဲ့သည့်တိုင်းက အခုမှဘာတွေလာပြောနေတာလဲဆိုတာ ကြယ်နားမလည်နိုင်တော့ပါ။

"တိုင်း ... ကြယ်ကို ဘာပြောချင်တာလဲ၊ ကြယ့်ကိုရှင်းအောင်ပြောပါ၊ ကြယ်နားမလည်ဘူး"

"မင်းဟာ အိမ်ထောင်ရှိတဲ့ မိန်းမဆိုတာရော သိသေးရဲ့လား"

"တိုင်း ဘာပြောတာလဲ၊ ကြယ်က အိမ်ထောင်ရှိတဲ့မိန်းမဆိုတာ အားလုံးသိပြီးသားကိစ္စပါ၊ ကြယ်က ဘာလုပ်နေလို့လဲ"



"မင်း စကားအပြောအဆို၊ အနေအထိုင် ဆင်ခြင်ပါ"

"တိုင်း"

မှန်တိုင်း လှည့်မကြည့်ဘဲ အပေါ်ထပ် တက်သွားသဖြင့် ကြယ်ပဲ တိုင်းအပြုအမူအပေါ် ဘာတစ်ခုမှ နားမလည်ဘဲ ဆွံ့ဆွံ့ခါဖြစ်ကျန်ခဲ့သည်။ ကြယ်ကိုကျတော့ အိမ်ထောင်သည်အဖြစ် စကားအပြောအဆို အနေအထိုင် ဆင်ခြင်ပါတဲ့။ တိုင်းကိုယ်တိုင်ကျတော့ တိုင်းရဲ့အလုပ်စားပွဲပေါ်မှာ ကြယ့်ကိုကျာရှင်းဖို့ စာချုပ်အသင့်။

တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ကြယ်ဘက်ကလည်း ကြိုတင်တွေးထားပြီးသားမို့ တိုင်းနဲ့လမ်းခွဲရင် ခံစားနိုင်အောင် အခုတည်းက ကြိုတင်မှုလေးတွေနှင့် ခံနိုင်ရည်ရှိအောင် ကြိုးစားနေပါလျက်နှင့်....။

ကြယ့်အပေါ်မှာ ရက်စက်လှချည်လား တိုင်းရယ်။

ဒါပေမယ့် ကြယ်ကို တိုင်းမနာကျင်နိုင်၊ မမုန်းနိုင်အောင်ကိုပဲ တိုင်းကိုချစ်တယ်။ မြတ်နိုးတယ်။ တိုင်းမှာ ချစ်ရပေမယ့်သူ ရှိမှန်းသိနေရက်နဲ့ တိုင်းကိုမှ မမုန်းနိုင်တာ ကြယ့်အတွက် ဝဋ်ကြွေးတစ်ခုပဲ။

တိုင်းကို ကြယ် ချစ်တယ် ... တိုင်းရယ်။

www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ပေါ် ပြိုဆင်းလာသည့် မျက်ရည်တွေကို ဖယ်ရှားခြင်းမပြုဘဲ ကြွယ်ကျိတ်၍ ငိုချလိုက်သည်။ ကိုညီလေး ပြောပြ၍ တိုင်းရဲ့ချစ်သူ မေ ပြန်လာတော့မယ်ဆိုတာ ကြွယ်သိခဲ့ရပြီးပါပြီ။ ကိုညီလေးကတော့ စေတနာနဲ့ ကြွယ့်နားက တိုင်းကို ခွဲမသွားနိုင်အောင် စည်းရုံးထားပေးပါဆိုပေမယ့် လူတစ်ယောက် စိတ်ခံစားချက်ကို ကြွယ်ပိုင်တာမဟုတ်။

အခုပဲ ဘာမှမဟုတ်တဲ့ ကိစ္စကို အကြောင်းပြုပြီး ကြွယ့်ကို အပြစ်ရှာ လမ်းခွဲဖို့ ကြိုးစားနေပြီ။ ကြွယ်သိပေမယ့် ဘာမှ မတတ်နိုင်။ မျက်ရည်ကိုပဲ အဖော်ပြုရသည့်ဘဝနှင့် ငိုနေချိန်။ မုန်တိုင်းကိုယ်တိုင်လည်း ကြွယ့်အပေါ်မှာ မနာလိုဝန်လိုစိတ်တွေနှင့် ပြောမိပြောရာပြောပြီးမှ အပေါ်ထပ် လှေကားထောင့်ချိုးအကွယ်ကနေ ကြွယ်မသိအောင် တိတ်တိတ်လေး ကြွယ့်ကို ပြန်အကြည့်မှာငိုနေသည့် ကြွယ်ကြောင့် မုန်တိုင်းရင်ထဲ ဆွတ်ကျင်စွာခံစားလိုက်ရသည်။

ဖြစ်နိုင်လျှင် ကြွယ့်ကိုယ်လေးကို သူရင်ခွင်ထဲမှာ တင်းကျပ်စွာ ထွေးဖက်၍ ချုပ်တည်းမြိုသိပ်ထားခဲ့ရသမျှ ချစ်မေတ္တာတွေကို အတိုးနှင့်အညှိုးတကြီး သွန်ချပစ်ချင်သည်။

ကြွယ်ကို ချစ်နေမိပြီဆိုတာ သိလိုက်ရတဲ့အချိန်တည်းက



မုန်တိုင်းရင်ထဲမှာ တစ်ခါမှ မခံစားဖူးသည့် ခံစားချက်တစ်မျိုးဖြင့် ရင်တွေ တသိမ့်သိမ့်လှိုက်ဖိုကြည်နူးခဲ့ရသည်၊ ထိုခံစားချက်မျိုး မေနှင့်တုန်းကလည်း မရှိဘူး။ မေ့ကိုချစ်သည်ဟု သူ ထင်ခဲ့ပေမယ့် ထိုအချစ်က ကြွယ့်ကို ချစ်မိသည့် အချစ်မျိုးမဟုတ်သဖြင့် ခံစားချက်မတူ။

တစ်ချိန်လုံး ကြွယ့်အနားက ထွက်သွားဖို့ အမြဲကြွေးကြော်စည်းစားနေသူ၏ နှလုံးသားထဲ ကြွယ်က ဘယ်အချိန်တည်းက ရောက်နေမှန်းမသိ။ သူ သိလိုက်ရချိန်မှာ ကြွယ်က မုန်တိုင်းဘဝကိုရော၊ မုန်တိုင်းနှလုံးသားကိုပါ ရယူပိုင်ဆိုင်ထားသည်။ သက်ပြင်းကျိတ်ချရင်း ကြွယ့်ကို ရင်နာနာနှင့် ကျောခိုင်းလိုက်သည်။

"တူ ...တူ ...တူ"

မုန်တိုင်း အခန်းထဲအရောက်မှာ ဖုန်းက အသံမြည်လာသည်။

"ဟဲလို"

"တိုင်းလား ... မေပါ"

"မေ"

မုန်းတိုင်းကိုယ်ကြီး ဆတ်ခနဲ တွန့်သွားကာ လက်ထဲက ဖုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ တိုင်းရဲ၊ မေဆိုတာနဲ့ စကားတောင် မပြော နိုင်လောက်အောင် အံ့သြသွားပြီလား"

"မဟုတ်ပါဘူး၊ မေ ဘယ်တုန်းက ရောက်လဲ"

"အခုပဲလေ၊ တိုင်းသတင်းတွေ မေ ကြားပြီးပါပြီ၊ သုံး နှစ်မပြည့်ပေမယ့် တိုင်းက ကြိုးစားနိုင်သားပဲ၊ မေ့ဆီကို တိုင်းလာ မလား၊ ဒါမှမဟုတ် မေကပဲ တိုင်းဆီလာရမလား"

"ကိုယ်ပဲ မေ့ဆီကို လာခဲ့ပါ့မယ်၊ နေရာကိုပြောပါ"

မေက မုန်တိုင်း လာရမည့်နေရာကို ပြောပြီး ဖုန်းချသွား သည်။ သုံးနှစ်မပြည့်ခင် မေပြန်ရောက်လာသလို မုန်တိုင်းကလည်း အောင်မြင်သော ဘဝကို ပိုင်ဆိုင်ရယူနိုင်ခဲ့သည်။ မေ့ဘက်က အပြောင်းအလဲကို မသိပေမယ့် မုန်တိုင်းမှာတော့ ကြွယ်ရှိနေခဲ့ပြီ။ လွတ်လပ်သူ မဟုတ်။ မုန်တိုင်းဆိုတာ အိမ်ထောင်လက်ရှိနှင့်။ ဒါကိုရော မေ သိပြီးလောက်ပြီ ထင်သည်။

မေ ချိန်းသည့်နေရာသို့ ကားကို ကိုယ်တိုင်မောင်းပြီး ထွက်လာခဲ့သည်။

"တိုင်း"

"မေ"

မုန်တိုင်းနှင့် မှုန်မြွတ်မေ တစ်ယောက်မျက်နှာကို တစ်



ယောက် ရှုးစိုက်ကြည့်လိုက်မိသည်။ မေ့ပုံစံက ဟိုတုန်းက ပုံစံ မဟုတ်တော့။ အပြင်အဆင်တွေအားလုံး ပြောင်းလဲသွားသည်။

"တိုင်း အရင်ကနဲ့ မတူတော့ဘူး၊ အနေမြဲပြောင်းလဲသွား ပြီပဲ"

"မေလည်း အတူတူပါပဲ"

"ဟုတ်လား ..အဟင်း ..ဟင်း"

လှပစွာ မေက ရယ်သည်။

"ဒီကို အပြီးပြန်လာတာလား မေ"

"နိုး ... တိုင်းကို လက်ထပ်ပြီး ပြန်သွားမလို့"

လှပသည့် မေ့မျက်နှာက ခပ်ပြုံးပြုံး။ မုန်တိုင်းမျက်နှာကို ရှုးစိုက်ကြည့်နေသည့် အကြည့်တွေက ခပ်ရဲရဲ။

"ဘယ်လိုလဲ ... တိုင်း၊ မေ့ကို လက်ထပ်မှာလား"

"ကိုယ် လက်ထပ်လိုက်ပြီ"

"အဲဒါ တိုင်းအဖြေလား"

"မေက ဘယ်လိုဖြစ်စေချင်လို့လဲ"

"တိုင်း သူ့ကို မချစ်ဘူး၊ ဒါပေမယ့် လက်ထပ်လိုက် တယ်၊ အဲဒါ ဘာအတွက်လဲဆိုတာ မေသိတယ်၊ တိုင်းချစ်တာ မေ့ကိုပဲ ဟုတ်တယ်မဟုတ်လား၊ အခုမေ ပြန်လာပြီလေ၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာ အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်တဲ့ အရည်အချင်းအားလုံး ရှိနေပြီပဲ"

"တိုင်း သူ့ကို ကွာရှင်းလိုက်ပါ"

သွေးအေးစွာ အိမ်ထောင်တစ်ခုကို အလွယ်တကူဖြိုခွဲခိုင်းနေသော မေ့မျက်နှာကို မှန်တိုင်း ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်သည်။ မေက မှန်တိုင်းအကြည့်တွေကို ဂရုမစိုက်။ မှန်တိုင်းကို ခပ်တည်တည်ပြန်ကြည့်နေပုံက မထီတရီ။

"မေ ပြောတာ ကြားတယ်နော် တိုင်း၊ ကွာရှင်းပြီးရင် မေတို့ လက်ထပ်မယ်၊ ဘဝမှာ ပျော်စရာအကောင်းဆုံး မိသားစု ဘဝလေးကို မေနဲ့တိုင်း အတူတည်ဆောက်ကြတာပေါ့"

မှူးမြတ်မေဆိုသည့် မေ့ပုံစံက အခုချိန်ထိ ဘာတစ်ခုမှ မပြောင်းလဲသေးပါလား။ မှန်တိုင်းအပေါ်မှာ စိုးမိုးအနိုင်ယူချင်စိတ်၊ အမိန့်ပေးချင်စိတ်။ ပြီးတော့ အိပ်ပြီး တစ်ကိုယ်ကောင်းဆန်လွန်းတဲ့ အတ္တစိတ်တွေနှင့် မှန်တိုင်းရဲ့ဘဝကို သူ့မလက်ခုပ်ထဲက ရေလို သွန်ချင်သလို သွန်၊ မှောက်ချင်သလိုမှောက်ဖို့ ကြိုးစားနေဆဲ…။

မေ ချစ်တာ မှန်တိုင်းကို မဟုတ်။ မှန်တိုင်းနောက်က အောင်မြင်မှုတွေ၊ ငွေကြေးချမ်းသာ ကြွယ်ဝမှု၊ မှူးမြတ်မေလိုချင်တာ ဒါပဲဆိုတာ ဟိုတုန်းကတည်းက သိရှိနားလည်ခဲ့ပေမယ့် မေ့



ကို စွဲလန်းစိတ်နှင့် မေ အတ္တကြီးမှန်းသိသိနှင့် မမုန်းနိုင်ခဲ့။

အခုတော့ မေ့အတ္တကို မှန်တိုင်းမြင်နေရပြီ။ မှူးမြတ်မေ ပြောသလို ကြယ့်လို ဘာတစ်ခုမှ အပြစ်မရှိ ရိုးသားဖြူစင်သော မိန်းကလေးကို အလွယ်တကူ လမ်းခွဲပြီး ရက်ရက်စက်စက် ထားခဲ့မည့်သူမှာ မှန်တိုင်းမပါ။

ကြယ့်အချစ်က စင်ကြယ်မြင့်မြတ်သည့် အနှစ်နာခံ စွန့်လွှတ်၍ မေးဆပ်သူအဖြစ် မှန်တိုင်းဆီက ဘာတစ်ခုမှ မမျှော်လင့်ခဲ့။ အားလုံး မှန်တိုင်း သဘောကျ ခေါင်းအမြဲညိတ်ခဲ့တာသလို မှန်တိုင်းရဲ့ ဆင်းရဲတွင်းထဲက ဆွဲထုတ်ပြီး မှန်တိုင်းဘဝကို မြှင့်တင်ပေးခဲ့သည်။

"တိုင်းပြန်တော့မယ်"

"ဘာဖြစ်လို့လဲ တိုင်း၊ မေ ပြောတာ မဖြစ်နိုင်လို့လား"

"ဟုတ်တယ်"

"ဟင်"

မှူးမြတ်မေက တိုင်း မျက်နှာကို တအံ့တသြကြည့်သည်။ ဟိုတုန်းက မေ့ကို ချစ်သည့်စိတ်နှင့် အရာအားလုံးကို သည်းခံခွင့်လွှတ်နိုင်ခဲ့ပေမယ့် အခုချိန်မှာတော့ မှန်တိုင်းအနားမှာ မောင်တစ်ထမ်း မယ်တစ်ရွယ်၊ လောကကြီးကို ရဲဝံ့စွာ ရင်ဆိုင်လက်တွဲသွား

www.burmeseclassic.com

www.burmeseclassic.com



မယ့် ကြယ်ကအသင့်ရှိနေခဲ့ပြီ။

မုန့်တိုင်းတကယ်လိုချင်တာက မေ့လိုအတွ်ကြီးကြီး မိန်းမချိုးမဟုတ်မှန်း အခုတော့ ပိုသေချာသွားသည်။

"တိုင်း မိန်းမကို တိုင်း မချစ်ဘဲ ငွေအတွကက် လက်ထပ်ခဲ့တာဆို"

"မင်းကို ဘယ်သူပြောတာလဲ မှူးမြတ်မေ"

"ဒီလိုပဲ သိတာပေါ့"

မုန့်တိုင်းရင်ထဲ ခံပြင်းဒေါသစိတ်က ထောင်းခနဲ၊ မှူးမြတ်မေမျက်နှာကို စူးရှရှစွာ စိုက်ကြည့်ပစ်လိုက်သည်။

"ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ထား မှူးမြတ်မေ၊ ကိုယ်တကယ်မချစ်တဲ့ မိန်းမကို ငွေအတွက် လက်ထပ်ပြီး မိန်းမသဘောနား ခိုစားရလောက်အောင် အောက်တန်းမကျဘူး"

ဒေါသကြောင့် မုန့်တိုင်းအသံက တုန်နေသည်။ သူမျက်စိရှေ့က မိန်းမမှာ မှူးမြတ်မေဖြစ်နေ၍ ဘာမှမလုပ်မိပေမယ့် မေ့နေရာမှာ တခြားတစ်ယောက်ဒီလိုပုံစံမျိုး လာချိုးလို့ကတော့ ဖြစ်ချင်ရာဖြစ် ဘာကိုမှ ဂရုစိုက်မှာမဟုတ်။

"တိုင်းက အရမ်းပြောင်းလဲသွားတယ်၊ အေးလေ ... မုန့်တိုင်းက အရင်က မုန့်တိုင်းမှ မဟုတ်တော့တာပဲ"



"ဘာလဲ နာမည်ကြီး ဒီဇိုင်နာ သူဌေးမင်းဖြစ်သွားလို့ မေ့ကို မတူမတန်ဘူး ထင်လို့လား"

"မင်းစိတ်ကို မင်းပြန်မေးကြည့် မှူးမြတ်မေ၊ ကိုယ်သာ အခုအချိန်မှာ အောင်မြင်ကျော်ကြားတဲ့ ဒီဇိုင်နာတစ်ယောက်အဖြစ် မင်း လိုချင်တာတွေအားလုံး ပြီးပြည့်စုံတဲ့လူတစ်ယောက် မဟုတ်ရင် ကိုယ့်ကို ဒါမှမဟုတ် အရင်ဘဝနဲ့ မုန့်တိုင်းကို အခုလိုပုံစံမျိုး အလွယ်တကူ လက်ထပ်ချင်ပါ့မလား"

"အဲဒါတွေက ပြီးခဲ့ပြီပဲ တိုင်း"

"မင်းအတွက်တော့ ဟုတ်မှာပေါ့၊ ကိုယ့်ဘဝထဲကို မင်းဝင်လာရဲရင် ဝင်လာပါ၊ ဒါပေမယ့် မင်း ထင်သလို ကိုယ့်ဘက်က ဘာတစ်ခုမှ အဆင်သင့်မဖြစ်သေးဘူး၊ အခုမှ ကြိုးစားရုန်းကန်နေတုန်းပဲ၊ အခု မေ မြင်တွေနေရတာတွေက ကိုယ်ပိုင်တာမဟုတ်ဘူး၊ အားလုံး ကိုယ့်မိန်းမပိုင်တာတွေ ချည်းပဲ"

"ဘယ်လိုလဲ မေ ၊ ကိုယ့်ကို အရင်လိုပုံစံနဲ့ တကယ်ပဲ လက်ထပ်ရဲပါ့မလား"

"တိုင်း ... တကယ်ပြောနေတာလား"

"ကိုယ် မညာတတ်တာ မေ သိပါတယ်"

"မေ့ကို မေမေတို့ပြောတုန်းက တိုင်းပြောသလို မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

"အခု ကိုယ်တိုင်ပြောနေပြီလေ၊ ကိုယ့်ကို မေ တကယ်ပဲ လက်ထပ်ရဲလား"

မှုံးမြတ်မေ မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး မုန်တိုင်းကိုယ်တိုင် တစ်ခွန်းချင်း အေးစက်စွာ မေးလိုက်တော့ မေ့မျက်နှာသိသာစွာ ပျက်သွားပြီး မုန်တိုင်းမေးတာ ဘာတစ်ခုမှ မဖြေနိုင်။

"မေ့ကို ကိုယ် နှုတ်ဆက်ပါတယ်၊ ကိုယ်သွားမယ်"

မေ့ထံမှ တားမြစ်ကားသံ တစ်ခုမှ ထွက်မလာတာကို မုန်တိုင်း သဘောကျစွာ ပြုံးလိုက်သည်။ မှုံးမြတ်မေဆိုတဲ့ မေ လိုချင်တာက မုန်တိုင်းကိုမှ မဟုတ်ဘဲ။

မေ လိုချင်တာက အောင်မြင်ကျော်ကြားမှု၊ ငွေကြေးချမ်းသာမှု၊ ဂုဏ်ပကာသနတွေ။ မုန်တိုင်းဆိုသည့် လူသားကို မဟုတ်။ လာရာလမ်းအတိုင်း ကားကို မောင်းထွက်အလာ ...

"ဟင်"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မုန်တိုင်းရင်ထဲ ပူလောင်သွားရသည်။ ကြယ်နှင့် စွမ်းပြည့်နှစ်ယောက်အတူ ရယ်ရယ်မောမော ကားပေါ်အတူတက်သွားသည်။ နှစ်ယောက်စလုံး မုန်တိုင်းကိုမမြင်ကြ။ ပြုံးရယ်နေသည့် မျက်နှာလေးကြောင့် ကြယ်ပျော်နေတာ



သေချာသည်။

မုန်တိုင်းဆိုသည့် သူ့အပေါ် ကြယ်အ လို မချစ်တော့ဘူးလား။ စွမ်းပြည့်ကို အချိန်မရွေး ကြယ့်အနားမှ တွေ့နေရတာကို မုန်တိုင်းကြည့် မရ။ ကြယ်ကို သူ့ဘက်ပါအော င် အခုချိန်ကျမှ စည်းရုံးသိမ်းသွင်းချင်ပေမယ့် မုန်တိုင်းကိုယ့်လ ပြာကိုယ် မလုံ။ တစ်ချိန်လုံး ကြယ့်အချစ်ကို အသိအမှတ်မပြုဘဲ သင်မြင်သေးစွာ လှောင်ပြောင်ရယ်မောခဲ့သမျှ အခုမှ ဒုက္ခလှလှ နေရသည်။

ကြယ်ကို မုန်တိုင်း ကိုယ်တိုင်မြတ်မြ နိုး ချစ်မိနေပြီဆိုရင်ရော ကြယ်က မုန်တိုင်းအချစ်ကို ကြယ်လ ခံချင်ပါ့မလား မသိ။ တစ်ချိန်လုံး ကြယ့်အပေါ် တင်းမာခ ာန်ခြင်းတွေနှင့် ဘာတစ်ခုမှ ကြင်နာမှု မပေးခဲ့တာ အခုမှ နေ ဟတွေ ရနေမိသည်။

ကြယ်ကို သူချစ်သည်။

ကြယ်ကိုယ်တိုင်ကလည်း မုန်တိုင်းအ ျစ်ကို ယုံကြည်လက်ခံမှုတွေနှင့် မြတ်နိုးစွာ တုံ့ပြန်စေချင်သ ခက်သည်က မုန်တိုင်းတို့နှစ်ယောက်ကြားမှာ ငွေတံတိုင်းကြီးက ခြားထားသည်။ ထိုမာနစိတ်ကြောင့်ပဲ ကြယ့်ကို ချစ်မြတ်နိုးလျက်နှင့် မုန်တိုင်းဘက်က တင်းမာချင်ဟန်ဆောင်ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ် ကွယ်ရာမှာတော့ ကြယ်မသိအောင် တစ်ချိန်လုံး လိုက်ကြည့်နေတတ်သည်။ မုန့်တိုင်းအဖြစ်ကို ကြယ်ကိုယ်တိုင်ပင် မရိပ်မိ။ ရိပ်မိအောင်လည်း မုန့်တိုင်းကိုယ်တိုင်က မနေခဲ့။ ကိတ်တခိုး အချစ်တွေကြောင့် မုန့်တိုင်း ရင်ပွင့်မတတ် ခံစားနေရသည့်အချိန် ကြမှ စွမ်းပြည့်က ကြယ့်အနားကို ဘွားခနဲရောက်လာသည်။

ဒီလိုနည်းနဲ့ ကြယ်ကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာတွေးပြီး မုန့်တိုင်း ကြောက်လာသည်။ သူ့အချစ်တွေကို ကြယ်သိအောင် ရင်ဖွင့်မှဖြစ်မည်။ ဒီလိုမှမဟုတ်လျှင် ကြယ်ကို သူ ဆုံးရှုံးရတော့မည်ဟု စိတ်က အလိုလိုသိနေသည်။

ကြယ်တို့ကားလေး ခြံထဲရှိုးကွေ့ဝင်သွား၍ သူမတို့ကား နောက်မှာ မုန့်တိုင်းကား လိုက်ခဲ့သည်။

"ကျွီး"

"ကျွီး"

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပေါ်တီကိုအောက်မှာ ရပ်သွားသည်။

"တိုင်း"

"ကိုယ်ပြန်မယ် ကြယ်၊ ကိုမုန့်တိုင်း ကျွန်တော်ပြန်လိုက်ပါဦးမယ်"



"ကောင်းပြီ"

စွမ်းပြည့်က မုန့်တိုင်းနှင့်ကြယ်ကို နှုတ်ဆက်ပြီး ထွက်သွားသည်နှင့် ကြယ်ရှေ့မျက်နှာချင်းဆိုင်မှာ မုန့်တိုင် ရပ်လိုက်သည်။

"သိပ်ပျော်နေတယ်ပေါ့ ဟုတ်လား"

"ရှင်"

"စွမ်းပြည့်ဆိုတဲ့ မင်းရဲ့အချစ်ဆုံးနဲ့လေ"

မုန့်တိုင်းထံမှ တင်းမာခက်ထန်သော စကားကြောင့် ကြယ် မျက်နှာလှလှလေးဆီက အပြုံးရိပ်လေး ဖျတ်ခနဲ ပျောက်ကွယ်သွားကာ မုန့်တိုင်းမျက်နှာကို မော့ကြည့်သည်။

"ကြယ်တို့က ရိုးသားဖြူစင်တဲ့သူတွေပါ တိုင်း"

"သြော်... မင်းတို့က ရိုးသားဖြူစင်တယ်ဆိုတော့ ကိုယ်ကတော့ မရိုးသား၊ မဖြူစင်ဘူးပေါ့ ဟုတ်လား"

"ဒါကတော့ တိုင်းကိုယ်တိုင် တိုင်း အသိဆုံးဖြစ်မှာပါ"

"ဘာ... မင်း ကိုယ့်ကို ဘာပြောလိုက်တယ်"

"မှူးမြတ်မေ ပြန်ရောက်လာပြီဆိုတာ ကြယ် မသိဘူးထင်လို့လား"

"ဟင်"

အံ့သြသွားသည့် မုန့်တိုင်းမျက်နှာကို ကြည့်ပြီး ကြယ်

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းကြေကွဲစွာ ပြုံးလိုက်သည်။ ကိုယ့်အလှည့်ကြတော့ သိတတ်လှချည်လား တိုင်းရယ်။

"မင်း ဘာပြောလိုက်တယ်"

"မှုံးမြတ်မေဆိုတဲ့ တိုင်းချစ်သူကို ပြောတာလေ"

"ကြယ်စင်သုတ"

"ပြောပါ တိုင်း"

"မင်းကွယ်ရာမှာ ကိုယ်က တခြားမိန်းမနဲ့ ဖောက်ပြန်နေတယ်လို့ ဆိုလိုချင်တာလား"

"ကြယ် မသိဘူး"

"မင်းသိလို့ပဲ မေ့နာမည်ကို ပြောနေပြီပဲ၊ ပြောစမ်း မင်းကိုယ့်ကို ဘာကောင်ထင်နေလဲ"

ကြယ်က မုန်တိုင်းကို ဘာတစ်ခွန်းမှမပြော။ မုန်တိုင်းမျက်နှာကိုသာ တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို ငေးကြည့်နေသည်။ ပြီးမှ အင်မတန် တိုးတိတ်သောလေသံဖြင့်…

"တိုင်းတို့နှစ်ယောက်ကို ကြယ်ကိုယ်တိုင် မစ္စတာဂစ်တာဆိုင်မှာ တွေ့ခဲ့ပြီးသားပါ တိုင်း"

"ကြယ်"



"ကြယ့်ကို ဘာမှရှင်းပြစရာမလိုပါဘူး တိုင်း၊ အစထဲက တိုင်းမှာ ချစ်သူရှိနေတာ ကြယ် မသိခဲ့လို့ပါ၊ အခု တိုင်းချစ်သူ ပြန်လာပြီပဲ ကြယ်ကို ကွာရှင်းခွင့်ပေးပါ"

"ဟင်"

ကြယ့်မျက်နှာလှလှလေးကို အံ့ဩတုန်လှုပ်ခြင်းများစွာဖြင့် မုန်တိုင်း စိုက်ကြည့်လျက် ဆွံ့အသွား၏။ ဒီတစ်ခါတော့ ကြယ်ကိုယ်တိုင်က မုန်တိုင်းအပေါ်မှာ သိပ်ကို ရဲရင့်ပြတ်သားမှုတွေနဲ့ပါလား။

ဒါ ဘာကြောင့်လဲ။

မုန်တိုင်းချစ်သူ မှုံးမြတ်မေကြောင့် ကြယ့်ဘက်က ဒီလောက် ရဲရင့်ပြတ်သားနေတာဆိုရင် ကြယ့်နားမှာ ရှိနေတဲ့ စွမ်းပြည့်ဆိုတဲ့လူကြောင့် ကြယ့်မှာ သတ္တိတွေ ပိုရှိလာခြင်းဟု မုန်တိုင်း ထင်သည်။

"မင်းကို လုံးဝကွာရှင်းခွင့်မပြုနိုင်ဘူး ကြယ်၊ မင်းကို စလက်ထပ်ထဲက သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာ၊ မင်းကို ကိုယ်ချစ်တယ် ကြယ်"

"ရှင်"

"မင်းကို ကိုယ် သိပ်ချစ်နေပြီလို့ ပြောတာ ကြယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ကစပြီး မင်းနားမှာ ကိုယ်ကလွဲပြီး တခြားဘယ်သူ့ကိုမှ လည်း မမြင်ချင်ဘူး၊ အထူးသဖြင့် စွမ်းပြည့်ဆိုတဲ့လူ"

"ကြယ်တို့က သူငယ်ချင်း"

"ကြယ်"

"အိုး"

ကြယ့်တစ်ကိုယ်လုံး တိုင်းရင်ခွင်ထဲ နွေးခနဲရောက်သွားသည်။

"သိပ်ချစ်တယ် ကြယ်ရယ်၊ မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး၊ ကိုယ့်နားမှာ ကြယ် မရှိလို့မဖြစ်ဘူး"

"တိုင်း…အို"

ကြယ်ထံမှ စကားသံလေးတွေ ပျောက်ဆုံးသွားသလို ချစ်အနမ်းတွေ အငြိုးဖွဲ့သွန်ချလာသူရဲ့ ရင်ခွင်ထဲ ကြယ်တစ်ကိုယ်လုံး မွန်းကြပ်လှိုက်ဖိုစွာ တိုင်းရင်ခွင်ထဲ ကြယ်တစ်ကိုယ်လုံး နစ်မြုပ်သွားသည်။

"ကိုယ့်ကိုချစ်ရဲ့လားဟင်"

"ဟင့်အင်း…ဟင့်အင်း"

"ကြယ့်ကိုလွှတ်ပါ"

"မလွှတ်ဘူး၊ ကိုယ့်ကိုချစ်တယ်လို့ပြောမှ"



"ပြော…ကိုယ့်ကိုချစ်တယ်လို့"

မုန်တိုင်းက ဖွတ်တရွတ်။ အကြင်နာအနမ်းတွေက သိပ်သိပ်သည်းသည်း။ အခုချိန်ကြမှ ကြယ့်ကို ချစ်စကားတွင်တွင်ဆိုပြီး ချစ်အဖြေတောင်းနေသည်။ ကြယ် မျှော်လင့်စောင့်စားခဲ့သည့် အချိန်တုန်းကတော့ ကြယ့်အချစ်၊ ကြယ့်မေတ္တာတွေကို တစ်ချိန်လုံး ရက်စက်စွာ ဥပေက္ခာပြု အထင်အမြင်သေးရက်ခဲ့တာကြောင့် ကြယ့်နှလုံးသားတွေက နာကျင်ကြေကွဲခဲ့သည့်အဖြစ်လေ။

"ကြယ်"

"ကြယ့်ကိုခွင့်လွှတ်ပါ တိုင်း၊ တိုင်းကို ကြယ် မချစ်ဘူး"

"လုံးဝမချစ်ဘူး"

"ဟင်"

"ကြယ် သွားပါရစေ"

အံ့သြနေသူနားက မျက်ရည်တွေနှင့် ကြယ် တအားပြေးထွက်လာခဲ့သည်။ မုန်တိုင်းက လုံးဝထင်မှတ်မထားသည့် ကြယ့်ထံမှ တုံ့ပြန်မှုအောက်မှာ ကျောက်ရုပ်တစ်ရုပ်လို တွေဝေငြိမ်သက်လျက်နေရာမှာ ရပ်ကျန်ခဲ့သည်။ ရင်တစ်ခုလုံး ဟာသွားသည်။ လောကကြီးတစ်ခုလုံး အကျည်းတန်အရုပ်ဆိုးသွားသည်။ အဖြစ်က ကြယ့်ထံမှ အချစ်ကို မုန်တိုင်း မရနိုင်တော့ဘူးဆိုတာ ရင်နာစွာ သိလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ရှုပါ။

မုန့်တိုင်းဘဝမှာ တစ်ကြိမ်တစ်ခါမှ မခံစားဘူးသော ခံစားချက်က ကြယ့်ကိုချစ်မိမှ။ ကြယ်က မုန်တိုင်းအချစ်ကို စိမ်းကားရက်စက်စွာ ဥပေက္ခာပြုသွားမှ၊ ကိုယ်တိုင်နှလုံးသားနှင့်ရင်းပြီး သိလာခဲ့ရသည့် ခံစားချက်။

ကြယ့်အချစ်၊ ကြယ့်မေတ္တာကို မုန်တိုင်း စိတ်ထင်တိုင်း အထင်အမြင်သေးစွာ လှောင်ပြောင်သရော် စော်ကားခဲ့တုန်းကရော။ ကြယ့်ရင်ထဲ၊ ကြယ့်နှလုံးသားမှာ ဘယ်လောက်များ နာကျင်ကြေကွဲမှုတွေ တနင့်တပိုး ရှိနေရှာမှာပါလိမ့်။

ကိုယ်ချစ်ရသူထံက အချစ်ကို မရတဲ့အပြင် ရက်စက်စိမ်းကားခြင်းဒဏ်ကိုပါ စုပေါင်းခံစားခဲ့ရတဲ့ ကြယ့်ထံမှ ချစ်တတ်သော နှလုံးသားကို အခုချိန်ကြမှ မုန်တိုင်း ကိုယ်တွေ့ခံစားလိုက်ရသည့် ခံစားချက်တွေနဲ့ ကိုယ်ချင်းစာနာနိုင်ခဲ့ပါပြီ။

အားလုံးဟာ ကိုယ့်အပြစ်တွေချည်းပါပဲ ကြယ်ရယ်။

ကိုယ်ဟာ လူဆိုးပါ။

ကြယ်ကို သိပ်ချစ်နေမိပြီလို့ ကိုယ့်ကိုယ်ကို သိလာခဲ့တဲ့ အချိန်မှာတောင် ကိုယ့်ရဲ့အတ္တ၊ ကိုယ့်ရဲ့မာနတွေကို လုံးဝအလျှော့မပေးဘဲ တစ်ကိုယ်ကောင်းဆန်ဆန် ကြယ့်အပေါ်မှာ သိပ်ကိုအတ္တ



ကြီးခဲ့မိတဲ့သူပါ အချစ်ရယ်။

အချိန်တွေလွန်မှ ကိုယ့်ရင်ထဲက ချစ်မေတ္တာကို အငြိုးနဲ့ သွန်ချလို့အပိုပဲဆိုတာ ကိုယ်နားလည်ပါပြီ။

ကြယ် စိတ်ချမ်းသာသလိုနေပါ။

ကိုယ့်ကိုမချစ်တဲ့ ကြယ်ကို ကိုယ် ဘယ်တော့မှ အပြစ်တင်မှာမဟုတ်ပါဘူး။ အဲဒီလိုပဲ ကိုယ်ချစ်မြတ်နိုးတဲ့ ကြယ်ကို ဒီတစ်သက် ဘယ်တော့မှ ကွာရှင်းခွင့်ပေးမှာ မဟုတ်ဘူးဆိုတာ ကြယ်သိရင်···။

ကားကို ခြေဦးတည့်ရာ လျှောက်မောင်းနေမိ၏။ ကြယ့်အပေါ်မှာ တစ်ချိန်လုံး မာနကြီးတာ ပြန်အမှတ်ရတိုင်း ကိုယ့်ကိုယ်ကိုသာ နာကြည်းမိသည်။

ကြယ့်အိမ်ကို မုန်တိုင်း လုံးဝမပြန်တော့၊ သူ့အလုပ်လုပ်သည့်နေရာမှာပဲ နေသည်။ စားသည်။ မုန်တိုင်း အချိန်တွေအားလုံး အလုပ်ထဲမှာ အာရုံနှစ်မြှုပ်ပစ်လိုက်သည်။

"မင်းတို့က ဘယ်လိုဖြစ်ကြတာလဲ မုန်တိုင်း"

"ဘာဖြစ်လို့လဲ"

"ဒီမှာ မင်းကို ကြယ်က ဒါပေးခိုင်းလိုက်လို့"

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ညီလေး ကမ်းပေးလာသည့် အရာကို ယူကြည့်လိုက်တော့ ကွာရှင်းစာချုပ်။ ထိုထက်ပို၍ တိကျအောင်ပြောရလျှင် ထိုစာချုပ်က မုန့်တိုင်းစားပွဲပေါ်မှာ အမြဲရှိနေခဲ့သည့် ကွာရှင်းစာချုပ်ဖြစ်ကြောင်း မုန့်တိုင်း ချက်ချင်းမှတ်မိလိုက်၏။

ဒါတွေကြောင့်ပဲ ကြယ့်ရင်ထဲက မုန့်တိုင်းအပေါ် ထားရှိသည့် ချစ်မေတ္တာတွေကို ခမ်းခြောက်ပျက်သုန်းဖို့ ဖြစ်လာခဲ့တာလား။ လက်ထဲကစာချုပ်ကို နာကြည်းစွာ အစိတ်စိတ်အမွှာမွှာ ဆွဲဆုတ်ပစ်လိုက်သည်။

"ကြယ်ကို ငါချစ်တယ် ညီလေး"

"ဟား...ကြားရတာ မင်္ဂလာရှိလိုက်တာကွာ"

"မင်း...ကြယ့်ကို ရင်ဖွင့်ပြောလိုက်တော့လေကွာ"

ညီလေးက ဝမ်းသာအားရ တိုက်တွန်းစကားဆိုချိန်မှာ မုန့်တိုင်းနှုတ်ခမ်း တွန့်သည်ဆိုရုံ ပြုံးဖြစ်သွားသည်။

"သူက ငါ့ကိုမချစ်ဘူး၊ လုံးဝမချစ်ဘူးတဲ့"

"ဟာ"

"မင်း ကြယ့်ကို ဖွင့်ပြောပြီးပြီပေါ့"

"အင်း"

"ဒါ...ဒါဆို ဒီကွာရှင်းစာချုပ်က"



"ငါ့ကိုကွာရှင်းပြီး စွမ်းပြည့်နဲ့ လက်ထပ်မလို့နေမှာပေါ့"

"ဟာကွာ...အားလုံး ကောင်းပြီကောင်းရက်နဲ့ အခုကြမှ ဒီလိုတွေဖြစ်ရတယ်ဆိုတော့ တကယ်တော့ ကြယ်က မင်းကို သိပ်ကိုချစ်ခဲ့တာပါ မုန့်တိုင်းရာ"

"အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ခဲ့တာ ဒါမျိုးထင်တယ်၊ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာရတဲ့ အဓိက တရားခံက မင်းပဲ မုန့်တိုင်း"

"ကြယ် အခုလိုဖြစ်ရတာ မင်းတရားခံ၊ ဒီကြားထဲ မင်းက မှုံးမြတ်မေကို သွားတွေ့သေးတယ်ဆို"

"မှုံးမြတ်မေကိစ္စက ပြီးခဲ့ပါပြီကွာ၊ ဟိုတုန်းက မှန်နေလို့ မင်းတို့ဘာပြောပြော[illegible]းမဝင်ခဲ့ဘူး၊ အခု သူလိုချင်တာ ဘာလဲဆိုတာ ငါကိုယ်တိုင်[illegible]ပြီ၊ သူ့ကိစ္စကိုလည်း ငါ စိတ်မဝင်စားတော့ပါဘူး"

"အခု ငါ့အတွေး ငါ့အာရုံမှာ စိုးမိုးနေတဲ့သူက ကြယ်ပဲ"

"ကြယ်ကို ငါချစ်တယ် ညီလေး၊ ကြယ်နဲ့ခွဲပြီး ငါမနေနိုင်ဘူး၊ ငါ့ဘဝမှာ ကြယ်ရှိမှဖြစ်မယ်"

"မင်းကွာ အစထဲက ကြယ့်အချစ်ကိုသာ အသိအမှတ်ပြုခဲ့ရင် အခုချိန်ဆို ဘယ်လောက်ပျော်နေရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ အတ္တကြီးခဲ့တာ၊ တစ်ကိုယ်ကောင်းဆန်ခဲ့တာ ဝန်ခံတယ် ညီလေး၊ ပြီးတော့ အခုမှ ကြယ် ငါ့ကို ဘယ်လောက်ချစ်ခဲ့၊ အနစ်နာခံခဲ့တယ်ဆိုတာ ပိုသိလာတယ်"

"မင်းဘယ်လို ဆက်လုပ်မှာလဲ"

"ကြယ် စိတ်ဆင်းရဲမှာမျိုး ငါ တစ်ခုမှမလုပ်ချင်ဘူး ညီလေး"

"မင်း တကယ်ချစ်တတ်လာပြီပဲ မုန်တိုင်း"

မုန်တိုင်းမျက်နှာကို ကြည့်ပြီး ညီလေးလည်း စိတ်ချမ်းသာ။ အဝတ်အစားတွေက သေသပ်ပေမယ့် လူပုံက သိသာစွာ ချောင်ကျသွားသည်။ ရိတ်သင်ခြင်း ကင်းမဲ့နေသည့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေကြားက မုန်တိုင်းအသွင်[illegible]ချစ်မျိုး ထွင်ထားသလို ပိုကြည့်လို့ကောင်းနေပြန်သည်။

အလုပ်တွေကို မရပ်မနား လုပ်နေသည့်အတွက် ထမင်းမေ့၊ ဟင်းမေ့။ ကြယ့်ထံမှ ပို့ပေးသမျှ ထမင်း၊ ဟင်းတွေကို လုံးဝ မတို့မထိ။ ကြယ်နှင့် မုန်တိုင်းကြားမှာ ကောင်းမွန်နှင့်ညီလေးပဲ ဒိုင်ခံစိတ်ညစ်နေရသည်။ မုန်တိုင်းမိဘတွေက အိမ်မှာမရှိ။ နောက်ကြောင်း စိတ်အေးရပြီမို့ လင်မယားနှစ်ယောက်စလုံး ရိပ်သာ ဝင်သွားသည်။



မုန်တိုင်းတို့ လူငယ်တွေအဖြစ်ကို ဘာမှမသိ။

ကြယ်ကိုယ်တိုင်ကလည်း ညီလေးကတစ်ဆင့် ကွာရှင်းစာချုပ်ကို ပေးလိုက်ပေမယ့် အရင်လို လန်းလန်းရွှင်ရွှင် အနေအထား မျိုးမဟုတ်။

"ကြယ့်ကိုကြည့်ရတာ နေသိပ်မကောင်းဘူးထင်တယ် မုန်တိုင်း၊ အိမ်ကိုပြန်ပြီး ကြယ့်အနားမှာနေပြီး စောင့်ရှောက်မှဖြစ်မယ်"

"ဖြစ်မယ်မထင်ပါဘူးကွာ၊ ကြယ်က ငါ့ကို"

"မင်းကို ကြယ် ချစ်ပါတယ်ကွာ"

"ကြယ့်အပေါ်မှာ ငါက အတ္တကြီးခဲ့တယ်လေ"

"ကြယ်ကို တကယ်ချစ်ရင် ကြယ့်မေတ္တာကို ရအောင် မင်းကြိုးစားရမှာပေါ့၊ အခုချိန်ကစပြီး မင်းအတ္တကို မေ့ထားလိုက်တော့"

ညီလေးစကားအဆုံးမှာ မုန်တိုင်း ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ ဆိုဖာတစ်လုံးပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ကြယ့်အမုန်းကို ငါမလိုချင်ဘူး ညီလေး"

"ငါပြောသလိုသာ လုပ်ပါ၊ မင်းလိုချင်တဲ့ ကြယ့်အချစ်ကိုပဲ ရရစေမယ်"

www.burmeseclassic.com

www.burmeseclassic.com



ညီလေးမျက်နှာကို မုန့်တိုင်း လှမ်းအကြည့်မှာ ညီလေးက မုန့်တိုင်းရင်တွင်းခံစားချက်ကို စာနာနားလည်စွာပြုံးလျက် ခေါင်းကို ဆတ်ခနဲညိတ်ပြသဖြင့် မုန့်တိုင်း သက်ပြင်းရှိုက်လိုက်၏။

◆ ◆ ◆



## အခန်း (၂၂)

ကြယ့်ရင်ထဲ ခံစားချက်မျိုးစုံကြောင့် လှုပ်ရှားတုန်ရီနေ၏။ ဘယ်လိုပဲ တိုင်းကို ဥပေက္ခာပြု ကျောခိုင်းဖို့ ကြိုးစားသည်ဆိုပေမယ့် တကယ်တမ်း တိုင်းအပေါ်ထားသည့် ကြယ့်ရင်ထဲက ချစ်မေတ္တာအတိမ်အနက်ကို ကြယ်သာလျှင်အသိဆုံး ဖြစ်သည်။ တိုင်းကို ဘယ်လောက်ပဲ မချစ်နိုင်ပါဟုပြောပြော ကြယ့်ရင်ခုန်သံ တိုင်းကတော့ တိုင်းမှတစ်ပါး တခြားမရှိတာ သေချာပါသည်။ ကြယ့်ဘဝမှာ တိုင်းကိုချစ်မိသည့်အချစ်မျိုးနှင့် နောက်ထပ်တစ်ယောက်ကို ချစ်နိုင်တော့မည်မဟုတ်။ တိုင်းသာလျှင် ကြယ့်နှလုံးသားမှ သူ့အလိုလို ပေါက်ဖွားရှင်သန်လာသော အချစ်စစ် အချစ်မှန်ဖြစ်သည်။

ဖြစ်ချင်တော့ ဒီနေ့မှ ဖဲထုတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းမှုန်



www.burmeseclassic.com

www.burmeseclassic.com



တွေချည်း သိပ်သိပ်သည်းသည်း ကျနေသည်။ တိုင်းက ညဥ့်နက်နေ၍ ပတ်ဝန်းကျင်တစ်ခုလုံး စိမ့်အေးနေသည့်တိုင် အခုချိန်ထိ ခြံထဲက တက်မလာသေး။

အလုပ်က ပြန်ရောက်လာထဲကာ ဂစ်တာတစ်လက်နှင့် ခြံထဲမှာ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် တီးနေသည်။ ကြယ့်ဆီကိုလည်း မလာ၊ ခေါ်စိန်နှင့် အခေါ်လွှတ်ပြီး ညစာထမင်းစားဖို့ ခေါ်နိုင်းလို့လည်းမရ။ အုပ်ဆောင်းအောက်က ထမင်းဟင်းတွေသာ အေးစက်၍ အကြိမ်ကြိမ် ပြန်နွေးထားသော်လည်း အကြောင်းထ မထူး။

ကြယ်နှင့်မတွေ့ရသည့် ရက်တွေထဲမှာ တိုင်းပုံစံက သိသာစွာ ပြောင်းလဲသွားကြောင်း၊ တိုင်းလှုပ်ရှားမှုမှန်သမျှ တိုင်းမသိအောင် လိုက်ကြည့်နေသော ကြယ်ကိုယ်တိုင် မြင်တွေ့နေရသည်။

ကြယ့်မျက်ဝန်းထဲမှာတော့ တိုင်း ဘယ်လိုနေနေ အျ ရင်ခုန်နွေးထွေးစွာ ချစ်စရာ၊ မြတ်နိုးစရာဖြစ်နေတတ်တာကလည် အံ့ဩစရာပါ။ ကြယ့်အပေါ်မှာ တိုင်း ရက်စက်တာသိရက်နဲ့ တိုင် ဘာပြောပြော မနာကျင်နိုင်တာလည်း တိုင်းကို ချစ်မိသည့် အချ ကြောင့်ဖြစ်မည် ထင်ပါသည်။

"ကြယ်...ကိုယ့်ကိုချစ်တယ်လို့ မပြောမချင်း ထို





ဒီနေရာက မထတော့ဘူး"

တိုင်းစကားတွေ ပြန်ကြားတော့ မျက်ဝန်းအစုံကို ကြယ် မှိတ်လိုက်သည်။ မှုုးမြတ်မေဆိုတဲ့ တိုင်းချစ်သူကြောင့် တိုင်းကို ချစ်မိသည့် အချစ်တွေကို ကြယ့်ရင်ထဲမှာပဲ ထာဝရသိမ်းဆည်းထားဖို့ ဆုံးဖြတ်ချက်တွေက တိုင်းအချစ်တွေကြောင့် ပြိုယိုင်လဲရတော့မည် ထင်ပါသည်။

ကြယ်ဆိုတာ အစထဲက ဟန်ဆောင်ကောင်းတဲ့သူမှ မဟုတ်ပဲကွယ်။ ကြယ် တိုင်းကိုချစ်တယ်။ ဒါပေမဲ့ တိုင်းချစ်တဲ့ မေ့နေရာမှာ အစားထိုးအဖြည့်ခံအဖြစ်မျိုးတော့ မပိုချင်။

ကြယ့်စားပွဲက စာအိတ်အညိုရောင်ကြီးကို ကြယ် ကြည့်လိုက်သည်။ ထိုစာအိတ်ထဲမှာ ကြယ့်အမည်နှင့် ကိုက်တစ်လုံးကားတစ်စီး ဝယ်ထားသည့်စာချုပ်တွေ ရှိနေခြင်းက ကြယ့်အပေါ်ထားရှိသည့် တိုင်းရဲ့ အချစ်နဲ့ တိုင်းရဲ့ မာနကို ဖော်ပြနေသည်။

"ဟော"

အပြင်မှာ မိုးခပ်ဖွဲဖွဲကျလာ၏။

စိမ့်အေးနေသော ဆောင်းနှင်းထဲမှာ အချိန်အခါမဟုတ်ရွာသောမိုးကြောင့် တိုင်းရှိရာ အလန့်တကြား ကြယ် လှမ်းကြည့်မိသွားသည်။ တိုင်းက ဂစ်တာအတီးမပျက်။ မိုးက တဖြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြောက်ကျရာက ဝိုစီပ်လာသည်။

ကြယ် ဖုန်းကို ကောက်ယူလိုက်၏။

"ပြောပါ"

တိုင်းအသံက ချိုရှရှ ခပ်သဲ့သဲ့။ လိုက်ကာနောက်ကွယ်က လှမ်းကြည့်ရင်း ရုတ်တရက် ကြယ် ဘာပြောရမှန်းမသိ။ နောက်မှ....

"မိုးတွေရွာနေပြီ"

ကြယ့်အသံက တိုးတိုးလေး။

"ရွာပလေ့စေ"

"ဟင်"

"ဒါပဲမဟုတ်လား"

"အို...မဟုတ်ဘူး၊ ဟို...ကြယ်...ကြယ်လေ"

"ဘာဖြစ်လဲ"

"ဟို...ကြယ် တိုင်းကိုချစ်ပါပြီ"

"ကြယ်"

လက်ထဲကကစ်တာကို မြက်ခင်းပေါ်ပစ်ချပြီး ထိုင်ရာက ဝုန်းခနဲထလိုက်သူက မုန်တိုင်း။

"ကြယ်"



သူထပ်ခေါ်ပေမယ့် ကြယ်က မထူးဘဲ ငြိမ်နေသဖြင့် အပေါ်ထပ်က ညအိပ်မီးပြာပြာလေး လင်းနေသည့် ကြယ့်အိပ်ခန်းရှိရာ ဖျတ်ခနဲမော့ကြည့်လိုက်၏။

ကြယ်ရယ်။

အဖြူရောင် ညဝတ်စုံဂါဝန်နှင့် ကြယ်က မုန်တိုင်းကို ပြတင်းမှာရပ်လျက် ဖုန်းနားထောင်ရင်း သူ့ကို ငေးကြည့်နေပုံက မုန်တိုင်းရင်ကို ခပ်ကြမ်းကြမ်း အခုန်မြန်သွားစေသည်။

"သိပ်ချစ်တယ် ကြယ်ရယ်၊ အခုချိန်ကစပြီး ကြယ်က ကိုယ့်ချစ်သူနော်"

"အင်း"

"ကိုယ့်ကိုချစ်လား"

"ချစ်...တယ်"

"ကိုယ့်ကို ကြယ် တစ်သက်လုံးမခွဲရဘူးနော်"

"တိုင်း ကိုယ်ပေါ်မှာ မိုးတွေရွာနေပြီ"

"အောက်ကိုဆင်းလာခဲ့"

"ဘာလုပ်ဖို့လဲ"

"သီချင်ရင်ဆင်းခဲ့လေ"

"မိုးတွေရွာနေတာကို"

www.burmeseclassic.com

www.burmeseclassic.com



"ကြယ်အလာကို ကိုယ်စောင့်နေမယ်"

"တိုင်း"

ဖုန်းလိုင်းပြတ်တောက်သွားသလို မုန်တိုင်းကိုက အမှောင်ရိပ်ထဲ တိုးဝင်ပျောက်ကွယ်သွားသဖြင့် မမြင်ရတော့ပါ။ လက်ထဲက ဖုန်းကို ပစ်ချပြီး ကြယ် အပေါ်ထပ်က တအားပြေးဆင်းခဲ့တာ တိုင်းအတွက် စိုးရိမ်လို့ပါ။

ကြယ် အိမ်အပြင်ရောက်သွားတော့ မိုးက ရွာနေသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး စိုစွတ်စိမ့်အေးနေဆဲ။

"တိုင်း"

တိုင်းအမည်ကို အမှောင်ထဲ လှမ်းခေါ်ပြီး ခေါ်ကြည့်ပေမယ့် ထူးသံမကြားရ။

"တိုင်း"

"တိုင်းရေ"

"ကိုယ်...ဒီမှာ"

"အို"

ကြယ် တစ်ကိုယ်လုံး အေးစက်စိုရွှဲနေသော တိုင်းရင်ခွင်ထဲ ရွေ့ခနဲ မြောက်ပါသွားသည်။

"မိုးရေစိုမှာ သိပ်ကြောက်တဲ့ကောင်မလေးကို မိုးရေရှိ





နိုင်းမလို့"

"တိုင်းနော်"

နှစ်ယောက်စလုံး မိုးရေတွေရှိအနေစ်မှာ မုန်တိုင်းက ကြည်နူးနှစ်သိမ့်စွာ ရယ်မောရင်း ကြယ့်ကိုယ်လေးကို သူ့ရင်ခွင်မှာ အတင်းကြပ်ဆုံး နှောင်ဖွဲ့ပါသည်။

"သွား...တိုင်းက လူဆိုး သိလား"

"ကဲ...ကဲ"

ကြယ့်လက်သီးဆုပ်လေးတွေက မုန်တိုင်းရင်ခွင်အနှံ့ ရောက်လာသည်။ ချစ်သူလက်သီးဆုပ်လေးများကို မြတ်နိုးစွာ ရှိုက်အနမ်းမှာ ကြယ်က မုန်တိုင်းကိုယ်ကို တွန်းဖယ်ရုန်းအထွက်

"ဟိတ်"

"တိုင်း"

"ဟာ"

"အမလေး"

မိုးရေချောပြီး နှစ်ယောက်သား လုံးထွေး၍ မြက်ခင်းပေါ် လုံးထွေးကျအသွား အလန့်တကြား တစ်ယောက်ကိုယ်တစ်ယောက် တင်းကြပ်စွာ ဖက်လိုက်မိကြသည်။

တိုင်းက ကြယ်အပေါ်မှာ စီးမိုးလျက်။ မိုးသည်းသည်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ယောက်မျက်လုံးထဲ တစ်ယောက် ခပ်နက်နက်စိုက်ကြည့်မိကြသည်။

"သိပ်ချစ်တယ် ကြယ်ရယ်"

လှပသော ကြယ်မျက်နှာပေါ် တိုင်းမျက်နှာက အုပ်မိုးသွားသည်။

"တိုင်း"

"အိုကွယ်"

တင်းကျပ်သော နှောင်ဖွဲ့မှုအောက်မှာ စကားသံလေးတွေ ထူးဆန်းစွာ ပျောက်ဆုံးသွားသလို တဖွဲဖွဲရွာသွန်းနေသော မိုးရေစက်တွေအောက်မှာ နွေးထွေးနူးညံ့သည့် မေတ္တာစစ်တို့မည်သည်ထာ ထာဝရ ရှင်သန်လှုပ်ခတ်လျက်။

[illegible]

ဆုအချယ်

www.burmeseclassic.com